ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**လောကကို ရှုကျင့်သူ**

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါး ဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)

၁၃၈၄ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၂ ရက်၊ စနေနေ့။ Saturday, 13 August 2022 ၁၀၈၂၆

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ရန်ပုံငွေလွှဲအပ်ခြင်းအခမ်းအနား ကျင်းပ

## လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ရည်ရွယ်ချက်အတိုင်း နိုင်ငံ၊ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ဒေသအလိုက် ပြည်သူတို့၏ လူမှုစီးပွားဘဝနှင့် စီးပွားရေးမြှင့်တက်လာစေရေး ကြိုးပမ်းဆောင်ရွက်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ချင်းပြည်နယ်ဝန်ကြီးချုပ်အား နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ထောက်ပံ့ငွေပေးအပ်စဉ်။

နေပြည်တော် ဩဂုတ် ၁၂

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ကျပ်ဘီလီယံ ၄၀၀ ကို နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် သီးသန့်ရန်ပုံငွေတစ်ရပ်ထူထောင်ပြီး နိုင်ငံ့စီးပွားရေးမြှင့်တင်နိုင်ရေး အသုံးပြုနိုင်ရန် စီမံဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ရည်ရွယ်ချက်အတိုင်း နိုင်ငံ၊ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ဒေသအလိုက် ပြည်သူတို့၏ လူမှုစီးပွားဘဝနှင့် စီးပွားရေးမြှင့်တက်လာစေရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်းဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ ကျင်းပပြုလုပ်သည့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ရန်ပုံငွေလွှဲအပ်ခြင်းအခမ်းအနား၌ အမှာစကားပြောကြားစဉ် ထည့်သွင်းပြောကြားသည်။

### တက်ရောက်

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများနှင့် တိုင်းတို့မှ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

**ယနေ့ ဖတ်စရာ**

**မြန်မာနိုင်ငံ၏ ငလျင်ဘေးအန္တရာယ်**

ဆောင်းပါး စာမျက်နှာ | ၆

**တရုတ်ဆိုတာ တစ်နိုင်ငံတည်းပါ**

ဆောင်းပါး စာမျက်နှာ | ၁၁




# မလေးရှားနိုင်ငံခြားရေးဝန်ကြီး၏ ပြောကြားချက်များအပေါ် နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် ပြင်းထန်စွာကန့်ကွက်

### သတင်းထုတ်ပြန်ချက်

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ၈-၈-၂၀၂၂ ရက်နေ့က ကျင်းပခဲ့သည့် အာဆီယံနေ့အခမ်းအနားနှင့် ၁၀-၈-၂၀၂၂ ရက်နေ့တွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ကျင်းပခဲ့သည့် သတင်းစာရှင်းလင်းပွဲတွင် မလေးရှားနိုင်ငံခြားရေးဝန်ကြီး ဆိုင်ဖူဒင် အဗ္ဗဒူလာ၏ ပြောကြားချက်များအပေါ် နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် ပြင်းထန်စွာ ကန့်ကွက်ပါသည်။

မြန်မာနိုင်ငံအတွင်း အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်နေသည့် မတရားအသင်းအဖွဲ့များနှင့် ထိတွေ့ဆက်ဆံရန် အာဆီယံအဖွဲ့ဝင်များအား တိုက်တွန်းသည့် မလေးရှားနိုင်ငံခြားရေးဝန်ကြီး၏ တာဝန်မဲ့ပြောကြားချက်များအပေါ် ပြင်းထန်စွာကန့်ကွက်ပါသည်။ ယင်းကဲ့သို့ မဆင်မခြင်ပြောကြားချက်များသည် နိုင်ငံတွင်း မငြိမ်မသက်မှုနှင့် အကြမ်းဖက်လုပ်ရပ်များကို အားပေးရာရောက်သည့်အတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို

စာမျက်နှာ ၄ ကော်လံ ၁ သို့ ■

ကြေးမုံ

# မြေဆီစိုခိုက် သစ်ပင်စိုက် နိုင်ငံစိမ်းလန်းသာယာ

ကမ္ဘာကြီးသည် အစဉ်ပြောင်းလဲတိုးတက်နေသည်။ ကမ္ဘာလောက ဖွံ့ဖြိုးလာမှုနှင့်အတူ လူသားအကျိုးပြု၊ လူတို့အသုံးချဆောင်ရွက်မှုများသည် ကမ္ဘာကြီးအား ထိန်းညှိပေးထားသော ဂေဟစနစ်ကို ပျက်စီးထိခိုက်မှုများရှိလာသည်။ အကျိုးဆက်မှာ ပုံမှန်မဟုတ်သော ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်အမျိုးမျိုး ကမ္ဘာတစ်ဝန်းတွင် ကြုံတွေ့လာရခြင်းဖြစ်သည်။ အယ်လ်နီညို၊ လာနီညာအစွန်းထွက်သော ဖောက်ပြန်ရာသီဥတုဖြစ်စဉ်များ ဖြစ်ပေါ်လာသည်။

ကမ္ဘာ့ရာသီဥတု ပြောင်းလဲဖောက်ပြန်ခြင်းသည် ကမ္ဘာကြီးကို သဟဇာတဖြစ်အောင် ထိန်းညှိပေးထားသော ဖန်လုံအိမ်ကဲ့သို့ သဘာဝအာနိသင်များကို ပျက်စီးစေသည့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များ ပျက်ပြယ်သွားခြင်းမရှိဘဲ တစ်နေ့တခြား များပြားလာခြင်းသည် အဓိကကျသည့်အချက်တစ်ခုဖြစ်သည်။ ဖြစ်ပေါ်လာသော ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များ ပျက်ပြယ်သွားအောင် သစ်တောသစ်ပင်များက ဆောင်ရွက်ပေးလျက်ရှိသည်။ ယခုအခါ ကမ္ဘာပေါ်၌ သစ်တောသစ်ပင်များ လျော့နည်းလာခြင်း၏ အကျိုးရလဒ်ကို ကမ္ဘာ့ပြည်သူများ လက်တွေ့ရင်ဆိုင်ကြုံတွေ့နေကြရပြီဖြစ်သည်။

ကမ္ဘာ့ရာသီဥတု ပြောင်းလဲဖောက်ပြန်မှုကို တုံ့ပြန်ဆောင်ရွက်ရာ၌ သစ်တောသစ်ပင်များအခန်းကဏ္ဍသည် အလွန်အရေးကြီးသည်။ သစ်တောတစ်ဟက်တာသည် ကာဗွန်ပမာဏ ၅၃ ဒသမ ၂ မက်ထရစ်တန်ခန့် သိုလှောင်ထိန်းသိမ်းထားနိုင်ပြီး ကမ္ဘာပေါ်ရှိသစ်တောများသည် ကာဗွန်မက်ထရစ်တန် သန်းပေါင်း နှစ်သိန်းကျော်ကို သိုလှောင်ထိန်းသိမ်းထားနိုင်သည်။ တစ်နှစ်အတွင်း ကာဗွန်ဒိုင်အောက်ဆိုက်မက်ထရစ်တန် ၁၆ ဒသမ ၂ သန်းကျော်ကို စုပ်ယူပေးလျက်ရှိကြောင်း သစ်တောသုတေသန လေ့လာတွေ့ရှိချက်များအရ သိရှိရသည့်အတွက် သစ်တောသစ်ပင်ထိန်းသိမ်းစိုက်ပျိုးထူထောင်ရေးကို အလေးထားပြုလုပ်ကြရန်လိုအပ်သည်။

ထို့ကြောင့် ကမ္ဘာပေါ်ရှိနိုင်ငံများသည် သစ်တောသစ်ပင်များ ထိန်းသိမ်းရေး၊ ပြုစုပျိုးထောင်ရေးကို ဦးစားပေးလုပ်ကိုင်နေကြသည်။ "မြန်မာနိုင်ငံတစ်ဝန်း ယခုနှစ်မိုးရာသီတွင် သစ်ပင် ၃၀ ဒသမ ၅၇ သန်း စိုက်ပျိုးတည်ထောင်သွားရန် ရည်မှန်းထားသည့်အတိုင်း သက်ဆိုင်ရာဝန်ကြီးဌာနက ဇူလိုင်လအကုန်တွင် လျာထားချက်ပြည့်မီအောင် စိုက်ပျိုးပြီးဖြစ်သည့်အတွက် စိုက်ပျိုးပင်များ အောင်မြင်ရှင်သန်ရေးကို ဆက်လက်အားစိုက် ထိန်းသိမ်းဆောင်ရွက်သွားကြရန်" နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၂ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ပြောကြားခဲ့သည်။

သစ်တောသစ်ပင်များ စိုက်ပျိုးထိန်းသိမ်းခြင်းသည် သဘာဝပတ်ဝန်းကျင်ကို စိမ်းလန်းစိုပြည်လှပစေသည့်အပြင် ကမ္ဘာကြီး၏ ရာသီဥတုဂေဟစနစ်ကို ထိန်းသိမ်းပေးထားနိုင်သဖြင့် လူသားများအား အကျိုးကျေးဇူးများစွာဖြစ်ထွန်းသောကြောင့် ယခုနှစ်တွင် "မြေဆီစိုခိုက် သစ်ပင်စိုက်" ဆောင်ပုဒ်ပါအတိုင်း ပြည်သူလူထု ပူးပေါင်းပါဝင်မှုဖြင့် သစ်ပင်စိုက်ပျိုးပွဲများကို ကျင်းပအားပေးဆောင်ရွက်နေကြသည်။ သစ်ပင်စိုက်ပျိုးခြင်းသည် နိုင်ငံ၏သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစေရန်၊ နိုင်ငံတစ်ဝန်း စိမ်းလန်းစိုပြည်သာယာလှပစေရန်၊ ပြည်သူလူထုအတွက် အလုပ်အကိုင် အခွင့်အလမ်း စီးပွားဖွံ့ဖြိုးတိုးတက်ရေးတို့ကို အထောက်အကူပြုစေရန်၊ ကမ္ဘာကြီးပူနွေးလာမှုနှင့် ရာသီဥတုပြောင်းလဲဖောက်ပြန်မှုကို တုံ့ပြန်ဆောင်ရွက်နိုင်စေရန် ဆောင်ရွက်နေခြင်းဖြစ်သည်။

မျက်မှောက်ကာလတွင် အပူချိန်မြင့်တက်ခြင်းနှင့် မိုးရွာသွန်းမှုပုံစံ ပြောင်းလဲလာသည်ကို တွေ့ရမည်ဖြစ်သည်။ အကျိုးဆက်မှာ ဆိုင်ကလုန်းမုန်တိုင်းများ ပိုမိုတိုက်ခတ်လာနိုင်ခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်းစသည့်ရာသီဥတုပြောင်းလဲဖောက်ပြန်မှုများ ဖြစ်ပေါ်လာသည်။ အနောက်တောင်မုတ်သုံလေဝင်ရောက်မှုစောခြင်း၊ နောက်ကျခြင်းများရှိလာသည်။ မုတ်သုံလေဝင်ရောက်ချိန် ပုံမှန်ထက်နောက်ကျပြီး ဆုတ်ခွာချိန် ပုံမှန်ထက်စောလာသည့်အတွက် မုတ်သုံကာလ တိုတောင်းခြင်းများကြောင့် နိုင်ငံ၏စိုက်ပျိုးရေးလုပ်ငန်းများကို ထိခိုက်မှုများရှိလာနိုင်သည်။

ဥတုရာသီဂေဟစနစ်ကောင်းမွန်ရေးကို အထောက်အကူပြုနိုင်ရန်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၂၀၂၂ ခုနှစ်အတွင်း မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများကို မိုးကြိုကာလ၊ မိုးဦးကာလများမှ ယခုမိုးလယ်ကာလအထိဆက်လက်ဆောင်ရွက်လျက်ရှိသည်။ သို့ဖြစ်ရာ သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရေး၊ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေး၊ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်သာယာလှပရေးတို့အတွက် "မြေဆီစိုခိုက် သစ်ပင်စိုက်"ဆောင်ပုဒ်နှင့်အညီ သစ်ပင်စိုက်ပျိုးရေးကို ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်အောင် ဝိုင်းဝန်းကြိုးပမ်းကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## ၂၀၂၂ ခုနှစ် (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များ၊ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

(ဂ) အမိနိုင်ငံတော်ကို ချစ်မြတ်နိုးသည့်စိတ်ဓာတ် ပိုမိုထွန်းကားစေရန် ရိုးရာယဉ်ကျေးမှုအနုပညာများကို ဖော်ထုတ်ထိန်းသိမ်းပြီး မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်းပေးနိုင်ရေး၊

(ဃ) ထာဝရငြိမ်းချမ်းရေးကို ဖော်ဆောင်ရာတွင် ယဉ်ကျေးမှုကဏ္ဍမှ အထောက်အကူပြုနိုင်ရေး။




## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၂-၈-၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၆,၉၀၀ | ၇,၀၀၀ | ၁၅၆ | ၁,၀၉၁,၈၀၀ |
| MTSH | ၂,၄၅၀ | ၂,၄၅၀ | ၃,၄၂၇ | ၈,၄၀၀,၆၀၀ |
| MCB | ၆,၉၀၀ | ၆,၉၀၀ | ၃ | ၂၀,၇၀၀ |
| FPB | ၁၈,၀၀၀ | ၁၈,၀၀၀ | ၁၃ | ၂၃၄,၀၀၀ |
| TMH | ၂,၃၅၀ | ၂,၃၅၀ | ၀ | ၀ |
| EFR | ၂,၃၀၀ | ၂,၄၀၀ | ၄၉၉ | ၁,၁၄၈,၀၀၀ |
| AMATA | ၅,၀၀၀ | ၅,၀၀၀ | ၁ | ၅,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဩဂုတ် ၁၂

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၁၆၃.၅ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၃၁၁.၆၂ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၉.၃၉၈ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၇၂.၅၂ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၆.၃၅၆ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၄၉၃.၅ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၅၃၂.၂ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၅၇၄.၂ |
| (ည) တောင်ကိုရီးယားး | တစ်ရာဝမ် | = | ၁၆၀.၉၅ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။


ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန်စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်းသတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်မြသီတာနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ရန်ပုံငွေလွှဲအပ်ခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုဝန်ကြီး ဦးလှမိုးအား နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ထောက်ပံ့ငွေပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကယားပြည်နယ်ဝန်ကြီးချုပ်အား နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ထောက်ပံ့ငွေပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကရင်ပြည်နယ်ဝန်ကြီးချုပ်အား နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ထောက်ပံ့ငွေပေးအပ်စဉ်။

☆ ရှေ့ဖုံးမှ

## နိုင်ငံ့စီးပွားရေးမြှင့်တင်ရေးအတွက် စီမံဆောင်ရွက်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ရန်ပုံငွေလွှဲအပ်ခြင်းနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားရာတွင် နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး ဖော်ဆောင်ရာတွင် ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် ယခုအခမ်းအနားကို ပြုလုပ်ခြင်းပင်ဖြစ်ကြောင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ကျပ်ဘီလီယံ ၄၀၀ ကို နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် သီးသန့်ရန်ပုံငွေတစ်ရပ်ထူထောင်ပြီး နိုင်ငံ့စီးပွားရေးမြှင့်တင်နိုင်ရန်၊ အသုံးပြုနိုင်ရန် စီမံဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် လယ်ယာစီးပွားမြှင့်တင်ရေးနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ၏ စီးပွားရေးမြှင့်တင်ရေးဟူ၍ နှစ်မျိုးခွဲမြှင့်တင်ဆောင်ရွက်နိုင်ရန် စဉ်းစားဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

## ယခင်နှစ်များတွင် ရင်းနှီးမြှုပ်နှံငွေများ ထုတ်ပေးရေးအတွက် အခက်အခဲရှိခဲ့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ နိုင်ငံတော်တာဝန်များကို စတင်တာဝန်ယူစဉ် အစောပိုင်းကာလများ၌ နိုင်ငံရေးအရ ထိုးနှက်တိုက်ခိုက်မှုများ၊ စီးပွားရေးအရ တိုက်ခိုက်မှုများ များစွာရှိခဲ့ပြီး ဘဏ်လုပ်ငန်းများ ပုံမှန်လည်ပတ်မှုပျက်ယွင်းကာ နိုင်ငံ့စီးပွားရေး ပြိုလဲသွားစေလိုသည့် ရည်ရွယ်ချက်များဖြင့် လုပ်ဆောင်လျက်ရှိသည့် ပြည်တွင်း၊ ပြည်ပမှ အနှောင့်အယှက်မျိုးစုံကို ရင်ဆိုင်ကြုံတွေ့ခဲ့ရကြောင်း၊ ထို့ပြင် ကိုဗစ်–၁၉ ရောဂါဖြစ်ပွားမှုကြောင့်လည်း နိုင်ငံ့စီးပွားရေးထိခိုက်ခဲ့ရမှုရှိခဲ့ကြောင်း၊ ထို့ကြောင့် ယခင်နှစ်များက စီးပွားရေးဆောင်ရွက်နိုင်ရန် အရင်းအနှီးထုတ်ပေးရန်အတွက် အခက်အခဲများ ရှိခဲ့ခြင်းဖြစ်ကြောင်း။

## စီးပွားရေးနှင့် နိုင်ငံရေး

နိုင်ငံတိုးတက်ဖွံ့ဖြိုးရေးအတွက် စီးပွားရေးတိုးတက်အောင် ကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စီးပွားရေးနှင့် နိုင်ငံရေးသည် ဆက်စပ်လျက်ရှိပြီး စီးပွားရေးကောင်းမွန်မှသာလျှင် နိုင်ငံရေးသည်လည်း တည်ငြိမ်မည်ဖြစ်ကြောင်း၊ စီးပွားရေးတွင် ကုန်ထုတ်လုပ်မှုနှင့် ရောင်းဝယ်ဖောက်ကားခြင်းဟူ၍ရှိပြီး ထိုသို့ ဆောင်ရွက်နိုင်ရေးအတွက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက နှစ်စဉ်တွက်ချက်၍ စီမံကိန်းများ လျာထားချမှတ်ဆောင်ရွက်ရကြောင်း၊ မည်သည့်နိုင်ငံတွင်မဆို စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်အလိုက် ဘတ်ဂျက်ငွေများကို လျာထားဆောင်ရွက်ကြကြောင်း၊ မိမိတို့နိုင်ငံ၏ GDP ပမာဏသည် တစ်နှစ်ထက်တစ်နှစ် တိုးပွားလာသည်ကို တွေ့ရှိရကြောင်း၊ ငွေကြေးတန်ဖိုးပြောင်းလဲမှုများကြောင့် ပြောင်းလဲခြင်းနှင့် ထုတ်ကုန်ပစ္စည်း volume တက်လာခြင်းကြောင့်လည်း GDP တိုးပွားလာရခြင်းမျိုးရှိနိုင်ကြောင်း၊ ပြည်တွင်းစားသုံးမှုနှင့် ပြည်ပပို့ကုန်ကိုကြည့်၍ စဉ်းစားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်များအနေဖြင့် ချိန်ထိုးပြီး ဆောင်ရွက်ကြရန် မှာကြားနေခြင်းဖြစ်ကြောင်း၊ အမှန်တကယ်တိုးတက်မှု ရှိ မရှိကို စစ်ဆေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုတွင် Supply & demand မျှခြေရှိအောင် ဆောင်ရွက်ပေးရန်လိုအပ်မည်ဖြစ်ကြောင်း၊ သို့မဟုတ်ပါက ကုန်ဈေးနှုန်းကြီးမြင့်မှုကို ကြုံရမည်ဖြစ်ကြောင်း။

## စီးပွားရေးတွင် အဓိကကျသည့် ကုန်ထုတ်လုပ်မှုကို မြှင့်တင်ဆောင်ရွက်

ထို့ကြောင့် စီးပွားရေးတွင် ကုန်ထုတ်လုပ်မှုသည် အဓိကကျသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ မိမိတို့သည် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို မြှင့်တင်ရမည်ဖြစ်သဖြင့် ယခုကဲ့သို့ နိုင်ငံ့စီးပွားရေးမြှင့်တင်ရေးရန်ပုံငွေအဖြစ် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ခဲ့ရာတွင် လျင်မြန်စွာ တိုးတက်အောင်မြင်နိုင်သည့် (Quick Win)နှင့် စိုက်ပျိုးရာသီနှင့်ကိုက်ညီမှုရှိသည့် နွေစပါးနှင့် ဆောင်းသီးနှံတို့ကို ထောက်ပံ့ပေးနိုင်မည့်အခြေအနေကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် နွေစပါးနှင့် နိုင်ငံ၏ အဓိကပြည်ပပို့ကုန်တစ်ခုဖြစ်သည့် ပဲတီစိမ်း စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်နိုင်ရန် ရန်ပုံငွေပေးအပ်ခြင်းဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ခြင်းဖြင့် အလုပ်အကိုင် အခွင့်အလမ်းများ များပြားလာမည်ဖြစ်ပြီး စိုက်ပျိုးမည့် တောင်သူများအနေဖြင့်လည်း ၎င်းတို့ရင်းနှီးမြှုပ်နှံမည့် ငွေကြေးများကို အခြားနေရာများတွင် ရင်းနှီးသုံးစွဲနိုင်မည်ဖြစ်ကြောင်း၊ အလုပ်အကိုင် အခွင့်အလမ်းရှိပါက ဝင်ငွေရမည်ဖြစ်ပြီး ပြည်တွင်းဝယ်လိုအား တက်လာမည်ဖြစ်ကာ ပြည်တွင်းရောင်းအားများလည်း တက်လာမည်ဖြစ်သဖြင့် ကောင်းမွန်သည့် လုပ်ငန်းလည်ပတ်မှုတစ်ခုပင်ဖြစ်ကြောင်း။

ယခုထုတ်ပေးသည့် ရန်ပုံငွေများသည် နိုင်ငံတော်မှ ရင်းနှီးငွေပေးအပ်ထားခြင်းဖြစ်ပြီး နောင်လာမည့်ရာသီတွင်လည်း ပြန်လည်ရရှိလာမည့် ၎င်းငွေကြေးကိုပင် ရင်းနှီးမြှုပ်နှံနိုင်ရန် ထပ်မံထုတ်ပေးနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ရင်းနှီးဆောင်ရွက်ရာတွင် ရောင်းကုန်ပစ္စည်းများဖြစ်စေရေး စဉ်းစားဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ ၎င်းမှတစ်ဆင့် ပြည်ပသို့တင်ပို့ရောင်းချ၍ နိုင်ငံခြားငွေ ပြန်ရရှိမည်ဖြစ်ပြီး ရရှိလာသည့်ငွေကြေးများကို နိုင်ငံခြားငွေ အသုံးပြု၍ တင်သွင်းရသည့် စိုက်ပျိုးရေးသွင်းအားစု သွင်းကုန်များနှင့် အခြားလိုအပ်သည့် သွင်းကုန်များကို တင်သွင်းရာတွင် အသုံးပြုသွားနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများအနေဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင် အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုကြောင်း၊ ယင်းနှင့် ဆက်စပ်၍ ဆန်စက်၊ ဆီစက်၊ ပဲခွဲစက်အစရှိသည့် SME လုပ်ငန်းများကိုလည်း လုပ်ငန်းလည်ပတ်မှုကောင်းမွန်အောင်မြင်စေရန် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အသုံးနှင့်အဖြုန်းကို စိစစ်ဆောင်ရွက်ကြစေလိုပြီး မလိုလားအပ်သည့် လေလွင့်မှုများမဖြစ်အောင် လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း။

## ပြည်တွင်းခရီးသွားလုပ်ငန်း မြှင့်တင်နိုင်ရေး

ထို့ပြင် စီးပွားရေးလုပ်ငန်းဆောင်ရွက်ရာ၌ ခရီးသွားလုပ်ငန်းသည် မီးခိုးမထွက်သည့် စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်ပြီး တိုင်းပြည်အတွက် အကျိုးရှိသည့် လုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ သယ်ယူပို့ဆောင်ရေး၊ တည်းခိုရေး၊ ဧည့်ခံရေး၊ ကျွေးမွေးရေး အပါအဝင် အခြားဆက်နွှယ်သည့် စီးပွားရေးများစွာရှိသဖြင့် စနစ်ကျနမှုရှိသည့် ခရီးသွားလုပ်ငန်းအဖြစ် ဆောင်ရွက်ပြီး အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက အဘက်ဘက်မှ တိုးတက်ဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်နေသည့် မိမိတို့ဒေသအတွင်းရှိ လမ်းပန်းဆက်သွယ်မှုများ ကောင်းမွန်စေရေး၊

စာမျက်နှာ ၄ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ချင်းပြည်နယ်ဝန်ကြီးချုပ်အား နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ထောက်ပံ့ငွေပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်အား နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ထောက်ပံ့ငွေပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်အား နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ထောက်ပံ့ငွေပေးအပ်စဉ်။

☆ စာမျက်နှာ ၃ မှ

လုံခြုံချောမွေ့စေရေး ဆောင်ရွက်ရန်လိုကြောင်း၊ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့ခြင်းဖြင့် ကုန်စည်စီးဆင်းမှုများ မြန်ဆန်ကောင်းမွန်လာပြီး ဒေသ၏စီးပွားရေးသည်လည်း ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ ယနေ့ နိုင်ငံ့စီးပွားရေးမြှင့်တင်မှု ရန်ပုံငွေပေးအပ်ခြင်းမှ ဆက်စပ်ဆောင်ရွက်နိုင်မည့် လုပ်ငန်းများစွာရှိသဖြင့် ယခုရန်ပုံငွေကို အကျိုးရှိရှိ အသုံးချစေလိုကြောင်း။

## ပြည်တွင်းအထည်လုပ်ငန်း

အလားတူ ပြည်တွင်းအထည်လုပ်ငန်းကိုလည်း အားပေးဆောင်ရွက်ကြစေလိုကြောင်း၊ ပြည်တွင်းဝါစိုက်ပျိုးမှုပမာဏသည် လုံလောက်မှုရှိသည်ဖြစ်သော်လည်း ဝါကို ပြည်ပပို့ပြီး ပြည်ပမှ ချည်ထည်များတင်သွင်းမှု များစွာရှိနေသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံ၌ အထည်လုပ်ငန်း၊ အထည်ရက်စက်မှုလုပ်ငန်း မြှင့်တင်နိုင်ရေးအတွက် စက်ကိရိယာများ၊ ကုန်ကြမ်းများ အဆင့်မြှင့်တင်ရေးကို ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပြီး ပြည်ပမှ တင်သွင်းနေရမှုများတွင် အစားထိုးနိုင်ရမည် ဖြစ်ကြောင်း။

ယနေ့ပြုလုပ်သည့် နိုင်ငံ့စီးပွားရေးမြှင့်တင်မှုကဏ္ဍတွင် စိုက်ပျိုးရေးကို အဓိကထားအခြေခံ၍ လုပ်ဆောင်ခြင်းဖြစ်ကြောင်း၊ ဘီလီယံ ၄၀၀ အနက် ကျန်ရှိငွေများကို အခြားလုပ်ငန်းများတွင် အသုံးပြုနိုင်ရေး ဆွေးနွေးတိုင်ပင်၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လိုအပ်ချက်ရှိသည့် ဒေသများအနေဖြင့်လည်း သီးခြားအစီအစဉ်ဖြင့် လိုအပ်ပါက တင်ပြနိုင်ကြောင်း၊ အချို့လုပ်ငန်းများသည် မြစိမ်းရောင်စီမံကိန်းဖြင့် ဆောင်ရွက်၍ရနိုင်မည်ဖြစ်ပြီး ဒေသတွင်း၌ ငွေကို တိုးပွားအောင် ဆက်လက်ဆောင်ရွက်နေရမည်ဖြစ်ကာ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းအတွက် မတည်ပေးခြင်းပင်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ထောက်ပံ့ငွေကို ပေးအပ်ရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦး၊သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ကချင်ပြည်နယ်၊ ကယား ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့မှ ဝန်ကြီးချုပ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်ဝန်ကြီးချုပ်အား နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ထောက်ပံ့ငွေပေးအပ်စဉ်။

များ၊ နာဂ၊ ဓနု၊ ပအိုဝ်း၊ ပလောင်၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့နှင့် “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း စီမံအုပ်ချုပ်ရေးအဖွဲ့တို့မှ ဥက္ကဋ္ဌများက အသီးသီး လက်ခံရယူကြသည်။

ထို့နောက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ရန်ပုံငွေထုတ်ယူသုံးစွဲမှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြသည်။

ယနေ့ပြုလုပ်သည့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ကျပ်ဘီလီယံ ၄၀၀ မှ ရန်ပုံငွေလွှဲအပ်မှုအနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မွန်ပြည်နယ်ဝန်ကြီးချုပ်အား နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ထောက်ပံ့ငွေပေးအပ်စဉ်။

ဆည်မြောင်းဝန်ကြီးဌာနသို့ ၁၇၀ ဘီလီယံ၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနသို့ ၆၀ ဘီလီယံ၊ မြစိမ်းရောင်စီမံကိန်းများ လွတ်လပ်စွာ ဆောင်ရွက်နိုင်ရန် ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်တို့သို့ ပြည်နယ်တစ်ခုလျှင် ၁၀ ဘီလီယံ၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်တို့သို့ ပြည်နယ်နှင့် တိုင်းဒေသကြီးတစ်ခုလျှင် ရှစ်ဘီလီယံ၊ နာဂ၊ ဓနု၊ ပအိုဝ်း၊ ပလောင်၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့နှင့် “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတို့သို့ ဒေသတစ်ခုလျှင် ငါးဘီလီယံ စသည်ဖြင့် လွှဲအပ်ပေးခဲ့ပြီး စုစုပေါင်း ငွေကျပ်ဘီလီယံ ၃၃၀ ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

■ **မလေးရှားမှ**

ပြောင်ပြောင်တင်းတင်း ချိုးဖောက်ရာရောက်ပြီး ယင်းပြောကြားချက်များသည် အာဆီယံပဋိညာဉ်စာတမ်း အပိုဒ်(၂) အပိုဒ်ခွဲ (င)နှင့်(စ) ကိုလည်းကောင်း၊ ကုလသမဂ္ဂ ပဋိညာဉ်စာတမ်း၏ အပိုဒ်(၂) အပိုဒ်ခွဲ(၇)ကိုလည်းကောင်း ချိုးဖောက်ရာရောက်ပါသည်။

တူညီဆန္ဒ(၅)ချက် အကောင်အထည်ဖော်သည့်လုပ်ငန်းစဉ်တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများမဟုတ်သည့်နိုင်ငံများကို ပါဝင်လာစေရန် ပြောဆိုချက်များသည် အာဆီယံ၏ အချက်အချာကျမှုကို လျော့ပါးစေပြီး၊ အာဆီယံဥက္ကဋ္ဌ၏အထူးကိုယ်စားလှယ်၏ လုပ်ဆောင်ချက်များကိုလည်း လမ်းကြောင်းလွဲမှားစေမည်ဖြစ်သည်။

အာဆီယံက မြန်မာနိုင်ငံသို့ လူသားချင်းစာနာမှုအကူအညီများ ပေးအပ်သည့်လုပ်ငန်းစဉ်များတွင် မြန်မာနိုင်ငံက ပူးပေါင်းပါဝင်ခြင်း မရှိကြောင်း မလေးရှားနိုင်ငံခြားရေးဝန်ကြီး၏ စွပ်စွဲပြောဆိုမှုသည် မြန်မာနိုင်ငံအနေဖြင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးအပ်ရေးဆိုင်ရာ အာဆီယံညှိနှိုင်းရေးဗဟိုဌာန (AHA စင်တာ) မှတစ်ဆင့် လူသားချင်းစာနာမှုအကူအညီများ ပေးအပ်ရာတွင် သိသာထင်ရှားသည့်တိုးတက်မှုများကို လျစ်လျူရှုရာရောက်ပြီး မြန်မာနိုင်ငံအစိုးရ၏ AHA စင်တာနှင့် ပူးပေါင်းဆောင်ရွက်နေသည့် ကြိုးပမ်းဆောင်ရွက်ချက်များကို အသိအမှတ်ပြုခြင်းမရှိသည့်အတွက် ပြင်းထန်စွာ ကန့်ကွက်ပါသည်။

မြန်မာနိုင်ငံ၌ ငြိမ်းချမ်းတည်ငြိမ်မှုကို အမှန်တကယ်တွေ့မြင်လိုသည့်ဆန္ဒရှိသည့် မည်သည့်အာဆီယံအဖွဲ့ဝင်နိုင်ငံမဆို မြန်မာနိုင်ငံ၌ အမျိုးသားပြန်လည်သင့်မြတ်ရေးကို ဆိုးရွားစွာထိခိုက်စေမည့် ယခုကဲ့သို့ပြောကြားချက်မျိုးကို ရှောင်ရှားသင့်ပါသည်။ သို့ပါ၍ မလေးရှားနိုင်ငံခြားရေးဝန်ကြီးမှ အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်သည့် တာဝန်မဲ့ပြောကြားချက်များကို ထပ်ခါထပ်ခါ ပြောကြားနေမှုများအပေါ် နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် ပြင်းထန်စွာကန့်ကွက်ပါသည်။

မလေးရှားနိုင်ငံခြားရေးဝန်ကြီး၏ ပြောကြားချက်များနှင့် ပတ်သက်၍ မြန်မာနိုင်ငံက ပြင်းထန်စွာကန့်ကွက်ကြောင်း မလေးရှားနိုင်ငံခြားရေးဝန်ကြီးဌာနသို့လည်း ကန့်ကွက်စာပေးပို့ခဲ့ကြောင်း ဖော်ပြအပ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**ရက်စွဲ၊ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်**

❖ ကျောဖုံးမှ

လုပ်ငန်းကော်မတီဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ အကဲဖြတ်ပညာရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ယဉ်ကျေးမှုဟူသည့် အခန်းကဏ္ဍ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် နိုင်ငံတစ်နိုင်ငံ ဖြစ်တည်ပေါ်ပေါက်လာမှုနှင့် နှစ်ကာလများစွာ အရှည်တည်တံ့မှုဟူသော သမိုင်းကြောင်းများသည် ဖြစ်တည်ပေါ်ပေါက်လာခဲ့သည့် နိုင်ငံ၏ လုံခြုံရေး၊ စီးပွားရေး၊ ပညာရေးနှင့် ယဉ်ကျေးမှုရေးရာ အခန်းကဏ္ဍများအပြင် စည်းလုံးညီညွတ်မှုသည်လည်း ဆက်စပ်လျက်ရှိကြကြောင်း၊ ယဉ်ကျေးမှုဟူသည့် အခန်းကဏ္ဍကို ထပ်မံခွဲခြမ်းစိတ်ဖြာလျှင် ရုပ်ပိုင်းဆိုင်ရာယဉ်ကျေးမှုနှင့် စိတ်ပိုင်းဆိုင်ရာယဉ်ကျေးမှုတို့ ပါဝင်လျက်ရှိသည်ကို တွေ့မြင်သိရှိနိုင်ကြောင်း။

ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ဖြစ်သည့် ယူနက်စကိုအဖွဲ့ကလည်း ရုပ်ပိုင်းဆိုင်ရာ ဒြပ်ရှိယဉ်ကျေးမှုနှင့် စိတ်ပိုင်းဆိုင်ရာ ဒြပ်မဲ့ယဉ်ကျေးမှုဟု သတ်မှတ်ထားကြောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း၌ ဒြပ်ရှိ၊ ဒြပ်မဲ့ယဉ်ကျေးမှုပေါင်းမြောက်မြားစွာသည် သမိုင်းနှင့်ချီကာ တည်ရှိနေခဲ့ပြီးဖြစ်ကြောင်း။

မိမိတို့ မြန်မာနိုင်ငံသည် တိုင်းရင်းသားပေါင်းစုံ စုစည်းနေထိုင်ကြသည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ နေထိုင်ရာရေမြေဒေသသဘာဝကိုလိုက်၍ ဘာသာစကားများနှင့် ယုံကြည်သက်ဝင်သည့် ဓလေ့ထုံးတမ်းများ ကွဲပြားမှုများရှိသကဲ့သို့ တူညီသည်များလည်းရှိကြကြောင်း၊ အားလုံးအတွက် "ဘုံ" သဘောဆောင်သည့် တူညီမှုသည် မိမိနိုင်ငံ၊ မိမိလူမျိုး၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများကို အတူတကွ မြတ်နိုးထိန်းသိမ်းမှုဆိုသည့် အခြေခံစိတ်ဓာတ်ပင်ဖြစ်ကြောင်း။

နိုင်ငံအတွင်း စုစည်းနေထိုင်ကြသည့် တိုင်းရင်းသားတို့၏ ရိုးရာဂီတကို ဖန်တီးသော အခြေခံတူရိယာများသည် "ကြေး၊ ကြိုး၊ သားရေ၊ လေ၊ လက်ခုပ်" ဆိုသည့် မြန်မာတို့၏ မူလတူရိယာငါးပါးတွင် တစ်ထပ်တည်း ပါဝင်တူညီနေကြသကဲ့သို့ တိုင်းရင်းသားများ၏အက အခြေခံမူအားလုံးသည်လည်း "ခေါင်း၊ ခါး၊ ခြေ၊ လက်" ဆိုသည့် မြန်မာနိုင်ငံသားအားလုံး၏ အကအခြေခံစနစ်တွင် တစ်ထပ်တည်း အခြေတည်လျက်ရှိနေကြောင်း။

### တိမ်ကောစပြုလာ

၁၉၉၃ ခုနှစ်တွင် စတင်ခဲ့သည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးသည် ၂၀၁၆ ခုနှစ်တွင် ရပ်တန့်ခဲ့ကြောင်း၊ အကျိုးဆက်အားဖြင့် မျိုးဆက်သစ် လူငယ်လူရွယ်များအကြား မြန်မာ့ရိုးရာအမျိုးသားယဉ်ကျေးမှု အမွေအနှစ်များ တိမ်ကောစပြုလာခြင်း၊ ထိန်းသိမ်းပြန့်ပွားနိုင်သည့် ပညာရှင်များလျော့ပါးလာခြင်း၊ ရိုးရာယဉ်ကျေးမှုနှင့် ဖီလာဆန့်ကျင်သည့် လှုပ်ရှားမှုများ ခေါင်းထောင်လာရုံမျှမက ရိုးရာယဉ်ကျေးမှု၏ အမွေအနှစ်အချို့ကို ပညာရှင်ကြီးများ စိတ်မချမ်းမသာဖြစ်ရသည်အထိ ထိပါးသွေးတိုးစမ်းခြင်းများရှိလာကြောင်း၊ အနုသုခုမယဉ်ကျေးမှုနှင့် မိရိုးဖလာဓလေ့ထုံးတမ်းများသည် အပြန်အလှန် အမှီသဟဲပြု၍ ပေါ်ပေါက်လာခဲ့ခြင်းဖြစ်ကြောင်း၊ ရိုးရာယဉ်ကျေးမှုအနုသုခုမများ မှေးမှိန်သွားသည့်အခါ နေ့စဉ်ဖြတ်သန်းရသည့် လူမှုဘဝများတွင် အပြန်အလှန်လေးစားမှု၊ ကြီးသူကိုရိုသေ၊ ရွယ်တူကိုလေးစား၊ ငယ်သူကိုသနားဆိုပြီး အလေးထားကြသည့် မိရိုးဖလာ ဂါရဝတရားများပါ ကွယ်ပျောက်လုနီးပါးဖြစ်လာခဲ့ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်၏ တာဝန်ဝတ္တရားများကို လွှဲပြောင်းတာဝန်ယူစဉ် ရှေ့လုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များချမှတ်ပြီး စနစ်တကျ ဆောင်ရွက်နေကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသည့် ဦးတည်ချက် ၉ ရပ်၏ လူမှုရေးဦးတည်ချက်များတွင် "တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့

> ❍ **အနုသုခုမယဉ်ကျေးမှုနှင့် မိရိုးဖလာဓလေ့ထုံးတမ်းများသည် အပြန်အလှန် အမှီသဟဲပြု၍ ပေါ်ပေါက်လာခဲ့ခြင်းဖြစ်ကြောင်း၊ ရိုးရာယဉ်ကျေးမှုအနုသုခုမများ မှေးမှိန်သွားသည့်အခါ နေ့စဉ်ဖြတ်သန်းရသည့် လူမှုဘဝများတွင် အပြန်အလှန်လေးစားမှု၊ ကြီးသူကိုရိုသေ၊ ရွယ်တူကိုလေးစား၊ ငယ်သူကိုသနားဆိုပြီး အလေးထားကြသည့် မိရိုးဖလာ ဂါရဝတရားများပါ ကွယ်ပျောက်လုနီးပါးဖြစ်လာခဲ့**

ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး" ဆိုသည့် ဦးတည်ချက်ကို တိကျစွာ ထည့်သွင်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

ထို့ကြောင့် မကျင်းပနိုင်ခဲ့သည်မှာ ကြာမြင့်ပြီဖြစ်သည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ဆောင်ရွက်နေသည့် ဦးတည်ချက်နှင့်အညီ (၂၃)ကြိမ်မြောက်အဖြစ် ယခင်ကာလများကဲ့သို့ ခံ့ညားထည်ဝါစွာ ပြန်လည်ကျင်းပနိုင်ရန် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

### စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်

၂၀၂၂ ခုနှစ်၊ မေ ၅ ရက်က ကျင်းပသည့် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က "နိုင်ငံတော်အနေဖြင့် မကြာမီကာလတွင် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများကို ခမ်းခမ်းနားနား စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည့်အတွက် တာဝန်ရှိသူများအနေဖြင့် ကဏ္ဍပေါင်းစုံမှ ပါဝင်သင့်ပါဝင်ထိုက်သူများ ပါဝင်နိုင်ရေးနှင့် ပြိုင်ပွဲများတွင် တရားမျှတမှုရှိအောင် ကြိုတင်စီမံဆောင်ရွက်ထားရှိရန်" ဟု လမ်းညွှန်မှာကြားခဲ့ကြောင်း၊ ထို့ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို တာဝန်ယူ ကျင်းပဆောင်ရွက်ကြမည့် လုပ်ငန်းကော်မတီနှင့် ကော်မတီ၊ ဆပ်ကော်မတီများတွင် တာဝန်ယူဆောင်ရွက်ကြရသူများအနေဖြင့် ရရှိထားပြီးဖြစ်သည့် အတွေ့အကြုံ အရည်အချင်းများကို အခြေတည်ပြီး စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ပါဝင်သင့်ပါဝင်ထိုက်သူများ ပါဝင်နိုင်ပြီး ထူးချွန်ထက်မြက်ထိုက်တန်သူများကို ထိုက်တန်သည့်အလျောက် ချီးမြှင့်နိုင်ရန် ဝိုင်းဝန်းပံ့ပိုးကြိုးပမ်းကြရမည်ဖြစ်ကြောင်း။

### ထည့်သွင်းကျင်းပရန် စီစဉ်ထား

ယခုနှစ် ကျင်းပမည့် (၂၃)ကြိမ်မြောက် ပြိုင်ပွဲကြီးတွင် ယခင်နှစ်များနည်းတူ အဆိုဘာသာရပ်အနေဖြင့် ပြိုင်ပွဲအမျိုးအစား(၃)ခု၊ အကဘာသာရပ်အနေဖြင့် ပြိုင်ပွဲအမျိုးအစား (၈)ခု၊ အရေးဘာသာရပ်အနေဖြင့် ပြိုင်ပွဲအမျိုးအစား(၁)ခုနှင့် အတီးဘာသာရပ်အနေဖြင့် ပြိုင်ပွဲအမျိုးအစား (၁၃)ခုတို့ကို ထည့်သွင်းကျင်းပရန် စီစဉ်ထားကြသည်ကို သိရကြောင်း။

အကပြိုင်ပွဲတွင် တိုင်းရင်းသားရိုးရာ အကပြိုင်ပွဲအနေဖြင့် မွန်ရိုးရာအကကို စုပေါင်းပါဝင်ယှဉ်ပြိုင်ကြရမည်ဖြစ်သည့်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားညီအစ်ကို မောင်နှမများအချင်းချင်း တစ်ဦး၏ ယဉ်ကျေးမှုအနုသုခုမပညာ၊ သီဆိုတီးမှုတ်မှု၊ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုနှင့် ဓလေ့ထုံးတမ်းများကို တစ်ဦးက လေ့လာသိရှိခွင့်၊ လေးစားလိုက်နာ ဆောင်ရွက်ခွင့်ရရှိမည်ဖြစ်ကြောင်း၊ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီး၏ ကောင်းမြတ်သည့် အစဉ်အလာတစ်ရပ်လည်းဖြစ်ကြောင်း။

မြန်မာ့အနုသုခုမသဘင်၏ နှုတ်မှုစွမ်းရည်ပညာရပ် အတတ်ပညာဖြစ်သည့် "ကွက်စိပ်" ပညာရပ်သည်လည်း တိမ်မြုပ်ပျောက်ကွယ်လုနီးပါးဖြစ်နေကြောင်း၊ ကွက်စိပ်ပြိုင်ပွဲကိုလည်း အစဉ်အလာမပျက် ဆက်လက်ထည့်သွင်း ယှဉ်ပြိုင်သွားဦးမည်ဟု သိရကြောင်း၊ အမြင့်သဘင်ဟု တင်စားသတ်မှတ်ခဲ့ကြသည့် မြန်မာ့ရုပ်သေးကြိုးဆွဲပညာသည် ဒေသတွင်းသာမက နိုင်ငံတကာအထိ ထိုးဖောက်နိုင်ခဲ့သည့် အနုပညာရပ်ဖြစ်ကြောင်း၊ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကြောင့် ရုပ်သေးပညာရှင် မျိုးဆက်သစ်ပေါင်းများစွာကို လက်ဆင့်ကမ်း မွေးထုတ်ပေးနိုင်ကြောင်း၊ နိုင်ငံတကာစိတ်ဝင်စားမှုနှင့်အတူ နိုင်ငံခြားဝင်ငွေရှာဖွေနိုင်သည့် အတိုင်းအတာတစ်ခုအထိ ထိုးဖောက်နိုင်ခဲ့ပြီဖြစ်ကြောင်း။

အထူးအားဖြင့် ယခု (၂၃)ကြိမ်မြောက်တွင် ဇာတ်သဘင်ပြိုင်ပွဲအဖြစ် ထည့်သွင်းယှဉ်ပြိုင်မည့် "ရာမာယဏ" ဇာတ်တော်ကြီးသည် အစဉ်အလာကြီးမားသည့် ဇာတ်တော်ကြီးဖြစ်ကြောင်း၊ ရာမာယဏဇာတ်တော်ကြီးကို မြန်မာသက္ကရာဇ် ၁၁၂၅ ခု၊ ဆင်ဖြူရှင်မင်းလက်ထက်မှစ၍ နန်းတွင်းရာမဇာတ်အဖြစ် စတင်ကပြခဲ့သည်ကို မှတ်သားသိရှိရကြောင်း၊ ရာမာယဏဇာတ်တော်ကြီးကို မြန်မာ့သဘင်၏ အနှစ်သာရဖြစ်သည့် ဆို၊ ငို၊ ပြော ပညာရပ်များ၊ မဟာဂီတဝင် တေးသီချင်းများ၊ ဇာတ်ပို့ဆိုင်းတီးချက်များဖြင့် ပါဝင်ယှဉ်ပြိုင်ကြလိမ့်မည်ဟု မျှော်လင့်ကြောင်း။

### ပူးပေါင်းညှိနှိုင်းဆောင်ရွက်

(၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကို နိုင်ငံတော်၏ ဂုဏ်သိက္ခာ၊ ပြိုင်ပွဲကြီး၏ ဂုဏ်သိက္ခာနှင့်လျော်ညီစွာ ထည်ဝါခံ့ညားစွာ ကျင်းပနိုင်ရေးအတွက် ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနား ကျင်းပရေးဆိုင်ရာကိစ္စရပ်များ၊ ပြိုင်ပွဲကျင်းပရေးဆိုင်ရာ ကိစ္စရပ်များ၊ ဆုချီးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များအပါအဝင် အခြားအုပ်ချုပ်ထောက်ပံ့မှုဆိုင်ရာ ကိစ္စရပ်များတွင် သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ရမည့် ပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများအနေဖြင့် ပွင့်လင်းစွာဆွေးနွေးပြီး ပူးပေါင်းညှိနှိုင်းဆောင်ရွက်နိုင်ရန် ဖိတ်ခေါ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဦးစီးကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဦးတည်ချက်များ၊ ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီဖွဲ့စည်းထားရှိမှုများနှင့် ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဦးစီးကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်းက ပြိုင်ပွဲကျင်းပရေးနှင့်ပတ်သက်သည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ ဆပ်ကော်မတီများမှ တာဝန်ရှိသူများနှင့် အကဲဖြတ်ပညာရှင်များက (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

---

# ကျောင်းနေအရွယ်ကလေးငယ်များအား နွားနို့တိုက်ကျွေးခြင်းအခမ်းအနား ကျင်းပ

ပုသိမ် ဩဂုတ် ၁၂

ဧရာဝတီတိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် Myanmar CP LIVESTOKE Co.,Ltd. တို့ ပူးပေါင်းဆောင်ရွက်သည့် ကျောင်းနေအရွယ်ကလေးများအား နွားနို့တိုက်ကျွေးခြင်း အခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲက ပုသိမ်မြို့ အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်း ရာပြည့်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အနောက်တောင်တိုင်းစစ်ဌာနချုပ် တပ်နယ်မှူး ပုသိမ်လေတပ်စခန်းဌာနချုပ်မှူး ဗိုလ်မှူးချုပ်ထွန်းဝင်းက ကျောင်းနေအရွယ်ကလေးများ အာဟာရပြည့်ဝသည့် အစားအစာများ စားသောက်ခြင်းဖြင့် ဉာဏ်ရည်ဖွံ့ဖြိုးခြင်း၊ ကိုယ်ခန္ဓာကြံ့ခိုင်သန်စွမ်းကျန်းမာခြင်းများ ရရှိစေမည်ဖြစ်ကြောင်း၊ အာဟာရပြည့်ဝသည့် နွားနို့သောက်သုံးခြင်း အလေ့အကျင့်ကောင်းများ ရရှိစေရန်အတွက် ကျောင်းနေအရွယ်ကလေးငယ်များအား နွားနို့တိုက်ကျွေးခြင်း အစီအစဉ်များကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့ ပူးပေါင်းပြီး ၂၀၁၂ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ကြောင်း၊ အသက်အရွယ်မရွေး ကောင်းမွန်သန့်စင်သည့်နို့ကို သောက်သုံးနိုင်မည်ဆိုပါက ကျန်းမာကြံ့ခိုင်သည့် လူသားအရင်းအမြစ်များ ရရှိနိုင်မှာဖြစ်ကြောင်း ပြောသည်။

ထို့နောက် အနောက်တောင်တိုင်းစစ်ဌာနချုပ် တပ်နယ်မှူး ပုသိမ်လေတပ်စခန်းဌာနချုပ်မှူး ဗိုလ်မှူးချုပ်ထွန်းဝင်းနှင့် တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများအား နွားနို့နှင့်ကြက်ဥများကို တိုက်ကျွေးခဲ့ကြသည်။ အခမ်းအနားသို့ ပုသိမ်လေတပ်စခန်းဌာနချုပ်မှူး ဗိုလ်မှူးချုပ်ထွန်းဝင်း၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်စွာလှိုင်၊ တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောလင်းခယ်၊



တိုင်းအဆင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ပုသိမ်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးလင်းကိုကိုနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။


**ခရိုင်(ပြန်/ဆက်)**

# မြန်မာနိုင်ငံ၏ ငလျင်ဘေးအန္တရာယ်


ဒေါက်တာယဉ်မျိုးမင်းထွေး-မိုး / ဇလ

မြန်မာနိုင်ငံသည် ငလျင်၊ ဆူနာမီ၊ ရေကြီးရေလျှံမှု၊ မြေပြိုမှု၊ ဆိုင်ကလုန်းမုန်တိုင်း၊ မိုးကြိုးပစ်ခြင်း၊ မိုးခေါင်ရေရှားခြင်း စသောသဘာဝဘေးအန္တရာယ်များကြောင့် ပျက်စီးဆုံးရှုံးမှုများကို တွေ့ကြုံခံစားနေရ၍ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများကို ထိခိုက်နစ်နာစေလျက်ရှိပါသည်။ သို့ဖြစ်ပါ၍ သဘာဝဘေးအန္တရာယ်များ ကျရောက်နိုင်ခြေရှိသည့် နေရာဒေသများကို ဆန်းစစ်လေ့လာထားပြီး ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားခြင်းဖြင့် ပျက်စီးဆုံးရှုံးမှုများ လျော့နည်းသွားအောင် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ သဘာဝဘေးအန္တရာယ်တစ်ခုဖြစ်သော ငလျင်လှုပ်ရှားမှုသည် လူနေမှုဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ငလျင်ဘေးအန္တရာယ်ကို အထူးဂရုပြုကြရန် လိုအပ်ပါသည်။ ဘူမိဗေဒ အထောက်အထားများအရ မြန်မာနိုင်ငံသည် ငလျင်လှုပ်ရှားမှုကို တွေ့ကြုံခံစားနေရသော နိုင်ငံတစ်နိုင်ငံဖြစ်ပြီး အတိတ်ကာလကလည်း အင်အားပြင်းငလျင်ကြီးများ လှုပ်ရှားခဲ့ခြင်းနှင့် ကမ်းရိုးတန်းဒေသများတွင် ဆူနာမီရေလှိုင်း ရိုက်ခတ်ခြင်းများ တွေ့ကြုံခံစားခဲ့ရပါသည်။ သို့ဖြစ်ပါ၍ ပြည်သူများအား ငလျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများနှင့် ကြိုတင်ပြင်ဆင်မှုများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးခြင်း၊ ငလျင်လှုပ်ရှားနိုင်သည့် အလားအလာများကို သုတေသနပြုလေ့လာဆန်းစစ်မှုများ ဆောင်ရွက်ခြင်းတို့ဖြင့် ငလျင်ဘေးအန္တရာယ်လျော့ပါးရေးများ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ငလျင်လှုပ်ရှားမှုများကို ဖြစ်ပေါ်စေသော အဓိကအကြောင်းရင်းကြီး နှစ်ရပ်ရှိရာ ပထမအကြောင်းရင်းမှာ မြောက်-အရှေ့မြောက်ဘက်သို့ ရွေ့လျားနေသည့် အိန္ဒိယမြေထုချပ် (India Plate)သည် ယူရေးရှားမြေထုချပ် (Eurasian Plate) ၏ အောက်သို့ ပျမ်းမျှအားဖြင့် တစ်နှစ်လျှင် လေးစင်တီမီတာမှ ခြောက်စင်တီမီတာနှုန်းဖြင့် ငုပ်လျှိုးဝင်ရောက်နေပြီး အဆိုပါ ငုပ်လျှိုးဝင်ရောက်နေသည့် Subduction Zone အစပိုင်းတစ်လျှောက်ရှိ Arakan Trench၊ Andaman Trench၊ Sumatra Trench နှင့် Java Trench များကြောင့်နှင့် ဒုတိယအကြောင်းရင်းမှာ အနောက်ဘက်ချင်းတောင်တန်း၊ ရခိုင်ရိုးမဒေသမှ အရှေ့ဘက် စစ်ကိုင်းပြတ်ရွေ့အကြားရှိ မြန်မာမြေထုချပ်ငယ်သည် ကပ္ပလီပင်လယ်ရှိ ဖြန့်ကြက်ဇုန်ရပ်ဝန်း (Andaman Spreading Zone)မှ ပျမ်းမျှခြင်းအားဖြင့် တစ်နှစ်လျှင် ၂ ဒသမ ၅ မှ ၃ ဒသမ ၀ စင်တီမီတာနှုန်းဖြင့် မြောက်ဘက်သို့ ဘေးတိုက်ရွေ့လျားမှု ဖြစ်စဉ်ကြောင့် စစ်ကိုင်းပြတ်ရွေ့နှင့်အတူ ဆက်စပ်ဖြစ်ပေါ်သော ဘေးတိုက်ပြတ်ရွေ့ (Strike-slip fault)များ ဖြစ်ပေါ်ခဲ့ခြင်းတို့ကြောင့် ဖြစ်ပါသည်။




မြန်မာနိုင်ငံတွင် ငလျင်လှုပ်ရှားမှု ဖြစ်ပေါ်စေသော ပြတ်ရွေ့များပြပုံ။




မြန်မာနိုင်ငံတွင် ၂၀၁၀ ပြည့်နှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း လှုပ်ရှားခဲ့သော ငလျင်ဗဟိုချက်များပြပုံ။

မြန်မာနိုင်ငံတွင် ငလျင်လှုပ်ရှားမှုကို ဖြစ်ပေါ်စေသော အဓိကသက်ရှင်ပြတ်ရွေ့ကြီးအဖြစ် စစ်ကိုင်းပြတ်ရွေ့အပြင် ကဘော်ပြတ်ရွေ့၊ ကျောက်ကြမ်းပြတ်ရွေ့၊ မိုးမိတ်ပြတ်ရွေ့၊ နန်းမပြတ်ရွေ့၊ ရွှေလီပြတ်ရွေ့၊ ဖာပွန်ပြတ်ရွေ့၊ မြောက်ဦးပြတ်ရွေ့ စသည့် ပြတ်ရွေ့များနှင့် ပြတ်ရွေ့ငယ်များစွာ တည်ရှိနေပါသည်။

၂၀၁၀ ပြည့်နှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း လှုပ်ရှားခဲ့သော ငလျင်များကို ပြန်လည်ဆန်းစစ်ကြည့်ရာ စုစုပေါင်း ၈၅၇ ကြိမ် လှုပ်ရှားခဲ့ပြီး အင်အားအနည်းငယ်ရှိသောငလျင် ၇၆၂ ကြိမ်၊ အင်အားအသင့်အတင့်ရှိသော ငလျင် ၈၈ ကြိမ်နှင့် အင်အားပြင်းထန်သော ငလျင် ခုနစ်ကြိမ် လှုပ်ရှားခဲ့ရာ စစ်ကိုင်းတိုင်းဒေသကြီးသည် အခြားသော တိုင်းဒေသကြီးနှင့် ပြည်နယ်များထက် ငလျင်လှုပ်ရှားမှု ပိုမိုကြုံတွေ့နေရသည့်အပြင် မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင်လည်း ငလျင်လှုပ်ရှားမှုများ များပြားနေခြင်းနှင့် တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ငလျင်လှုပ်ရှားမှု အလွန်နည်းပါးသည်ကို တွေ့ရှိရပါသည်။

> ၂၀၁၀ ပြည့်နှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း လှုပ်ရှားခဲ့သောငလျင်များကို ပြန်လည်ဆန်းစစ်ကြည့်ရာ စုစုပေါင်း ၈၅၇ ကြိမ် လှုပ်ရှားခဲ့ပြီး အင်အားအနည်းငယ်ရှိသောငလျင် ၇၆၂ ကြိမ်၊ အင်အားအသင့်အတင့်ရှိသောငလျင် ၈၈ ကြိမ်နှင့် အင်အားပြင်းထန်သောငလျင် ခုနစ်ကြိမ် လှုပ်ရှားခဲ့ရာ စစ်ကိုင်းတိုင်းဒေသကြီးသည် အခြားသောတိုင်းဒေသကြီးနှင့် ပြည်နယ်များထက် ငလျင်လှုပ်ရှားမှု ပိုမိုကြုံတွေ့နေရသည့်အပြင် မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင်လည်း ငလျင်လှုပ်ရှားမှုများ များပြားနေခြင်းနှင့် တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ငလျင်လှုပ်ရှားမှု အလွန်နည်းပါးသည်ကို တွေ့ရှိရ

စစ်ကိုင်းပြတ်ရွေ့သည် မြန်မာနိုင်ငံ၏ မြို့ကြီးများဖြစ်သည့် စစ်ကိုင်း၊ မန္တလေး၊ မိတ္ထီလာ၊ သာစည်၊ ရမည်းသင်း၊ ပျဉ်းမနား၊ နေပြည်တော်၊ တောင်ငူ၊ ဖြူးနှင့် ပဲခူးမြို့များကို ဖြတ်သန်းသွား၍ အဆိုပါမြို့ကြီးများနှင့် အနီးတစ်ဝိုက်တွင် ငလျင်လှုပ်ရှားမှုကို တွေ့ကြုံခံစားရနိုင်ပါသည်။ အတိတ်ကာလ၏ သမိုင်းမှတ်တမ်းများအရ စစ်ကိုင်းပြတ်ရွေ့ကြောင့် လှုပ်ရှားခဲ့သော ငလျင်များသည် အင်အားများ၍ မြေပြင်ဗဟိုချက်အနက်တိမ်သောကြောင့် အခြားသောငလျင်များနှင့် နှိုင်းယှဉ်လျှင် ပျက်စီးမှု ပိုမိုများပြားပါသည်။ စစ်ကိုင်းပြတ်ရွေ့တစ်လျှောက်တွင် မြေပြင်ဗဟိုချက်အနက်တိမ်၍ အပျက်အစီးများသော သမိုင်းဝင်ငလျင်ကြီးများ လှုပ်ရှားခဲ့ပြီး ၂၀၂၂ ခုနှစ် ဇူလိုင်လ ၁၆ ရက်နေ့တွင် ကျောက်ဆည်မြို့အနီး အင်အားရစ်(ခ်)တာစကေး ၄ ဒသမ ၈ ဖြင့် လှုပ်ရှားခဲ့သော ငလျင်ငယ်သည်လည်း စစ်ကိုင်းပြတ်ရွေ့ကြောင့် လှုပ်ရှားခဲ့ရခြင်းဖြစ်ပြီး မြေပြင်ဗဟိုချက်အနက်တိမ်ခြင်း၊ လူနေထိုင်မှုများသော နေရာနှင့် နီးခြင်းတို့ကြောင့် ငလျင်လှုပ်ရှားခြင်းကို လူအများသတိပြုမိပြီး ပျက်စီးမှုလည်း အနည်းငယ်ရှိခဲ့ပါသည်။

မြန်မာနိုင်ငံတွင် ငလျင်လှုပ်ရှားမှုကို ပြတ်ရွေ့များ ရွေ့လျားမှုဖြစ်စဉ်များကြောင့် ဖြစ်ပေါ်သည်သာမက အိန္ဒိယမြေထုချပ်သည် မြန်မာမြေထုချပ်အောက်သို့ တိုးဝင်မှုဖြစ်စဉ်များကြောင့်လည်း ဖြစ်ပေါ်နိုင်ရာ မြေထုချပ်(Plate) ဟုခေါ်သော ကျောက်သားထုချပ်နှစ်ခုသည် တစ်ခုနှင့်တစ်ခု တွန်းတိုက်မိရာမှ တစ်ခုက အခြားတစ်ခုအောက်သို့ ငုပ်လျှိုးဝင်ရောက်ပြီး အပေါ်တစ်ခုသည် တွန်းတိုက်ခံရသည့်အတွက် တွန့်ခေါက်လာ၍ အဆိုပါ တွန်းတိုက်သည့်နေရာတွင် အားများ တဖြည်းဖြည်းစုစည်းမိလာကာ တစ်ချိန်တွင် စုစည်းမိသောအားများ (စွမ်းအင်များ) ရုတ်တရက် ရုန်းကန်၍ အဘက်ဘက်သို့ ပြန့်ထွက်သွားရာ လမ်းကြောင်းတစ်လျှောက်ရှိ ကြားခံအရာများအားလုံး တုန်ခါ၍ ငလျင်လှုပ်ခြင်းကို ဖြစ်ပေါ်စေပါသည်။

မြေထုချပ်တိုးဝင်မှုကြောင့် ဖြစ်ပေါ်သော ငလျင်များ၏ မြေပြင်ဗဟိုချက်သည် နက်သောကြောင့် ပြတ်ရွေ့များ ရွေ့လျားပြီး လှုပ်ရှားသော ငလျင်များလောက် ပျက်စီးမှုမရှိနိုင်သော်လည်း ဆောက်လုပ်ထားသော အဆောက်အအုံများသည် ဆောက်လုပ်ထားသည့် သက်တမ်းကြာမြင့်ခြင်းနှင့် ကြံ့ခိုင်မှုအားနည်းခြင်းတို့ကြောင့် မြေပြင်ဗဟိုချက်အနက်နက်သော အင်အားပြင်းငလျင်အချို့တွင် ပျက်စီးမှုများ ရှိနိုင်ပါသည်။ ငလျင်လှုပ်ရှားမှုသည် အခြားသော သဘာဝဘေးများကဲ့သို့ ကြိုတင်သိရှိနိုင်ခြင်း၊ သတိပေးနိုင်ခြင်း မရှိသည့်အတွက် မိမိတို့နေထိုင်သောဒေသများတွင် ငလျင်ဒဏ်ခံနိုင်သည့် အဆောက်အအုံများ တွက်ချက်ဆောက်လုပ်သင့်ပါသည်။

ငလျင်သည် ကြိုတင်မခန့်မှန်းနိုင်သော သဘာဝဘေးတစ်မျိုးဖြစ်သော်လည်း ယနေ့အချိန်တွင် ခေတ်မီဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ငလျင်ကြောင့် အတိတ်ကာလက ဖြစ်ပေါ်ခဲ့သောဖြစ်စဉ်များကို ပြန်လည်လေ့လာတွက်ချက်သည့် နည်းပညာ(Paleoseismology)ဖြင့် ငလျင်လှုပ်ရှားနိုင်သည့်အလားအလာအား

စာမျက်နှာ ၇ သို့ ☆

☆ စာမျက်နှာ ၆ မှ

လှုပ်ခတ်ပြီးခဲ့သည်မှာ နှစ်ပေါင်း ၉၀ ... 

လေ့လာနိုင်သည်ဖြစ်၍ ၂၀၁၁ ခုနှစ်တွင် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် မြန်မာနိုင်ငံငလျင်ကော်မတီ၊ ဂျပန်နိုင်ငံ ကျိုတိုတက္ကသိုလ်တို့နှင့် ပူးပေါင်း၍ ၁၉၃၀ ပြည့်နှစ်တွင် အင်အားပမာဏ ၇ ဒသမ ၃ ဖြင့် လှုပ်ရှားခဲ့သော ပဲခူးငလျင်ဖြစ်စဉ်ကို သုတေသနပြုလေ့လာခဲ့ကြရာ နှစ်ပေါင်း ၁၆၀ အတွင်း တစ်ကြော့ပြန်လှုပ်ရှားနိုင်ကြောင်း တွေ့ရှိခဲ့ရာ ယခုအခါ ငလျင်လှုပ်ခတ်ပြီးခဲ့သည်မှာ နှစ်ပေါင်း ၉၀ ကျော်ကြာလာပြီဖြစ်၍ အဆိုပါ ပဲခူးငလျင်ဖြစ်စဉ်ကို သိရှိထားပြီး ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားသင့်ပါသည်။

၁၉၃၀ ပြည့်နှစ် ငလျင်လှုပ်ရှားခဲ့စဉ်က ပဲခူးမြို့တွင် လူဦးရေ ၅၀၀ ခန့် သေဆုံးခဲ့ပြီး လူနေအိမ်အများအပြားပြိုကျ၍ ရန်ကုန်မြို့တွင်လည်း အဆိုပါ ပဲခူးငလျင်ကြောင့် လူနေအိမ်အချို့ပျက်စီးကာ လူငါးဦးခန့် သေဆုံးခဲ့၍ ရန်ကုန်မြို့အနေဖြင့်လည်း ပဲခူးငလျင်ဖြစ်စဉ်၏ တစ်ကြော့ပြန်လည်လှုပ်ရှားနိုင်သည့် အလားအလာအား သိရှိထားပြီး ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားသင့်သကဲ့သို့ ရခိုင်ပြည်နယ် စစ်တွေမြို့အနီးတွင်လည်း သမိုင်းအထောက်အထားများအရ ၁၇၆၂ ခုနှစ်က အင်အားပြင်းထန်သော ငလျင်ကြီးတစ်ခုလှုပ်ရှားခဲ့ပြီး အဆိုပါငလျင်ကြီးကြောင့် ဆူနာမိရေလှိုင်းများလည်း ဖြစ်ပေါ်ခဲ့ကြောင်း လေ့လာသိရှိရ၍ ယခုအခါ အဆိုပါနေရာတွင် ငလျင်လှုပ်ရှားခဲ့သည်မှာ နှစ်ပေါင်း ၂၆၀ ခန့်ရှိပြီဖြစ်၍ အဆိုပါဒေသအနီးတစ်ဝိုက်တွင်လည်း ၁၇၆၂ ခုနှစ်က လှုပ်ရှားခဲ့သည့် ငလျင်ဖြစ်စဉ်ကို သိရှိထားပြီး ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားသင့်ပါသည်။ သို့ဖြစ်၍ ငလျင်လှုပ်ရှားနိုင်သည့်ဒေသ (သို့မဟုတ်) ငလျင်ပြတ်ရွေ့ တည်ရှိရာဒေသတွင် နေထိုင်ကြသူများအဖို့ ငလျင်သတိအမြဲရှိနေကြရန်နှင့် ငလျင်လှုပ်ရှားမှုကြောင့် ထိခိုက်ဆုံးရှုံးမှုများ မရှိရစေရန် ကြိုတင်ပြင်ဆင်ထားမှုများ ပြုလုပ်ထားကြရမည်ဖြစ်၍ ငလျင်မလှုပ်မီ၊ ငလျင်လှုပ်စဉ်နှင့် ငလျင်လှုပ်ပြီးချိန်များတွင် ပြုလုပ်ကြရမည်များကို သိရှိထားရန် လိုအပ်ပါသည်။

**ငလျင်ကြီးများမလှုပ်မီ သဘာဝအလျောက် ကြိုတင်သိရှိနိုင်သည့်အခြေအနေများ**

(၁) ငလျင်မလှုပ်မီ တိရစ္ဆာန်များသည် ပုံမှန်မဟုတ်သော အပြုအမူများ ပြုမူအော်ဟစ်တတ်သည်ကို မြင်တွေ့ရခြင်း၊
(၂) ဆိုးဝါးသော အနံ့များရခြင်း၊
(၃) ရေတွင်းများ ပုံမှန်မဟုတ်ဘဲ ရေခန်းသွားခြင်း၊ ရေမျက်နှာပြင်မြင့်တက်လာခြင်းနှင့် အပူချိန်တိုးလာခြင်း၊
(၄) အကြိုငလျင်ငယ်များ လှုပ်ခြင်း၊
(၅) ငလျင်လှုပ်မည့် ဒေသအနီးတွင် တော်လဲသံများ ကြိုတင်ဖြစ်ပေါ်ခြင်း။

**ငလျင်မလှုပ်မီ ဆောင်ရွက်ရန်အချက်များ**

(၁) အခန်းတိုင်းတွင် လုံခြုံသောနေရာကို သိထားရမည်၊
(၂) လုံခြုံသောနေရာသို့ ဝင်ရန်၊ အကာအကွယ်ယူရန်၊ ဆွဲကိုင်ထားရန်တို့ကို လေ့ကျင့်ထားရမည်၊
(၃) အန္တရာယ်ရှိသော နေရာများကို သိထားရမည်၊
(၄) အိမ်ပြင်တွင်ရှိလျှင် လုံခြုံစိတ်ချရသောနေရာများကို သိထားရမည်၊
(၅) ထွက်ပြေးရန် လမ်းကြောင်းများ၊ အရန်ထွက်လမ်းများကို လေ့လာမှတ်ထားရမည်၊
(၆) ရေ၊ ဓာတ်ငွေ့နှင့် လျှပ်စစ်မီးတို့ကို အရေးပေါ် ဖြတ်တောက်နိုင်မည့် နေရာများကို သိထားရမည်။

**အရေးပေါ် လိုအပ်မည့်ပစ္စည်းများ**

(၁) စားစရာနှင့် သောက်ရေ၊
(၂) ရှေးဦးသူနာပြုပစ္စည်းနှင့် အရေးပေါ်ဆေးများ၊
(၃) ဓာတ်မီးနှင့် ဓာတ်ခဲအပိုများ၊
(၄) ခရီးဆောင်ရေဒီယိုနှင့်အရန်ဓာတ်ခဲ။

**ငလျင်လှုပ်ရှားစဉ် လုပ်ဆောင်ရန်အချက်များ**

(၁) မြေကြီး(သို့မဟုတ်)အဆောက်အအုံ တုန်ခါခြင်းကြောင့် ပြိုကျလာသည့် အကျိုးအပဲ့များ ထိခိုက်မည့် အန္တရာယ်မှ လွတ်ကင်းအောင် စာရေးခုံ၊ စားပွဲအောက်တွင် ချက်ချင်းအမြန်ဆုံးဝင်၍ ပုန်းလျှိုးနေရပါမည်၊
(၂) ပြိုကျနေသည့် အကျိုးအပဲ့များ၊ မြင့်မားသည့် ပရိဘောဂများ၊ ကြမ်းပြင်ပေါ်တွင် လျှောကျနိုင်သော (သို့မဟုတ်) မှောက်လဲနိုင်သော လေးလံသည့် အရာဝတ္ထုများကို သတိထားပါ၊
(၃) အပြင်ထွက်သော တံခါးပေါက်၊ ပြတင်းပေါက်များမှ ဝေးဝေးနေပါ၊
(၄) ငလျင်လှုပ်စဉ် အိမ်အပြင်သို့ ထွက်မပြေးပါနှင့်၊
(၅) မိမိသည် တိုက်အမြင့်ကြီး၌ နေထိုင်ပါက လှေကားများ (သို့မဟုတ်) ဓာတ်လှေကားများတွင် တိုးဝှေ့ခြင်းမပြုပါနှင့်၊
(၆) မိမိသည် လမ်းပေါ်သို့ ရောက်နေပါက အဆောက်အအုံများ၊ လျှပ်စစ်ကြိုးများနှင့် ဝေးကွာသော ကွင်းပြင်သို့ ရောက်ရှိရန် ကြိုးပမ်းရမည်၊
(၇) မိမိသည် ကားအတွင်းတွင်ရှိနေလျှင် ကားကိုစက်သတ်ရပ်ထား၍ ကားအတွင်း၌ပင် ဆက်နေပြီး တံတားများ၊ အဆောက်အအုံများနှင့် ဝေးဝေးနေရမည်၊
(၈) ပင်လယ်ကမ်းခြေ၊ နိမ့်သော မြစ်ကမ်းပါးတို့မှ ဝေးနိုင်သမျှ ဝေးဝေးနေပါ။ ဆူနာမိရေလှိုင်းကြီးများ ဝင်ရောက်လာနိုင်ပါသည်။


**ငလျင်လှုပ်ပြီးလျှင် လုပ်ဆောင်ရန်အချက်များ**

(၁) မိမိကိုယ်ကို အနာတရဖြစ်၊ မဖြစ် စစ်ဆေးပါ၊
(၂) နောက်ဆက်တွဲ ဖြစ်နိုင်သည့် အန္တရာယ်တို့ကို ကာကွယ်ပါ၊
(၃) ရှေးဦးသူနာပြုစုနည်းများဖြင့် ပြုစုပါ၊
(၄) အဆောက်အအုံတွင် ထိခိုက်မှုပမာဏကို စစ်ဆေးပါ၊
(၅) မီးဘေးအန္တရာယ်ကို တွက်ဆပါ၊
(၆) မီးခြစ် မသုံးပါနှင့်၊ မီးခလုတ်များကို ပိတ်ထားပြီး ဓာတ်မီးနှင့် ဘက်ထရီမီးတို့ကို သုံးပါ၊
(၇) ဓာတ်ငွေ့နံ့၊ ဓာတ်ဆီနံ့ စသည့် လောင်စာနံ့ရပါက အမြန်ဆုံး ထွက်ခွာပါ၊
(၈) နောက်ဆက်တွဲငလျင်များ လှုပ်နိုင်သည်ကို သတိပြုပြင်ဆင်ပါ။

**ငလျင်လှုပ်ပြီးနောက် နောက်ဆက်တွဲဘေးအန္တရာယ်များ**

(၁) နောက်ဆက်တွဲငလျင်များ၊
(၂) မြို့ပြမီးဘေးအန္တရာယ်၊
(၃) ရေကာတာကြီးများ ကျိုးပျက်၍ ရေကြီးခြင်း၊
(၄) တောင်ပြိုခြင်း၊ မြေပြိုခြင်း၊
(၅) ရွှံ့မီးတောင်များ ပေါက်ကွဲပန်းထွက်ခြင်း၊
(၆) ဆူနာမိရေလှိုင်း ဖြစ်ပေါ်ရိုက်ခတ်ခြင်း၊
(၇) ကောလာဟလ သတင်းလွှင့်ခြင်း။

ငလျင်သည် အခြားသော သဘာဝဘေးများကဲ့သို့ ဖြစ်ပေါ်နိုင်သောအချိန်၊ ကာလ၊ ရာသီမရှိဘဲ အချိန်အခါမရွေး ရာသီမရွေးဖြစ်ပေါ်နိုင်သော သဘာဝဘေးတစ်မျိုးဖြစ်၍ တွေးကြောက်နေရန်မလိုဘဲ အမှန်တကယ် ငလျင်လှုပ်ရှားမှုနှင့် ရင်ဆိုင်ကြုံတွေ့ရပါက ရင်ဆိုင်ဖြေရှင်းနိုင်ရန် ကြိုတင်ပြင်ဆင်မှုအစီအမံများ ဆောင်ရွက်ထားရန် လိုအပ်ပါသည်။ သို့ဖြစ်ပါ၍ ငလျင်လှုပ်ရှားမှုကို ဖြစ်ပေါ်စေသည့် ပြတ်ရွေ့များအနီးတစ်ဝိုက်နှင့် မြေထုချပ်တိုးဝင်မှုဖြစ်စဉ်များ ဖြစ်ပေါ်စေနိုင်သော ဒေသများတွင် နေထိုင်သူများအနေဖြင့် ငလျင်နှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားသင့်ပါကြောင်းနှင့် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည်လည်း ငလျင်ဘေးလျော့ပါးရေးနှင့်ပတ်သက်၍ ငလျင်ဆိုင်ရာ ဟောပြောပို့ချမှုများ၊ ကြိုတင်ဇာတ်တိုက်လေ့ကျင့်မှုများ ဆောင်ရွက်နေသည့်အပြင် နိုင်ငံတကာနှင့်လည်း ပူးပေါင်း၍ ငလျင်ဆိုင်ရာ သုတေသန စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း ရေးသားဖော်ပြအပ်ပါသည်။ ။



ငလျင်လှုပ်ရှားစဉ် လုပ်ဆောင်ရန်အချက်များ။



အရေးပေါ် လိုအပ်မည့်ပစ္စည်းများ။



ငလျင်မလှုပ်မီ ဆောင်ရွက်ရန်အချက်များ။



ငလျင်လှုပ်ပြီးလျှင် လုပ်ဆောင်ရန်အချက်များ။

# သက်ပြည့်အငြိမ်းစားနှင့် ကွယ်လွန်သူ ပညာရေးဝန်ထမ်းများ၏သားသမီးများကိုပါ ချီးမြှင့်ပေးမည်



**နေပြည်တော် ဩဂုတ် ၁၂**

၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သော ပညာရေးဝန်ထမ်းသားသမီးများ ဂုဏ်ပြုဆုချီးမြှင့်သည့် အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရုံးအမှတ်(၁၃) ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာဇော်မြင့်၊ ဦးဇော်ဝင်း၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဆုရကျောင်းသား ကျောင်းသူများ၊ ကျောင်းသားမိဘများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက ပညာရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှစ၍ တက္ကသိုလ်ဝင် စာမေးပွဲများတွင် အောင်မြင်ခဲ့ကြသည့် ပညာရေးဝန်ထမ်းသားသမီးများကို ဂုဏ်ထူးတစ်ဘာသာလျှင် ငွေကျပ်တစ်သိန်းနှုန်း၊ ရိုးရိုးအောင်မြင်သူတစ်ဦးလျှင် ငွေကျပ်ငါးသောင်းနှုန်း နှစ်စဉ်ဂုဏ်ပြု ချီးမြှင့်လျက်ရှိကြောင်း၊ ယခင်ပညာရေးဌာနတွင် လက်ရှိတာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများ၏ သားသမီးများကိုသာ ချီးမြှင့်ခဲ့ပြီး ယခု သက်ပြည့် အငြိမ်းစားနှင့် ကွယ်လွန်သူပညာရေး ဝန်ထမ်းများ၏ သားသမီးများကိုပါ ချီးမြှင့်ပေးမည်ဖြစ်ကြောင်း။

ယနေ့ အခမ်းအနားတွင် ခြောက်ဘာသာဂုဏ်ထူးရှင်များကိုသာ ဆုချီးမြှင့်မည်ဖြစ်ပြီး ကျန်ရှိသည့် ကျောင်းသားများအတွက် ဆုချီးမြှင့်ငွေများကို သတ်မှတ်နှုန်းထားများအတိုင်း သက်ဆိုင်ရာ ဦးစီးဌာနများနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များကို လွှဲပြောင်းပေးအပ်သွားမည် ဖြစ်ကြောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ကြသည့် လူငယ်များသည် မိမိတို့စိတ်ဝင်စားသည့် ဘာသာရပ်များကို မှန်ကန်စွာရွေးချယ်ပြီး အဆင့်မြင့်ပညာရပ်များကို ဆည်းပူးရတော့မည်ဖြစ်ကြောင်း၊ လူငယ်များတွင် ခိုင်မာသည့်ရည်မှန်းချက်များရှိရမည်ဖြစ်ပြီး ရည်မှန်းချက်များ အကောင်အထည်ဖော်နိုင်ရန် ဇွဲ၊ လုံ့လ၊ ဝီရိယတို့နှင့် တစိုက်မတ်မတ် သင်ယူလေ့လာကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

ယင်းနောက် ကျောင်းသားကျောင်းသူများက "ပြည်မြန်မာ" သီချင်းဖြင့် တေးသရုပ်ဖော် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ဒုတိယဝန်ကြီး ဒေါက်တာ ဇော်မြင့်၊ ဦးဇော်ဝင်းတို့က ဘာသာစုံဂုဏ်ထူးရှင်များကို ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။

ယင်းနောက် ဇမ္ဗူသီရိမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများက "အသီးတစ်ရာ အညှာတစ်ခု" သီချင်းဖြင့် တေးသရုပ်ဖော်ဖျော်ဖြေတင်ဆက်ကြသည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များက ဘာသာစုံဂုဏ်ထူးရှင်များအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။

ထို့နောက် ဇမ္ဗူသီရိမြို့နယ် အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများက "လူချွန်လူကောင်း" တေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် ဆုရရှိကြသူများကိုယ်စား ပဲခူးတိုင်းဒေသကြီး ပြည်မြို့ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းမှ မမေမြတ်သက်နွယ်က ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ဆက်လက်၍ ဇမ္ဗူသီရိမြို့နယ် အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများက "ဇာတိမာန်" သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး ပြည်ထောင်စုဝန်ကြီးဒေါက်တာညွန့်ဖေက တေးသရုပ်ဖော်သီဆိုဖျော်ဖြေ တင်ဆက်ကြသည့် ကျောင်းသား ကျောင်းသူများကို ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်ချီးမြှင့်သည်။

၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ပညာရေးဝန်ထမ်းသားသမီးများအနက် ခြောက်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်သူ ၄၅ ဦး၊ ငါးဘာသာဂုဏ်ထူးရရှိသူ ၈၄ ဦး၊ လေးဘာသာဂုဏ်ထူးရရှိသူ ၁၅၆ ဦး၊ သုံးဘာသာဂုဏ်ထူးရရှိသူ ၃၇၀၊ နှစ်ဘာသာဂုဏ်ထူးရရှိသူ၄၆၇ ဦး၊ တစ်ဘာသာဂုဏ်ထူးရရှိသူ ၁၇၂၁ ဦး၊ ရိုးရိုးအောင်မြင်သူ ၂၅၇၆ ဦး ရှိပြီး ဂုဏ်ထူးတစ်ဘာသာလျှင် ငွေကျပ်တစ်သိန်း၊ ရိုးရိုးအောင်မြင်လျှင် ကျပ်ငါးသောင်းဖြင့် ပညာရေးဝန်ထမ်းသားသမီး ၅၄၁၉ ဦး အတွက် ချီးမြှင့်ငွေကျပ် ၆၃၆ ဒသမ ၇၀၀ သန်းကိုပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ငလျင်ဘေး ဝေးပါစေ

☆ ခန့်မှန်းရန် ခက်နေသေးတဲ့
ငလျင်ဘေး ကြောက်မက်ဖွယ်၊
အချိန်အခါ နေရာမရွေးပါဘု
လူတွေကို ဒုက္ခပေးတာမို့
တွေးပူရတယ်၊
ပူရတဲ့ အန္တရာယ်၊
ကာကွယ်ဖို့ ပညာပေး။
ကြုံလာရင် မလန့်မထိတ်နဲ့
စိတ် ငြိမ်အောင်မွေး။

☆ တုန်ဟည်းကာ ငလျင်လှုပ်တော့
ကသုတ်ကရက် ချောက်ချားကာ၊
ဂနာမငြိမ် ဟိုသည်ပြေးရင်
ဘေးသင့်နိုင်တာ၊
ခိုင်ခံ့တဲ့ နေရာ
ဖွေရှာလို့ ခိုဝင်တော့။
လှုပ်ခတ်လာ ငလျင်ဘေးက
ကင်းဝေးတာပေါ့။

☆ သွားလာရာ အစဉ်တွေး
ငလျင်ဘေး ကြုံတွေ့ရင်၊
မီးတိုင်များရယ်နဲ့
အဆောက်အအုံ အကြိုအကြားကို
ရှောင်ရှားဖို့ပင်၊
အမြဲမပြတ် သတိယှဉ်
ကွင်းပြင်က နေရာကောင်း။
အရေးပေါ် ကယ်ဆယ်ရေးရယ်နဲ့
ကြိုတင်ကာ လေ့ကျင့်ပေးတယ်
ဘေးကင်းစေကြောင်း။ ။

ရေနံ့သာမောင်ကျော်ညွန့်

# ၂၀၂၂ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အခမ်းအနား ကျင်းပ



**နေပြည်တော် ဩဂုတ် ၁၂**

အနာဂတ်ကာလတွင် အသင့်ဖြစ်နေသော မျိုးဆက်သစ်လူငယ်များ၏ အရေးပါသည့် အခန်းကဏ္ဍကို အသိအမှတ်ပြု၍ လူငယ်များ ရင်ဆိုင်ကြုံတွေ့နေရသည့် စိန်ခေါ်မှုများ၊ အခက်အခဲများကို နိုင်ငံတကာအသိုက်အဝန်းက သိရှိနားလည်စေရန် ရည်ရွယ်ပြီး "၂၀၂၂ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အခမ်းအနား" ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ယနေ့ကမ္ဘာပေါ်တွင် လူဦးရေရှစ်ဘီလီယံခန့်ရှိရာ ကမ္ဘာ့လူဦးရေစုစုပေါင်း၏ ၁၈ ရာခိုင်နှုန်းခန့်သည် လူငယ်များဖြစ်ကြကြောင်း၊ အာဆီယံဒေသတွင်း လူဦးရေ ၆၅၄ သန်းအနက် ၃၄ ရာခိုင်နှုန်းသည် အသက် ၁၅ နှစ် မှ ၃၅ နှစ်ကြား လူငယ်များဖြစ်ကြကြောင်း၊ လူငယ်များသည် အနာဂတ်တွင် နိုင်ငံ့ခေါင်းဆောင်များ၊ နည်းပညာဆိုင်ရာ တီထွင်ဖန်တီးသူများ၊ ငြိမ်းချမ်းရေးဖော်ဆောင်သူများ၊ စွန့်ဦးတီထွင်သူများ၊ ဖွံ့ဖြိုးတိုးတက်မှုတို့ကို ဖော်ဆောင်ပေးနိုင်သည့် လုပ်သားအင်အားစုများ၊ လူ့စွမ်းအားအရင်းအမြစ်များဖြစ်ကြောင်း၊ တိုင်းပြည်၏ အခန်းကဏ္ဍများကို ပခုံးပြောင်းတာဝန်ထမ်းဆောင်မည့် လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံ့သားကောင်း လူငယ်များ ပေါ်ထွန်းလာစေရေးအတွက် စနစ်တကျပြုစုပျိုးထောင်ပေးရန် လိုအပ်ကြောင်း၊ ၂၀၀၉ ခုနှစ်တွင် ကုလသမဂ္ဂအထွေထွေညီလာခံကြီး၏ ဆုံးဖြတ်ချက်ဖြင့် ဩဂုတ် ၁၂ ရက်ကို အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အဖြစ် သတ်မှတ်၍ ကျင်းပလျက်ရှိကြောင်း၊ "သက်ရွယ်စုံညီ ကမ္ဘာသစ်ဆီ မျိုးဆက်အားလုံး ပူးပေါင်းပါဝင်ကူညီ" ဆိုသည့် ၂၀၂၂ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အတွက် ကုလသမဂ္ဂအဖွဲ့ကြီးက ချမှတ်ပေးထားသည့် ဆောင်ပုဒ်နှင့်အညီ ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များ ပြည့်မီနိုင်စေရေးအတွက် မျိုးဆက်သစ်များ အချင်းချင်းကြား ပူးပေါင်းပါဝင်ဆောင်ရွက်မှုနှင့် သက်ရွယ်စုံပါဝင်သည့် ပိုမိုကောင်းမွန်သော ကမ္ဘာကြီးကို ဖန်တီးပုံဖော်ပေးနိုင်ရေး ပိုမိုအရှိန်မြှင့်တင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံတွင် အလုပ်လုပ်နိုင်သည့် လူငယ်ဦးရေ အချိုးအစားများပြားခြင်းကြောင့် လူဦးရေဆိုင်ရာ ပညာရှင်များ၏အဆိုအရ မြန်မာနိုင်ငံသည် "လူဦးရေဆိုင်ရာ ဆုလာဘ်" ပိုင်ဆိုင်ထားခြင်းဖြစ်ပြီး အကျိုးရှိစွာ အသုံးချနိုင်မည်ဆိုပါက နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ လူငယ်များသည် နိုင်ငံတော်အတွက် တန်ဖိုးမဖြတ်နိုင်သော ကြီးမားသည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်မှာ ထူးခြားသည့် အင်အားစုတစ်ရပ်လည်းဖြစ်ပြီး အနာဂတ်ခေါင်းဆောင်များလည်း ဖြစ်ကြကြောင်း၊ ဘက်စုံထူးချွန်သော လူတော်လူကောင်းများ မွေးထုတ်ပေးခြင်းဖြင့် လူငယ်များ၏စွမ်းပကားဖြင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ဆောင်ပေးနိုင်မည်ဖြစ်ပြီး သက်ရွယ်စုံညီပါဝင်သော လူမှုစီးပွားဘဝသာယာဖွံ့ဖြိုးတိုးတက်သော သဟဇာတဖြစ်သော အနာဂတ်လူ့ဘောင်အဖွဲ့အစည်းအား ဖန်တီးပုံဖော်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိသည့် လူငယ်အားကစားသမား ၁၆ ဦးအား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံကလည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူ ငါးဦးအား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ဒုတိယဝန်ကြီး ဦးမျိုးလှိုင်ကလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ပြီး အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ် လူငယ်များဘက်စုံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းဆောင်ရွက်ချက် Video Clip ကို ပြသသည်။

ထို့နောက် လူငယ်များကိုယ်စား အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရရှိခဲ့သည့် မသီရိနန်းစံက လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးရန်အချက်များကို တာဝန်ရှိသူများထံ တင်ပြခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဖလား ဌာနပေါင်းစုံ ကြက်တောင်ရိုက်အားကစားပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၁၂

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဖလား ဌာနပေါင်းစုံ ကြက်တောင်ရိုက်အားကစားပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ညနေပိုင်းက ပျဉ်းမနား ပေါင်းလောင်းအားကစားခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦး၊ အမြဲတမ်းအတွင်းဝန် ဦးကျော်မင်းဦးနှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အရာထမ်း၊ အမှုထမ်းများ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ အကဲဖြတ်ဒိုင်များအဖြစ် တာဝန်ယူဆောင်ရွက်ပေးခဲ့ကြသည့် အားကစားပညာရှင်များနှင့် ဦးစီးဌာနအလိုက် နိုင်ငံ့ဝန်ထမ်း ကြက်တောင်ရိုက်အားကစားအသင်းများ တက်ရောက်ကြပြီး စိုက်ပျိုးရေးတက္ကသိုလ်အသင်းနှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအသင်းတို့၏ ဗိုလ်လုပွဲယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးကြသည်။



ထို့နောက်ဆုပေးပွဲကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက တံခွန်စိုက်ဆုဖလားရရှိသည့် စိုက်ပျိုးရေးတက္ကသိုလ်ကိုယ်စားပြုကြက်တောင်ရိုက်အားကစားအသင်းကို လည်းကောင်း၊ တစ်ဦးချင်းဆုများနှင့် အသင်းလိုက်ဆုများကို အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များက လည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ကြရာ ဆုရအားကစားသမားများနှင့် အသင်းခေါင်းဆောင်များက လက်ခံရယူကြသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဖလား ဌာနပေါင်းစုံ ကြက်တောင်ရိုက်အားကစားပြိုင်ပွဲကို ဩဂုတ် ၉ ရက်မှ ၁၂ ရက်အထိ လေးရက်ကြာ ကျင်းပခဲ့ပြီး ဦးစီးဌာနများ၊ တက္ကသိုလ်များတွင် တာဝန်ထမ်းဆောင်လျက်ရှိကြသည့် နိုင်ငံ့ဝန်ထမ်းများက သက်ဆိုင်ရာ ဌာနကိုယ်စားပြုအသင်းများအဖြစ် ပါဝင်ယှဉ်ပြိုင်ကြခြင်းဖြစ်ကာ အားကစားနှင့် ကာယပညာဦးစီးဌာနမှ အားကစားပညာရှင်များက အကဲဖြတ်ဒိုင်များအဖြစ် တာဝန်ယူဆောင်ရွက်ပေးခဲ့ကြခြင်းဖြစ်ကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရှိ နိုင်ငံ့ဝန်ထမ်းများ၏ ကိုယ်လက်ကျန်းမာကြံ့ခိုင်ရေးနှင့် စိတ်အပန်းပြေပျော်ရွှင်စေရေးတို့အတွက် ဝန်ထမ်းတိုင်း မိမိတို့ဝါသနာပါရာ အားကစားနည်းများဖြင့် ပါဝင်ယှဉ်ပြိုင်နိုင်ရေး၊ ဌာနအချင်းချင်းအကြား စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်မှု အားကောင်းလာစေရေးအတွက် အားကစားနည်းများအလိုက် ပြိုင်ပွဲများ ကျင်းပပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် သမဝါယမအသင်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်စေလို

နေပြည်တော် ဩဂုတ် ၁၂

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများနှင့်အတူ နေပြည်တော်ကောင်စီနယ်မြေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေသော တံတားတည်ဆောက်ရေးလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်သည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်နေသော ဒက္ခိဏခရိုင် လယ်ဝေးမြို့နယ် ပေါင်းလောင်း-ကြို့ပင်သာ စစ်တောင်းမြစ်ကူးတံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိပြီး စစ်တောင်းမြစ်ကူးတံတား တည်ဆောက်ရာတွင် တံတားခံနိုင်ဝန်၊ သတ်မှတ်အရည်အသွေး၊ စံချိန်စံညွှန်းပြည့်မီရေး၊ စီမံကိန်းများ သတ်မှတ်ဘဏ္ဍာနှစ်အတွင်း အောင်မြင်ပြီးစီးရေးမှာကြားကာ လုပ်ငန်းလိုအပ်ချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဗဟိုဝန်ထမ်းတက္ကသိုလ် တက်ရောက်အောင်မြင်ပြီး တံတားတည်ဆောက်ရေးလုပ်ငန်းခွင်သို့ လာရောက်လေ့လာကြသော ဦးစီးအရာရှိများနှင့် တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပေါင်းလောင်းနှင့် ကြို့ပင်သာကျေးရွာတို့မှ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ ဝင်ငွေတိုးပွားရေးအတွက် ဆောင်ရွက်နိုင်သည်များကို ဆွေးနွေးကြပြီး ပြည်သူများ၏ လိုအပ်ချက်များ တင်ပြမှုအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ပေါင်းလောင်း-ကြို့ပင်သာ စစ်တောင်းမြစ်ကူးတံတား တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရုံးပင်-အေးချမ်းသာ စစ်တောင်းမြစ်ကူးတံတား





တည်ဆောက်ရေးလုပ်ငန်းခွင်ကို စစ်ဆေးပြီး ရုံးပင်နှင့် အေးချမ်းသာကျေးရွာတို့မှ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် သမဝါယမစနစ်၊ သမဝါယမအသင်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်စေလိုကြောင်း၊ လိုအပ်သည့် အရင်းအနှီးများ၊ နည်းပညာ၊ လယ်ယာသုံးစက်ပစ္စည်းများ ကူညီပံ့ပိုးပေးမည်ဖြစ်ကြောင်း၊ ရေရရှိရေးအတွက် Solar စနစ်ဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် ကျေးလက်ထုတ်ကုန်များ ဈေးကွက်သို့ အချိန်မီ သယ်ပို့ထုတ်လုပ်နိုင်ရေး ကျေးလက်ကုန်ထုတ်လမ်းများ၊ ကျေးရွာချင်းဆက်လမ်းများ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ပေးနေကြောင်း ပြောကြားသည်။

**သတင်းစဉ်**

# အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်မှုဖြင့် CMP လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အားကောင်းစေမည်

ရန်ကုန် ဩဂုတ် ၁၂

အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရွှေလင်ပန်းစက်မှုဇုန်ရှိ CMP အထည်ချုပ်စက်ရုံများဖြစ်သည့် Shengjie (Myanmar) Co.,Ltd.၊ Zhehiang Tongli Clothing Co.,Ltd.၊ Gold Emperor(Myanmar) Co.,Ltd. စက်ရုံများသို့ သွားရောက်ပြီး လုပ်ငန်းခွင်တည်ငြိမ်အေးချမ်းရေး၊ ကုန်ထုတ်စွမ်းအားတိုးတက်ရေး၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးမှုများနှင့် စက်ရုံ၊ အလုပ်ရုံများဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့် ညွှန်ကြားချက်များကို စက်ရုံ၊ အလုပ်ရုံများမှ အကောင်အထည်ဖော်ဆောင်ရွက်မှုများကို ကြည့်ရှုအားပေးသည်။

ရှေးဦးစွာ စက်ရုံအစည်းအဝေးခန်းမ၌ စက်ရုံတာဝန်ခံများက စက်ရုံအတွင်းရှိ အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီ(WCC)ဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လုပ်ငန်းခွင် တည်ငြိမ်အေးချမ်းရေးအတွက် အလုပ်ရှင်၊ အလုပ်သမား လုပ်ငန်းခွင်ဆက်ဆံရေးကောင်းမွန်ရန် လိုအပ်ကြောင်း၊ ကုန်ထုတ်စွမ်းအားမြင့်မားစေရေးအတွက် ကျွမ်းကျင်လုပ်သားများ ပြုစုပျိုးထောင်နိုင်သည်နှင့်အမျှ ထုတ်ကုန်များကို အရည်အသွေးမီ၊ အချိန်မီထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း။



၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း အထည်ချုပ်အလုပ်အကိုင်ကို အဓိကဦးစားပေး၍ ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်သွားမည်ဖြစ်ရာ ၂၀၁၄ ခုနှစ်မှ ယခုအချိန်ထိ အလုပ်အကိုင် အမျိုး ၃၀ မှ အရည်အသွေးပြည့်မီသူ ၁၈၀၀၀ ကျော်ကို မွေးထုတ်ပေးနိုင်ခဲ့ပြီး အထည်ချုပ်အလုပ်အကိုင်အတွက် ကျွမ်းကျင်လုပ်သား ၅၈၀၀ ခန့်သာ မွေးထုတ်ပေးနိုင်ခဲ့ကြောင်း။

အလုပ်သမားရေးရာအငြင်းပွားမှုများ လျော့နည်းစေရေး အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီ(WCC)နှင့် အလုပ်သမားအဖွဲ့အစည်းများသည် အလုပ်ရှင်များနှင့် စဉ်ဆက်မပြတ်ထိတွေ့ပြီး မျှတသည့် အလုပ်သမားရေးရာ ဆက်ဆံမှုရှိရမည်ဖြစ်ကြောင်း ဆွေးနွေးမှာကြား၍ အလုပ်သမားကိုယ်စားလှယ်များ၏ တင်ပြချက်များကို စက်ရုံ၊ အလုပ်ရုံတာဝန်ခံများနှင့် ညှိနှိုင်းဆောင်ရွက်ပေးပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး ရွှေလင်ပန်းစက်မှုဇုန်ရှိ ကနောင်ခန်းမ၌ ကျင်းပသည့် Assessor Methology သင်တန်းဆင်းပွဲသို့ တက်ရောက်သည်။

သင်တန်းဆင်းပွဲတွင် ဒုတိယဝန်ကြီးက သင်တန်းဆင်းများသည် စာတွေ့၊ လက်တွေ့ ပူးပေါင်းဆောင်ရွက်ရန်လိုသဖြင့် Trial Test နှစ်ကြိမ်ပြုလုပ်ပြီး Chief Assessor နှင့် "စံ" သတ်မှတ်ရေးကော်မတီ၏ ထောက်ခံချက်ရရှိပါက Inspector၊ Assessor အဖြစ် အသိအမှတ်ပြုခံရမည်ဖြစ်ကြောင်း၊ Assessor ဖြစ်ပြီးပါက NSSA လုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ် ပူးပေါင်းပါဝင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

အဆင့်မြင့်ကျွမ်းကျင်လုပ်သားများ ကိုယ်တိုင်ကြီးကြပ်ဆောင်ရွက်ခွင့်ရ၍ သတ်မှတ်အရည်အချင်းပြည့်မီသူများကို စစ်ဆေးရေးမှူးများဖြင့် ဆက်လက်မွေးထုတ်နိုင်ရေး အလေးထားဆောင်ရွက်စေလိုကြောင်း၊ Assessor Methology သင်တန်းများ စီမံချက်ဖြင့် စက်မှုဇုန်အလိုက် ဖွင့်လှစ်ပေးရန်ရှိကြောင်း၊ အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်မှုဖြင့် CMP လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အားကောင်းစေမည်ဖြစ်ကြောင်း မှာကြားသည်။

**သတင်းစဉ်**

# တရုတ်ဆိုတာ တစ်နိုင်ငံတည်းပါ

မောင်မျိုးအောင်(ပန်းရော)

၂၀၂၂ ခုနှစ်တွင် ကမ္ဘာကြီးမှာ စစ်မီးသံများ ဆက်တိုက်ထွက်ပေါ်လာ၏။ ဖန်တီးသူ မီးပွားစပေးသူသည် တစ်ဦးတည်းသာဖြစ်သည်။ စစ်ငွေ့သန်းသည့်နေရာကို လေ့လာကြည့်လျှင် ကမ္ဘာကြီး၏ အနောက်ခြမ်းမှသည် အရှေ့ခြမ်းဆီသို့ ရွှေ့စပြုလာပါသည်။ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလတွင် ယူကရိန်းကို NATO အဖွဲ့ထဲသို့ ဝင်ရောက်နိုင်ရေးအတွက် ရှုရှားဖြင့် စစ်မီးမွှေးခဲ့၏။ ယခုအထိအဆုံးမသတ်နိုင်သေး။ ထို့အတူ ၂၀၂၂ ခုနှစ် ဩဂုတ်လ လဆန်းက တရုတ်နိုင်ငံ၏ အစိတ်အပိုင်းတစ်ခုဖြစ်သည့် ထိုင်ဝမ်ကျွန်းသို့ အမေရိကန်အောက်လွှတ်တော်ဥက္ကဋ္ဌ နန်စီပလိုစီရဲ့ ခရီးစဉ်ဖြစ်၏။ အနောက်ဘက်တွင် မီးစမွှေးခဲ့သဖြင့် စွမ်းအင်အစပြုသည့် ဂယက်တို့သည် အနောက်ကမ္ဘာတွင် အတော်လေး လှုပ်လှုပ်ခတ်ခတ် ခံစားနေရပြီဖြစ်၏။ ထိုင်ဝမ်အရေး၏ လှုပ်ခတ်မှုကားသည်ထက် ကမ္ဘာတွင် စီးပွားရေးအရ လှုပ်ခတ်မှုဖြစ်ပေလိမ့်မည်။ ကမ္ဘာ့နိုင်ငံအများစုနှင့် မြန်မာနိုင်ငံတို့ကပါ အမေရိကန်အောက်လွှတ်တော်ဥက္ကဋ္ဌ၏ ထိုင်ဝမ်ခရီးစဉ်ကို သဘောမတွေ့လှပါ။ ကမ္ဘာကြီးကို ငြိမ်းချမ်းသာယာစေချင်ပါသည်။ ထို့ကြောင့် တရုတ်တစ်နိုင်ငံတည်း မူဝါဒကို မြန်မာနိုင်ငံက အစဉ်တစိုက် လေးနက်စွာ ထောက်ခံခဲ့သည်။

မြန်မာနှင့် တရုတ်နိုင်ငံသည် နယ်နိမိတ်ချင်း ထိစပ်နေ၏။ ကီလိုမီတာပေါင်း ၂၂၀၀ ကျော်လောက် ထိစပ်နေသည့် နိုင်ငံဖြစ်၏။ ၎င်းအပြင် ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးမှုရှိပြီး နယ်စပ်တွင်နေသည့် တိုင်းရင်းသားတို့သည်လည်း တူညီမှုရှိ၏။ နှစ်နိုင်ငံနယ်စပ်ဒေသရှိ တိုင်းရင်းသားများသည် တိုင်းရင်းသားမျိုးနွယ်တူသာမက လူနေမှုစနစ်ပါ တူညီမှုရှိကြ၏။ သမိုင်းကြောင်းအရ တရုတ်-မြန်မာ နှစ်နိုင်ငံတို့အကြား သံတမန်ခင်း ဆက်ဆံရေးသည် အေဒီ ၈၀၂ ခုနှစ်တွင် မြန်မာနိုင်ငံမှ ပျူကိုယ်စားလှယ်အဖွဲ့က တရုတ်နိုင်ငံ ထန်မင်းဆက်လက်ထက် မြို့တော်ဖြစ်သည့် ချန်းအန်မြို့သို့ ချစ်ကြည်ရေးခရီး သွားရောက်သည့် အချိန်ကစသည်ဟု မှတ်တမ်းများ အရသိရပါသည်။ ထိုအချိန်မှစ၍ နှစ်နိုင်ငံဘုရင်များ အဆက်ဆက် ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးဖြင့် တရားဝင်ဆက်ဆံရေးကို ထူထောင်လာခဲ့သည်။ မြန်မာသက္ကရာဇ် ၆၄၀ ပြည့်နှစ် ပုဂံမင်း နရသီဟပတေ့နှင့် တရုတ်မွန်ဂိုဘုရင် ကူဗလိုင်ခန့်တို့ မပြေမလည်ဖြစ်ခဲ့ရာ ၎င်းကိစ္စကို ပြေလည်မှုရစေရန်အတွက် နရသီဟပတေ့မင်း၏ ဆရာတော် ရှင်ဒိသာပါမောက်သည် တရုတ်ပြည် ပီကင်းသို့သွားရောက်၍ ကူဗလိုင်ခန်နှင့်တွေ့ဆုံပြီး သံတမန်ရေးရာ ကျွမ်းကျင်လိမ္မာစွာ ဆောင်ရွက်နိုင်ခဲ့သည့် အောင်မြင်မှုများကိုလည်းတွေ့ရ၏။

၁၉ ရာစု အစပိုင်းတွင် အနောက်နိုင်ငံမှ နယ်ချဲ့များ တရုတ်နိုင်ငံသို့ စတင်ရောက်ရှိလာခဲ့ပြီး ထိုအထဲမှ ဗြိတိသျှတို့သည် တရုတ်နိုင်ငံသို့ ဘိန်းများ တင်သွင်းစေ၍ နိုင်ငံကို အင်အားချည့်နဲ့စေရန် ဆောင်ရွက်ခဲ့သည်။ ဘိန်းတင်သွင်းမှုကြောင့်လည်း ၁၈၄၁ ခုနှစ်မှ ၁၈၄၂ ခုနှစ်အထိ ပထမဘိန်းစစ်ပွဲ၊ ၁၈၅၆ ခုနှစ်မှ ၁၈၆၀ ပြည့်နှစ်အထိ ဒုတိယဘိန်းစစ်ပွဲတို့ကို ဆင်နွှဲခဲ့ရပြီး ၎င်းစစ်ပွဲများတွင် အရေးနိမ့်မှုမှသည် တရုတ်ဘုရင်တို့၏ဩဇာကျဆင်းခဲ့ရသည်။ ထို့အတူ မြန်မာနိုင်ငံတွင်လည်း အင်္ဂလိပ်-မြန်မာ စစ်ပွဲကြီးများ ဖြစ်ပွားနေသည့်ကာလဖြစ်သဖြင့် အိမ်နီးချင်းနှစ်နိုင်ငံ၏ သမိုင်းကြောင်းများလည်း နီးစပ်မှုရှိကြ၏။ မြန်မာနိုင်ငံသည် ၁၉၄၉ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံကို အသိအမှတ်ပြုသည့် ကြေညာချက်တစ်ရပ်အား ၁၉၄၉ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့တွင် ထုတ်ပြန်ခဲ့၏။ ထိုကဲ့သို့ မြန်မာနိုင်ငံ၏ တရုတ်နိုင်ငံအပေါ် ကြိုဆိုထောက်ခံခြင်းသည် အာရှတိုက်တွင် ပထမဆုံး အသိအမှတ်ပြုသည့် နိုင်ငံဖြစ်၏။




၁၉၄၅-၁၉၅၀ ပြည့်နှစ်အတွင်း တရုတ်နိုင်ငံ၏ နိုင်ငံရေးပြောင်းလဲမှုဖြစ်စဉ်တို့သည် မြန်မာနယ်စပ်နှင့် မြန်မာနိုင်ငံအတွင်းသို့ ရိုက်ခတ်မှုရှိ၏။ ထို့အတူပင် မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်စဉ် ဖြစ်ပေါ်ပြောင်းလဲမှုတို့သည်လည်း တရုတ်နိုင်ငံနယ်စပ်နှင့် တရုတ်နိုင်ငံအထိလည်း ရိုက်ခတ်မှုရှိခြင်းသည် ထူးခြားချက်များပင်ဖြစ်၏။ အမေရိကန်နှင့် အနောက်နိုင်ငံများ၏ထောက်ခံမှုဖြင့် ကူမင်တန်အစိုးရသည် ၁၉၇၁ ခုနှစ် မတိုင်ခင်အထိ တရုတ်နိုင်ငံ၏ တရားဝင်အစိုးရအဖြစ် ကမ္ဘာ့ကုလသမဂ္ဂတွင် နေရာရခဲ့သည်။ တရုတ်ပြည်မက ၁၉၇၁ ခုနှစ်တွင် ကုလသမဂ္ဂအဖွဲ့ဝင်ဖြစ်လာသောအခါမှ ကူမင်တန် (ထိုင်ဝမ်)အစိုးရသည် ကုလသမဂ္ဂအဖွဲ့ဝင်အဖြစ်မှ အလိုအလျောက် ပျက်ပြယ်သွားခဲ့သည်။ ၁၉၅၀ ပြည့်နှစ်ကာလအတွင်း တရုတ်ဖြူကူမင်တန်များသည် အမေရိကန်၏အကြံပေးမှုဖြင့် မြန်မာနိုင်ငံနယ်စပ်တွင်ခြေကုပ်ယူ၍ တရုတ်နိုင်ငံ ယူနန်နယ်အတွင်း ဝင်ရောက်တိုက်ခိုက်ပြီး လွတ်မြောက်နယ်မြေဖန်တီးရန်၊ ၎င်းမှတစ်ဆင့် တရုတ်ပြည်မကြီးအတွင်းအထိ တစ်စတစ်စ တိုက်ခိုက်သိမ်းပိုက်ရန် စီစဉ်ခဲ့ကြသည်။ ထို့ကြောင့်လည်း ယူနန်ပြည်ဘက်မှ တရုတ်ဖြူတပ်များသည် မြန်မာနိုင်ငံအတွင်း ကျူးကျော်ဝင်ရောက်လာခဲ့သည်။ တရုတ်ဖြူများ၏ ကျူးကျော်မှုသည် နယ်ချဲ့စီမံကိန်းအထိပါဝင်နေပြီး မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာကိုပါ ကျူးကျော်ခဲ့သဖြင့် တရုတ်ဖြူကျူးကျော်ရေးသမားများကို မြန်မာ့တပ်မတော်က တွန်းလှန်တိုက်ထုတ်ခဲ့ရသည်။ တရုတ်ဖြူတို့က အစပြုခဲ့သော မူးယစ်ဆေးပြဿနာမှာ မြန်မာနိုင်ငံအရှေ့ပိုင်းဒေသ၌ ယခုထက်တိုင် နိမ့်နင်းနေရဆဲဖြစ်သည်။ မြန်မာနိုင်ငံနှင့် အိမ်နီးချင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့၏ ကောင်းမွန်သောဆက်ဆံရေးကိုလည်း ပျက်ပြားစေရန် ကြံစည်ခဲ့ခြင်းဖြစ်သကဲ့သို့ မြန်မာနိုင်ငံ၏ ဘက်မလိုက်နိုင်ငံခြားရေးမူဝါဒကိုလည်း ချိုးဖျက်ရန် ကြံစည်ခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ၂၀-၅-၂၀၂၁ ရက်နေ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Phoenix ရုပ်သံမီဒီယာနှင့် တွေ့ဆုံမေးမြန်းစဉ် **“ကျွန်တော်တို့ နှစ်နိုင်ငံပူးပေါင်းဆက်ဆံရေးကို ယုံကြည်မှုနဲ့ ချစ်ချစ်ခင်ခင်နေတာက အကောင်းဆုံးလို့ ကျွန်တော်က ခံယူထားတယ်။ အိမ်နီးချင်းထက်စိတ်ချရတဲ့ မိတ်ဆွေနိုင်ငံဆိုတာ မရှိဘူး။ အိမ်နီးချင်းဆိုတာ အရင်းနှီးဆုံးနိုင်ငံ ဖြစ်ရမယ်။ အိမ်နီးချင်းကောင်းပဲ ဖြစ်ရမယ်။ နိုင်ငံအားလုံးနဲ့ အိမ်နီးချင်းငါးနိုင်ငံနဲ့ ချစ်ကြည်အောင် ဆောင်ရွက်ပါတယ်။ တရုတ်နဲ့ မြန်မာကလည်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲရေးမူ ၅ ချက်ကို ကမ္ဘာမှာစပြီး လက်မှတ်ထိုးခဲ့တဲ့ နိုင်ငံတွေဖြစ်တယ်”**ဟု ဖြေကြားခဲ့ဖူး၏။ အိမ်နီးချင်းနှစ်နိုင်ငံ၏ နီးကပ်နွေးထွေးသောဆက်ဆံမှု ဝိသေသသာဖြစ်၏။ အိမ်နီးချင်းနိုင်ငံပီပီ တရုတ်တစ်နိုင်ငံတည်းမူဝါဒ (One China Policy) ကို ခိုင်ခိုင်မာမာ ရပ်တည်ထောက်ခံခြင်း၊ ထိုင်ဝမ်သည် တရုတ်နိုင်ငံ၏ အစိတ်အပိုင်းတစ်ခုသာဖြစ်ကြောင်း ထပ်လောင်းအတည်ပြုခြင်း ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ၏ ကာကွယ်ရေးစွမ်းအားအဘက်ဘက်မှ လျော့ပါးလာချိန်တွင် နယ်ချဲ့လက်အောက်သို့ ကျရောက်ခဲ့ရသည်။ တရုတ်နိုင်ငံသည်ပင် တရုတ်-အင်္ဂလိပ်စစ်ပွဲဖြစ်သည့် ပထမဘိန်းစစ်ပွဲအပြီး ၁၈၄၁ ခုနှစ်တွင် ဟောင်ကောင်ကျွန်းကို ဗြိတိသျှလက်သို့ အငှားစာချုပ်ဖြင့် ထိုးအပ်လိုက်ရသည်။ ၁၈၆၀ ပြည့်နှစ် ဒုတိယစစ်ပွဲတွင် ဗြိတိသျှတို့က ကိုလိုနီပြုမှုကို ကိုးလွန်းကျွန်းဆွယ်အထိ နယ်ချဲ့လာပြီး ၁၈၉၈ ခုနှစ်တွင် ဟောင်ကောင်ဒေသ ၈၆ ရာခိုင်နှုန်းကျော်ပါဝင်သည့် နယ်မြေအသစ်များကို ၉၉ နှစ်ကြာ အငှားစာချုပ်ဖြင့် သိမ်းပိုက်နိုင်ခဲ့သည်။ ဒုတိယကမ္ဘာစစ်ဖြစ်ပွားသည့် ၁၉၄၁ ခုနှစ်မှ ၁၉၄၅ ခုနှစ်အတွင်း ဗြိတိသျှလက်အောက်ရှိ ဟောင်ကောင်ကို ဂျပန်တို့က သိမ်းပိုက်ခဲ့သည်။ ဒုတိယကမ္ဘာစစ်အပြီးတွင်မူ ဗြိတိသျှတို့က ဟောင်ကောင်ကို ဆက်လက်အုပ်ချုပ်ခဲ့ပြီး ၁၉၉၇ ခုနှစ်တွင် တရုတ်နိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးခဲ့၏။ လက်ရှိအချိန်တွင် ဟောင်ကောင်ဒေသသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အထူးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖြစ်ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ တစ်နိုင်ငံအုပ်ချုပ်မှုစနစ်နှစ်မျိုး အခြေခံသဘောတရား၏ အုပ်ချုပ်မှုအောက်တွင် တည်ရှိသည်။ ဟောင်ကောင်သည် ကမ္ဘာပေါ်တွင် လူဦးရေအထူထပ်ဆုံး ဒေသတစ်ခုဖြစ်သည်။ ကမ္ဘာပေါ်တွင် ဖွံ့ဖြိုးတိုးတက်မှုအရှိဆုံးဒေသနှင့် ကမ္ဘာ့ဘဏ္ဍာရေးဗဟိုဌာနတို့လည်းဖြစ်၏။ ဗြိတိသျှလက်အောက်တွင် ရှိနေစဉ်အခါက ငွေရေးကြေးရေး ပဏာမ တွက်ချက်မှုအရ ဟောင်ကောင်၏ GDP မှာ ၁၉၉၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၄၄ ဒသမ ၇ ဘီလီယံ၊ ၁၉၉၆ ခုနှစ်တွင် ၁၅၉ ဒသမ ၇ ဘီလီယံနှင့် ၁၉၉၇ ခုနှစ်တွင် ၁၇၇ ဒသမ ၄ ဘီလီယံ ရှိခဲ့ပြီး ၂၀၂၀ ပြည့်နှစ်တွင် အမေရိကန်ဒေါ်လာ ၃၄၃ ဘီလီယံနှင့် ၂၀၂၁ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၃၆၇ ဒသမ ၉ ဘီလီယံအထိရှိခဲ့၏။ အိမ်ရှင်နှင့် ဧည့်သည်၊ သွေးချင်းနှင့် သွေးခြားတို့ လက်ဝယ်နှစ်ခုအတွင်း ကွာဟချက်ကို သိနိုင်သည်။

ထို့အတူ မကာအိုဆိုသည်မှာလည်း လက်ရှိတရုတ်နိုင်ငံ၏ အထူးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖြစ်ပြီး ကမ္ဘာပေါ်တွင် လူဦးရေထူထပ်သော ဒေသတစ်ခုလည်းဖြစ်၏။ ၁၅၅၇ ခုနှစ် မင်မင်းဆက်လက်ထက်တွင်ပေါ်တူဂီသို့ကုန်သွယ်ရေးစခန်းအဖြစ် တရုတ်နိုင်ငံက ငှားရမ်းခဲ့၏။ ပေါ်တူဂီတို့က မကာအိုကို ငှားရမ်းထားသည့်အတွက် ငှားရမ်းခကို နှစ်စဉ်ပေးအပ်ခဲ့၏။ ထိုငှားရမ်းမှုဖြင့် ၁၈၈၇ ခုနှစ်အထိ တရုတ်အချုပ်အခြာအာဏာအောက်ရှိ ထိုဒေသကို ပေါ်တူဂီတို့က အုပ်ချုပ်ခဲ့၏။ ထို့နောက် တရုတ်-ပေါ်တူဂီ ပီကင်းသဘောတူစာချုပ်ကြောင့် ပေါ်တူဂီတို့က မကာအိုဒေသကို ရာသက်ပန် ကိုလိုနီအုပ်ချုပ်ခွင့် ရရှိခဲ့ရာ ၁၉၉၉ ခုနှစ်တွင် တရုတ် နိုင်ငံ၏ လက်အတွင်းသို့ ပြန်လည်အပ်နှံလိုက်ရသည့် အချိန်ထိဖြစ်သည်။ လက်ရှိတွင် တရုတ်နိုင်ငံက မကာအိုဒေသကို တစ်နိုင်ငံ အုပ်ချုပ်မှုစနစ် နှစ်မျိုးဟူသော အခြေခံသဘောတရားဖြင့် လွတ်လပ်စွာ အုပ်ချုပ်ခွင့်ပေးထား၏။ မကာအိုဒေသသည်လည်း ပေါ်တူဂီလက်အောက်တွင် ရှိစဉ်အခါ ငွေရေးကြေးရေး တွက်ချက်မှုအရ ၁၉၉၈ ခုနှစ်တွင် GDP အမေရိကန် ဒေါ်လာ ၆ ဒသမ ၇၉၈ ဘီလီယံနှင့်

စာမျက်နှာ ၁၂ သို့ »»

**“ကျွန်တော်တို့ နှစ်နိုင်ငံပူးပေါင်းဆက်ဆံရေးကို ယုံကြည်မှုနဲ့ ချစ်ချစ်ခင်ခင်နေတာက အကောင်းဆုံးလို့ ကျွန်တော်က ခံယူထားတယ်။ အိမ်နီးချင်းထက် စိတ်ချရတဲ့ မိတ်ဆွေနိုင်ငံဆိုတာ မရှိဘူး။ အိမ်နီးချင်းဆိုတာ အရင်းနှီးဆုံး နိုင်ငံဖြစ်ရမယ်။ အိမ်နီးချင်းကောင်းပဲ ဖြစ်ရမယ်။ နိုင်ငံအားလုံးနဲ့ အိမ်နီးချင်းငါးနိုင်ငံနဲ့ ချစ်ကြည်အောင် ဆောင်ရွက်ပါတယ်။ တရုတ်နဲ့ မြန်မာကလည်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲရေးမူ ၅ ချက်ကို ကမ္ဘာမှာစပြီး လက်မှတ်ထိုးခဲ့တဲ့ နိုင်ငံတွေဖြစ်တယ်”**

»» **စာမျက်နှာ ၁၁ မှ**

၁၉၇၉ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၆ ဒသမ ၅၄၈ ဘီလီယံရှိခဲ့ပြီး တရုတ်နိုင်ငံမှ တစ်နိုင်ငံ အုပ်ချုပ်မှုစနစ်နှစ်မျိုးဖြင့် လွတ်လပ်စွာ အုပ်ချုပ်ခွင့်ရထားသော အခြေအနေတွင် GDP တိုးတက်မှုရှိလာခဲ့၏။ ကမ္ဘာပေါ်တွင် ကိုဗစ်-၁၉ ရောဂါမဖြစ်ခင် ၂၀၁၉ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၅၅ ဒသမ ၂၁ ဘီလီယံအထိရှိခဲ့ပြီး ကပ်ရောဂါဖြစ်ပွားဆဲဖြစ်သည့် ၂၀၂၁ ခုနှစ်တွင်ပင် အမေရိကန်ဒေါ်လာ ၂၉ ဒသမ ၉၁ ဘီလီယံထိရှိသည်ကို တွေ့ရှိရ၏။ မည်သည့်နေရာ မည်သည့်အချိန်တွင်ဖြစ်စေ သွေးသားရင်းချာလောက် မနွေးထွေး မစောင့်ရှောက်နိုင်၊ မကောင်းနိုင်သည်မှာ သိသာလှ၏။

တရုတ်နိုင်ငံသည် ၁၈၉၄-၁၈၉၅ ခုနှစ်တွင် တစ်ကြိမ်၊ ၁၉၃၇-၁၉၄၅ ခုနှစ်တွင် တစ်ကြိမ် ဂျပန်နှင့် စစ်ဖြစ်ခဲ့၏။ ပထမအကြိမ်တွင် ထိုင်ဝမ်ကျွန်းအား လက်လွှတ်ခဲ့ရ၏။ ဒုတိယအကြိမ်တွင် မဟာမိတ်များ၏ ပူးပေါင်းတိုက်ပွဲဝင်မှုဖြင့် လက်လွှတ်ခဲ့ရသည့်နေရာအား ပြန်လည်ရရှိခဲ့၏။ ၁၉၄၀ ပြည့်နှစ်အလွန်ကာလ တရုတ်ပြည်တွင်းစစ်ဖြစ်ပွားမှုအပြီးတွင် စစ်ရှုံးနိမ့်ခဲ့သည့် ကူမင်တန်တပ်မတော်၏ အကြွင်းအကျန်အစုတို့သည် တရုတ်ကမ်းလွန် ထိုင်ဝမ်ကျွန်းသို့ ကူးပြောင်းခိုလှုံခဲ့ပြီး နိုင်ငံတစ်နိုင်ငံ ထူထောင်ခဲ့၏။ ၁၉၇၁ ခုနှစ်တွင် ကျင်းပသည့်(၂၆)ကြိမ်မြောက်ကုလသမဂ္ဂအထွေထွေညီလာခံ၏ ဆုံးဖြတ်ချက်အမှတ် ၂၇၅၈ တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏အစိုးရကိုသာ ကုလသမဂ္ဂတွင် ကိုယ်စားလှယ်ထားခွင့်ပေးထားပြီး ချန်ကေရှိတ်ဦးစီးကိုယ်စားလှယ်အဖွဲ့အား ကုလသမဂ္ဂမှ ဖယ်ထုတ်ထားကြောင်း ဖော်ပြထား၏။ ၎င်းအပြင် ထိုင်ဝမ်ကျွန်းပါဝင်သည့် တရုတ်နိုင်ငံသည် တစ်နိုင်ငံတည်းသာရှိပြီး တရုတ်နိုင်ငံ နှစ်နိုင်ငံမရှိကြောင်း၊ တရုတ်တစ်နိုင်ငံ၊ ထိုင်ဝမ်တစ်နိုင်ငံဟူ၍ မရှိကြောင်းကိုလည်း အတိအလင်း ထုတ်ပြန်ကြေညာခဲ့၏။ ၎င်းအပြင် ကုလသမဂ္ဂက ထိုင်ဝမ်အား တရုတ်နိုင်ငံ၏ ပြည်နယ်တစ်ခုအနေဖြင့်သာ သတ်မှတ်ရည်ညွှန်းခဲ့၏။ ထို့ကြောင့်လည်း အမေရိကန်နိုင်ငံအပါအဝင် နိုင်ငံပေါင်း ၁၈၁ နိုင်ငံက တရုတ်နိုင်ငံနှင့် တရားဝင် သံတမန်ဆက်ဆံရေးအား ထူထောင်လျက်ရှိခြင်းပင်ဖြစ်၏။ မြန်မာနိုင်ငံအနေဖြင့်လည်း ထိုင်ဝမ်စီးပွားရေးကုမ္ပဏီအချို့ မြန်မာနိုင်ငံ၌ လာရောက်အလုပ်လုပ်ကိုင်နေသည်မှအပ တရားဝင် သံတမန်အဆက်အသွယ် မည်သည့်အခါမျှ မရှိခဲ့ချေ။

၎င်းအပြင် ၁၉၇၈ ခုနှစ် ဒီဇင်ဘာလတွင် ထုတ်ပြန်သည့် တရုတ်-အမေရိကန် တရားဝင် သံတမန်ဆက်ဆံရေးထူထောင်မှု ပူးတွဲသဘောတူကြေညာချက်တွင် **"တရုတ်နိုင်ငံဆိုတာ နိုင်ငံတစ်ခုဖြစ်ပြီး ထိုင်ဝမ်ဆိုတာ တရုတ်နိုင်ငံ၏ အစိတ်အပိုင်းဖြစ်တယ်ဆိုတဲ့အချက်ကို အမေရိကန်ပြည်ထောင်စုက အသိအမှတ်ပြုကြောင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အစိုးရကိုသာ တရုတ်နိုင်ငံ၏ တစ်ခုတည်းသော တရားဝင်အစိုးရအဖြစ် သတ်မှတ်ကြောင်း"**ဖော်ပြထား၏။ ထို့ကြောင့် တရုတ်နိုင်ငံသည် ထိုင်ဝမ်ဒေသကို ၎င်းနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အမျိုးသားလုံခြုံရေးဥပဒေ၊ သမိုင်းကြောင်းအစဉ်အလာတို့အရ တရုတ်နိုင်ငံ၏ နယ်မြေဒေသအစိတ်အပိုင်းအဖြစ် အမြဲပြောကြားနေလျက်ရှိသကဲ့သို့ တရုတ်တစ်နိုင်ငံတည်းမူဝါဒ (One China Policy)အား အစဉ်သဖြင့် လူသိရှင်ကြား ထုတ်ဖော်ပြောကြားခဲ့၏။ နိုင်ငံတကာဆက်ဆံရေး နယ်ပယ်တွင်လည်း ထိုင်ဝမ်နှင့် ဆက်ဆံရေးထူထောင်နေမှုများကိုလည်း ကန့်သတ်ထားရှိမှုနှင့်အတူ နိုင်ငံတကာသို့လည်း သတိပေးမှု ပြုလုပ်လေ့ရှိ၏။

ဖော်မိုဆာ(ထိုင်ဝမ်)ကျွန်းသို့ ထွက်ပြေးခဲ့သော တရုတ်ဖြူအစိုးရမှာ တရုတ်ပြည်မကြီးအား ၎င်းလက်သို့ ပြန်လည်ရရှိရေးအတွက် အစဉ်တစိုက် ကြိုးစားခဲ့၏။ ကြိုးစားတိုင်းလည်း ရှုံးနိမ့်ခဲ့၏။ ၎င်းတို့အနေဖြင့် တရုတ်ပြည်မကြီးက ထွက်ပြေးလာရသည့်တိုင် ပြည်မကြီးအား ၎င်းတို့သာပိုင်သည်ဟု မှတ်ယူထားပြီး တစ်နေ့နေ့တွင် ပြန်လည်သိမ်းယူနိုင်မည်ဟု မှတ်ထင်ထားကြ၏။ သို့သော် ပြည်မကြီးက ထွက်ပြေးလာကြပြီး နှစ်ပေါင်း ၅၀ ကျော်မျှ ကျော်လွန်လာချိန်တွင် ထိုင်ဝမ်ရှိ ခေါင်းဆောင်များ၏ အမြင်သည် ပြောင်းလဲလာဟန်ရှိ၏။ မူလက တရုတ်ပြည်မကြီးအား ပြန်လည်ရရှိရေး ရည်မှန်းချက်ထားခဲ့ကြသော်လည်း တဖြည်းဖြည်းချင်း ထိုင်ဝမ်အား သီးခြားလွတ်လပ်သည့် နိုင်ငံတစ်ခုအဖြစ် ဖြစ်တည်လိုလာကြ၏။ ငွေကြေးချမ်းသာသည့်တိုင် ကမ္ဘာတွင် နေရာမရသည့်အခါ ထိုင်ဝမ်အစိုးရအနေဖြင့် အခြားသောနည်းလမ်းများကို အသုံးပြု၍ ကမ္ဘာ့နိုင်ငံများနှင့် ဆက်ဆံရေးရရှိအောင် ကြိုးပမ်းလာခဲ့၏။ အမေရိကန်အနေဖြင့် ထိုအခွင့်အရေးအား လက်လွှတ်မခံဘဲ ထိုင်ဝမ်၏ ကယ်တင်ရှင်သဖွယ်ဖြစ်အောင် ဝင်ရောက်နေရာယူလာခဲ့၏။ ၂၀၀၀ ပြည့်နှစ် ဖေဖော်ဝါရီ ၁ ရက်က ပြုလုပ်ခဲ့သည့် အမေရိကန်လွှတ်တော်အမတ်များ ဦးဆောင်သည့် ထိုင်ဝမ်လုံခြုံရေးဖော်ဆောင်မှုဥပဒေကို အောက်လွှတ်တော်တွင် အတည်ပြုပြဋ္ဌာန်းခဲ့၏။ ထိုဥပဒေအတည်ပြုမှုကြောင့် အမေရိကန်နှင့် ထိုင်ဝမ်တို့အကြား စစ်ရေးဆိုင်ရာကိစ္စရပ်များတွင် ဘက်ပေါင်းစုံ တွင်ကျယ်စွာ ပေါင်းစည်းခွင့်ရသွားခဲ့၏။ အမေရိကန်အနေဖြင့် ထိုသို့လုပ်ဆောင်ခြင်းသည်ပင် ၁၉၇၈ ခုနှစ်တွင် တရုတ်နိုင်ငံနှင့် တရားဝင် သံတမန်ဆက်ဆံရေးထူထောင်မှု ပူးတွဲသဘောတူညီချက်ကို ပြောင်ကျကျချိုးဖောက်ခဲ့ခြင်းသာဖြစ်၏။ လက်ရှိ ထိုင်ဝမ်ကျွန်းတွင် ဆိုင်ယင်းဝမ် အာဏာရရှိလာသည့် ၂၀၁၆ ခုနှစ်မှစ၍ တရုတ်နိုင်ငံမှ ခွဲထွက်ရေးကြိုးပမ်းချက်ကို အမေရိကန်အစိုးရအဆက်ဆက်၏ အားပေးထောက်ခံမှုဖြင့် တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်ခဲ့၏။ ထိုသို့ကြိုးပမ်းရာတွင် နိုင်ငံရေးနည်းဖြင့်သာမက စစ်ရေးနည်းဖြင့်ပါ ကြိုးပမ်းလုပ်ဆောင်ခဲ့မှုများ ရှိလာခဲ့၏။ ထိုင်ဝမ်၏ ခွဲထွက်ရေးကြိုးပမ်းမှုတွင် အမေရိကန်နိုင်ငံသည် အဓိကအခန်းမှ အားပေးအားမြှောက်ပြုလာခဲ့၏။ အမေရိကန်အောက်လွှတ်တော်ဥက္ကဋ္ဌ ထိုင်ဝမ်သို့ ရုတ်တရက် ဝင်ရောက်ခဲ့သည့် ခရီးစဉ်သည် တရုတ်တစ်နိုင်ငံတည်း မူဝါဒအပေါ် အတိအလင်း ချိုးဖောက်မှုအဖြစ် တရုတ်နိုင်ငံမှ ရှုမြင်ထားပြီး နောက်ဆက်တွဲအကျိုးဆက်အနေဖြင့် ရလဒ်ပေါင်းစုံကို တွေ့မြင်လာရ၏။ ထို့ကြောင့်လည်း ၂၀၂၂ ခုနှစ် ဩဂုတ် ၁၀ ရက်တွင် ထိုင်ဝမ်နှင့်ပတ်သက်သည့် တရုတ်နိုင်ငံ၏ တတိယအကြိမ်မြောက် စက္ကူဖြူစာတမ်းက သက်သေခံနေ၏။

အမေရိကန်နိုင်ငံသည် ၎င်း၏ ပြိုင်ဘက်ဖြစ်လာသည့် ကမ္ဘာ့စီးပွားရေးနှင့် စစ်ရေးအင်အားကြီးဖြစ်သည့် တရုတ်နိုင်ငံအား အင်အားချည့်နဲ့နိုင်ရေး ကြိုးပမ်းမှုဖြင့် ဒီမိုကရေစီစံသတ်မှတ်ချက်များကို အကြောင်းပြုပြီး တရုတ်နိုင်ငံ၏ ပြည်တွင်းရေးကိစ္စရပ်များကို ဝင်ရောက်စွက်ဖက်လျက်ရှိ၏။ ဥပမာအားဖြင့် အမေရိကန်နိုင်ငံသည် ဟောင်ကောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင်း အခြေအနေများ၊ ရှင်ကျန်းဝီဂါဒေသရှိ အခြေအနေများကို ဒီမိုကရေစီနှင့် လူ့အခွင့်အရေးအကြောင်းပြကာ အမျိုးမျိုးပုံဖော်ပြီး တရုတ်နိုင်ငံအား တိုက်ခိုက်လျက်ရှိသည်။ ထိုသို့ဖြစ်ရခြင်းမှာ အမေရိကန်နိုင်ငံသည် တစ်နေ့တခြား အင်အားကြီးထွားလာသည့် တရုတ်နိုင်ငံအား မဟာဗျူဟာမြောက် ပြိုင်ဘက်အဖြစ် သတ်မှတ်ချဉ်းကပ်ပြီး အင်ဒို-ပစိဖိတ်ဒေသအတွင်း ဩဇာလွှမ်းမိုးမှုရရှိစေရေးအတွက်ဖြစ်သည်။ အထူးသဖြင့် အမေရိကန်သည် တရုတ်နိုင်ငံကို ထိန်းချုပ်ရေးမူဝါဒချမှတ်ကာ ထိုမူဝါဒအကောင်အထည်ဖော်ရေးအတွက် တရုတ်နိုင်ငံ၏ စီးပွားရေး၊ လူမှုရေး၊ စစ်ရေးကိစ္စများမှသည် ပြည်တွင်းရေးအထိ ဝင်ရောက်စွက်ဖက်မှုများ လုပ်ဆောင်လာခဲ့၏။

ပထမဦးစွာ အင်ဒို-ပစိဖိတ်ဒေသအတွင်း ဩဇာလွှမ်းမိုးကာ တရုတ်နိုင်ငံကို ထိန်းချုပ်နိုင်ရေးအတွက် တရုတ်နိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများနှင့် မိတ်ဖက်နိုင်ငံများအား ၎င်းတို့ဘက်သို့ ပါလာစေရန် နည်းလမ်းအမျိုးမျိုးဖြင့် ဆွဲဆောင်စည်းရုံးခဲ့၏။ အဓိကအားဖြင့် ခေတ်မီစစ်လက်နက်ပစ္စည်းများ အသုံးပြု ဆွဲဆောင်စည်းရုံးခြင်းဖြစ်ကာ ထိုသို့ ဆွဲဆောင်စည်းရုံး၍မရပါက အင်အားပြခြိမ်းခြောက် အကျပ်ကိုင်သည့်နည်းလမ်းကို အသုံးပြု၏။ အမေရိကန်အနေဖြင့် တရုတ်နိုင်ငံအားထိန်းချုပ်နိုင်ရေးအတွက် လုပ်ဆောင်ခဲ့သည့် နည်းလမ်းများအနက် အများစုမှာ ဒေသတွင်းနိုင်ငံများ၊ ဒေသများကို ကြားခံစစ်တလင်းအဖြစ် ဖန်တီးသည့် နည်းဗျူဟာအား အသုံးပြုပုံဖော်လျက်ရှိသည်။ တရုတ်နိုင်ငံနှင့် အိမ်နီးချင်းဖြစ်သည့် ဒေသများ၊ နိုင်ငံများတွင်လည်း စစ်စခန်းများ တည်ဆောက်နိုင်ရေး သို့မဟုတ် ၎င်းတို့စိတ်တိုင်းကျ ကပြအသုံးတော်ခံမည့် ရုပ်သေးအစိုးရများကို တင်နိုင်ရေးအတွက်လည်း လွန်ခဲ့သော ဆယ်စုနှစ်ပေါင်းများစွာ ကတည်းက ပြင်ဆင်လာခဲ့သည်ကို တွေ့မြင်ရပါသည်။

အလားတူ တရုတ်နိုင်ငံနှင့် ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးကောင်း တည်ဆောက်ထားနိုင်သည့် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို အကြိမ်ကြိမ် ဝင်ရောက်စွက်ဖက်ကာ သနားညှာတာမှုရှိပြီး အယုံလွယ်သည့် မြန်မာနိုင်ငံသားများကို အသုံးချပြီး ရုပ်သေးအစိုးရတင်နိုင်ရေးအတွက် ကြိုးပမ်းလုပ်ဆောင်မှုများလည်း ရှိခဲ့၏။ သို့သော် ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နေသည့် မြန်မာ့တပ်မတော်ကြောင့် ၎င်းတို့ စိတ်တိုင်းကျဖြစ်မလာသည့်အခါ လူမဆန်သည့် အရေးယူပိတ်ဆို့မှုများ ချမှတ်၍ နိုင်ငံတော်ကြီး အလုံးစုံပျက်စီးအောင် ကြိုးပမ်းဆောင်ရွက်နေလျက်ရှိပါသည်။ အကယ်၍ မြန်မာနိုင်ငံသာ ၎င်းတို့စိတ်တိုင်းကျ အစိုးရသာ ဖြစ်လာခဲ့ပါက ပထဝီနိုင်ငံရေးတွင် အချက်အခြာကျသည့် ကျွန်ုပ်တို့နိုင်ငံ၏ အနာဂတ်မှာ မတွေးဝံ့စရာပင် ဖြစ်လာမည်။

ထို့ပြင် အမေရိကန်တို့သည် တရုတ်နိုင်ငံ၏ အင်အားနည်းပါးသွားစေရေးအကြံဖြင့် တရုတ်နိုင်ငံလက်အောက်ရှိဖွံ့ဖြိုးတိုးတက်လျက်ရှိသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများကို ဖဲ့ထုတ်နိုင်ရေး အစဉ်တစိုက် ကြိုးပမ်းလျက်ရှိသည်ကို မှတ်တမ်းများအရ တွေ့ရှိနိုင်ပါသည်။ လက်ရှိ နန်စီပလိုစီ၏ ခရီးစဉ်မှအစပြုပြီး ထိုင်ဝမ်ရေလက်ကြား၌ စစ်ရေး ပြင်ဆင်မှုများ နှင့် စစ်အင်အား အပြိုင်အဆိုင် တိုးချဲ့မှုများက မြင့်တက် လာနေ၏။ အမေရိကန်အနေဖြင့် ထိုင်ဝမ်အပေါ် စစ်ရေးအရ ကူညီထောက်ပံ့မှုများသာမက နိုင်ငံရေး အရထောက်ပံ့မှုများကို ပြောင်ပြောင်တင်းတင်း ပေးအပ်လာပါက တရုတ်နိုင်ငံကို လုပ်ရကိုင်ရခက်အောင် သို့မဟုတ် စီးပွားရေးကျဆင်းအောင်အထိ လုပ်ဆောင်လာ သည်ကိုတွေ့ရှိရ၏။၎င်းအပြင်ဒေသတွင်း ဒီမိုကရေစီအင်အားစုများက ထိုင်ဝမ်ကို ဘက်ပေါင်းစုံက ထောက်ပံ့ကူညီနိုင်ရေး ကြိုးပမ်းလာနိုင်ဖွယ် လည်းရှိ၏။ ထိုင်ဝမ်အနေဖြင့်တရုတ်နိုင်ငံအား ရင်ဆိုင်နိုင်ရန်အတွက် ၎င်းအားထောက်ခံလိုလားသည့် အင်အားကြီးနိုင်ငံများနှင့် နိုင်ငံတကာမှ အကူညီများရရှိရေးအတွက် နည်းလမ်းမျိုးစုံ ပိုမို ပြုလုပ်လာနိုင် ဖွယ်ရှိပြီးလိုအပ်ပါလျှင်စစ်ရေးအရလည်း လက်တုံ့ပြန်နိုင်ရေးအတွက် ပြင်ဆင်နိုင်ဖွယ်ရှိ၏။ ထိုသို့ အပြိုင်အဆိုင်ဆောင်ရွက်မှုများသည် ဒေသတွင်း တည်ငြိမ်အေးချမ်းမှုများကို ထိခိုက်လာ နိုင်ပြီး ဒေသတွင်း ကုန်သွယ်ရေး၊ စီးပွားရေးနှင့် ခရီးသွားလာရေး လုပ်ငန်းများ အပါအဝင် ကဏ္ဍရပ် များစွာအပေါ် သက်ရောက်မှုများ ပိုမိုဖြစ်ပေါ်လာနိုင်၏။

အချုပ်အားဖြင့်ဆိုသော် ကမ္ဘာ့သမိုင်းစဉ်တွင် ခွဲထွက်မှုများကြောင့် ပြိုကွဲခဲ့ရသော ပြည်ထောင်စုကြီးများ၏ ကန့်လန့်ကာနောက်ကွယ်တွင် အမေရိကန်တည်းဟူသော လက်သည်ကြီး တည်ရှိနေသည်ကို အားလုံးသတိမူတတ်ကြမည်ဆိုပါလျှင် ယနေ့တင်းမာနေသည့် ရုရှား-ယူကရိန်းအရေး၊ အစ္စရေး-ပါလက်စတိုင်းအရေး၊ ထိုင်ဝမ်ကျွန်း အရေးကိစ္စများသည် ဖြစ်လာစရာအကြောင်းအရင်း မရှိနိုင်ပါပေ။ ကျွန်တော်တို့ နိုင်ငံသားများအနေဖြင့်လည်း အဖျက်အမှောင့်အစုအဖွဲ့များ၏ နောက်ကွယ်မှ ဇာတ်လမ်းစုံအား အမှန်တရားအတိုင်း သိရှိအောင် ကြိုးစားကြမည်ဆိုပါလျှင် ကိုယ့်မြေ၊ ကိုယ့်ရေ၊ ကိုယ့်လေပိုင်နက်များ၏ တန်ဖိုးကို ပိုမိုသိရှိနားလည် ခံစားနိုင်လာလိမ့်မည်ဖြစ်၏။ ထိုသို့ သိရှိနားလည် ခံစားလာသည်နှင့်အမျှ ယနေ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ တရုတ်တစ်နိုင်ငံတည်းမူဝါဒ (One China Policy) အပေါ် ပိုမိုရှုမြင်နားလည်လာနိုင်ကြမည်ဟု ယူဆမိပါ၏။ ။

> **အမေရိကန်တို့သည် တရုတ်နိုင်ငံ၏ အင်အားနည်းပါးသွားစေရေးအကြံဖြင့် တရုတ်နိုင်ငံလက်အောက်ရှိ ဖွံ့ဖြိုးတိုးတက်လျက်ရှိသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများကို ဖဲ့ထုတ်နိုင်ရေး အစဉ်တစိုက် ကြိုးပမ်းလျက်ရှိသည်ကို မှတ်တမ်းများအရ တွေ့ရှိနိုင်ပါသည်။ လက်ရှိ နန်စီပလိုစီ၏ ခရီးစဉ်မှအစပြုပြီး ထိုင်ဝမ်ရေလက်ကြား၌ စစ်ရေးပြင်ဆင်မှုများနှင့် စစ်အင်အား အပြိုင်အဆိုင် တိုးချဲ့မှုများက မြင့်တက်လာနေ၏။ အမေရိကန်အနေဖြင့် ထိုင်ဝမ်အပေါ် စစ်ရေးအရ ကူညီထောက်ပံ့မှုများသာမက နိုင်ငံရေးအရ ထောက်ပံ့မှုများကို ပြောင်ပြောင်တင်းတင်း ပေးအပ်လာပါက တရုတ်နိုင်ငံ ကို လုပ်ရကိုင်ရခက်အောင် သို့မဟုတ် စီးပွားရေးကျဆင်းအောင်အထိ လုပ်ဆောင်လာသည်ကိုတွေ့ရှိရ**

> **ကမ္ဘာ့သမိုင်းစဉ်တွင် ခွဲထွက်မှုများကြောင့် ပြိုကွဲခဲ့ရသော ပြည်ထောင်စုကြီးများ၏ ကန့်လန့်ကာနောက်ကွယ်တွင် အမေရိကန်တည်းဟူသော လက်သည်ကြီး တည်ရှိနေသည်ကို အားလုံးသတိမူတတ်ကြမည်ဆိုပါလျှင် ယနေ့တင်းမာနေသည့် ရုရှား-ယူကရိန်းအရေး၊ အစ္စရေး-ပါလက်စတိုင်းအရေး၊ ထိုင်ဝမ်ကျွန်း အရေးကိစ္စများသည် ဖြစ်လာစရာ အကြောင်းအရင်း မရှိနိုင်ပါပေ**

# လာအိုနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ပထမအကြိမ်ထိုးနှံမှုခံယူပြီးသူအရေအတွက် ရည်မှန်းချက်ပြည့်မီ




ဗီယင်ကျန်း ဩဂုတ် ၁၂

လာအိုနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ပထမအကြိမ်ထိုးနှံမှုခံယူပြီးသူ ၅၈၈၅၀၆၁ ဦးရှိပြီဖြစ်ကြောင်းနှင့် အဆိုပါအရေအတွက်သည် နိုင်ငံလူဦးရေ၏ ၈၀ ဒသမ ၂ ရာခိုင်နှုန်းရှိကြောင်း လာအိုကျန်းမာရေးဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်သည်။

အဆိုပါ ကာကွယ်ဆေးထိုးနှံပြီးသူအရေအတွက်သည် လာအိုအစိုးရ၏ ယခုနှစ်ကုန်ပိုင်းမတိုင်မီ နိုင်ငံလူဦးရေ၏ ၈၀ ရာခိုင်နှုန်းအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးပြီးဖြစ်ရမည် ဟူသည့် ရည်မှန်းချက်ကို ပြည့်မီသွားပြီဖြစ်သည်။

လက်ရှိအချိန်အထိ ပြည်သူ ၅၂၀၀၁၅ ဦးသည် ကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံမှုခံယူပြီးဖြစ်ပြီး အဆိုပါအရေအတွက်သည် နိုင်ငံလူဦးရေ၏ ၇၁ ဒသမ ၁ ရာခိုင်နှုန်းဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနလက်အောက်ရှိ ကျန်းမာရေးဆိုင်ရာ သတင်းနှင့်ပညာရေးစင်တာ၏ အစီရင်ခံစာအရသိရသည်။

ရောဂါခုခံနိုင်မှုပိုမိုမြင့်မားစေရန် ကာကွယ်ဆေး ဒုတိယအကြိမ် ထိုးနှံမှုခံယူရန် ကျန်းမာရေးဝန်ကြီးဌာနက ကာကွယ်ဆေးတစ်ကြိမ်ထိုးနှံပြီးသူများအား တိုက်တွန်းလျက်ရှိသည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၉၇ ဦးစစ်ဆေးတွေ့ရှိရသည့်အတွက် ရောဂါကူးစက်ခံရသူပေါင်း ၂၁၂၁၂၄ ဦးရှိကြောင်း သိရသည်။ အဆိုပါ ရောဂါထပ်မံကူးစက်ခံရသူများအနက် တစ်ဦးသည် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူဖြစ်ပြီး ကျန် ၉၆ ဦးသည် ပြည်တွင်းကူးစက်ခံရသူများဖြစ်ကြောင်း သိရသည်။

လာအိုနိုင်ငံ၌ ၂၀၂၀ ပြည့်နှစ် မတ် ၂၄ ရက်တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူအား ပထမဆုံး တွေ့ရှိခဲ့ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- အောင်ကျော်ကျော်**

# မဲခေါင်ဒေသ ခရီးသွားလုပ်ငန်းဆွေးနွေးပွဲ ဗီယက်နမ်နိုင်ငံ၌ ကျင်းပမည်

ဟန္နိုင်း ဩဂုတ် ၁၂

ဗီယက်နမ်နိုင်ငံတွင် ၂၀၂၂ မဲခေါင်ဒေသခရီးသွားလုပ်ငန်းဆွေးနွေးပွဲကို အောက်တိုဘာ ၉ ရက်မှ ၁၄ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း ဗီယက်နမ်အမျိုးသား ခရီးသွားလုပ်ငန်းအုပ်ချုပ်ရေးအဖွဲ့က ယနေ့ပြောကြားသည်။ ၎င်းဆွေးနွေးပွဲကို နိုင်ငံအလယ်ပိုင်းရှိ ကွမ်နမ်ပြည်နယ်တွင် ကျင်းပမည်ဖြစ်ပြီး မဟာမဲခေါင်ဒေသခွဲ ခြောက်နိုင်ငံ၏ ပထမဆုံးအကြိမ် မျက်နှာစုံညီအစည်းအဝေး ဖြစ်ကြောင်း သိရသည်။

ခရီးသွားလုပ်ငန်းအားအခက်အခဲများမှ ကျော်ဖြတ်ပြီး အောင်မြင်စွာဆောင်ရွက်နိုင်ရေး၊ ခရီးသွားလုပ်ငန်းများတွင် သက်ဆိုင်သူ အားလုံးပါဝင်ဆောင်ရွက်နိုင်ရေးနှင့် ခရီးသွားလုပ်ငန်း စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအပြင် ကိုဗစ်-၁၉ ကပ်ရောဂါအပြီး ခရီးသွားလုပ်ငန်းပြန်လည်ထူထောင်ရေး၊ ဒစ်ဂျစ်တယ်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ခရီးသွားလုပ်ငန်း အထောက်အကူပြု ကုန်ပစ္စည်းများအား ပြည်တွင်းတွင် ထုတ်လုပ်ရေးတို့ကို ယခုကျင်းပမည့်ဆွေးနွေးပွဲတွင် ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

၎င်းဆွေးနွေးပွဲတွင် မဟာမဲခေါင်ဒေသခွဲနိုင်ငံများ၏ အစီအစဉ်ဖြစ်သည့် ခရီးသွားလုပ်ငန်းပြပွဲကိုလည်းကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ မဲခေါင်ဒေသခရီးသွားလုပ်ငန်းဆွေးနွေးပွဲကို ၁၉၉၆ ခုနှစ်တွင်စတင်ကျင်းပခဲ့ပြီး မဟာမဲခေါင်ဒေသခွဲနိုင်ငံများ ဖြစ်သည့် ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်တို့ တက်ရောက်ခဲ့သည်။

**ကိုးကား-ဆင်ဟွာ**

**ဘာသာပြန်-စိုးသူရ**



# ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကြောင့် ၂၄ ဦး ထပ်မံသေဆုံး

မနီလာ ဩဂုတ် ၁၂

ဖိလစ်ပိုင်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကြောင့် ၂၄ ဦးထပ်မံသေဆုံးခဲ့ကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄၅၃၃ ဦးထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ ရောဂါကူးစက်ခံရသူပေါင်း ၃၈၁၈၄၈၀ ရှိကြောင်းနှင့် အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၆၀၉၁၆ ဦးရှိကြောင်း သိရသည်။

ရောဂါထပ်မံကူးစက်ခံရသူများအနက် ၁၂၂၆ ဦးသည် မြို့တော်မနီလာမှ တွေ့ရှိခြင်းဖြစ်ကြောင်း သိရသည်။

ဖိလစ်ပိုင်နိုင်ငံ၌ ဇန်နဝါရီ ၁၅ ရက်တွင် နေ့စဉ်ကူးစက်ခံရသူ ၃၉၀၀၄ ဦးတွေ့ရှိရပြီး အဆိုပါအရေအတွက်သည် နေ့စဉ်ကူးစက်မှုစံချိန်တင်ခဲ့သည်။

လက်ရှိအချိန်အထိ နိုင်ငံလူဦးရေ သန်း ၁၁၀ ရှိသည့်အနက် ပြည်သူ ၇၁ ဒသမ ၅ သန်းခန့်သည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အပြည့်အဝထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- အောင်ကျော်ကျော်**

# တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ရောဂါ ကူးစက်ခံရသူ ၁၂၈၇၁၄ ဦး ထပ်မံတွေ့ရှိ

ဆိုးလ် ဩဂုတ် ၁၂

တောင်ကိုရီးယားနိုင်ငံ၌ ပြီးခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၂၈၇၁၄ ဦး ထပ်မံတွေ့ရှိရသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၁၁၁၁၈၄၀ ရှိကြောင်း ကျန်းမာရေးတာဝန်ရှိသူများက ပြောကြားသည်။

နိုင်ငံအတွင်း နေ့စဉ်ကိုဗစ်-၁၉ရောဂါ ကူးစက်ခံရသူ အရေအတွက်ကျဆင်းခဲ့သော်လည်း ၎င်းအရေအတွက်သည်ပြီးခဲ့သည့်သီတင်းပတ်အစောပိုင်းကထက် များပြားကြောင်းတောင်ကိုရီးယားရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးအေဂျင်စီက ပြောကြားသည်။ ပြီးခဲ့သည့်သီတင်းပတ်အတွင်း နေ့စဉ်ပျမ်းမျှ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူအရေအတွက်သည် ၁၁၉၈၅၇ ဦးရှိသည်။ နိုင်ငံအတွင်း ပြည်ပမှ ပြန်လည်ရောက်ရှိလာသူ ၅၀၅၇၁ ဦးတွင် ကိုဗစ်-၁၉ရောဂါ ကူးစက်ခံရကြောင်း တွေ့ရှိခဲ့သည်။ နိုင်ငံအတွင်းကိုဗစ်-၁၉ရောဂါကြောင့် သေဆုံးသူ ၂၅၄၉၉ ဦးရှိသည်။

**ကိုးကား-ဆင်ဟွာ**

**ဘာသာပြန်-စိုးသူရ**



# အာရှဆင်များ ထိန်းသိမ်းစောင့်ရှောက်ရေးကြိုးပမ်းဆောင်ရွက်ရန် ကမ္ဘောဒီးယား ပန်ကြား

ဖနောင်ပင် ဩဂုတ် ၁၂

ရှားပါးမျိုးစိတ်ဝင်အာရှဆင်များအား ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန် ကမ္ဘောဒီးယားနိုင်ငံက ၎င်းလုပ်ငန်းတွင် ဆောင်ရွက်နေသူများအား ပန်ကြားခဲ့သည်။

ယခု ပန်ကြားချက်အား ဩဂုတ် ၁၂ ရက်တွင် ကျရောက်သည့် ကမ္ဘာ့ဆင်များနေ့တွင် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ အာရှဒေသမှ ဆင်များအား ရှားပါးမျိုးစိတ်ဝင်တိရစ္ဆာန်များအဖြစ် အပြည်ပြည် ဆိုင်ရာသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသမဂ္ဂက သတ်မှတ်ထားသည်။ နိုင်ငံအတွင်းရှိ ကာဒါမုံတောင်နှင့် မြောက်ပိုင်းပြည်နယ်များဖြစ်သည့် မွန်းဒါကီရီနှင့် ရက်တာနက်ကီရီတို့တွင် တောရိုင်းဆင်ကောင်ရေ ၄၀၀ မှ ၆၀၀ အထိ နေထိုင်နေကြောင်း ကမ္ဘောဒီးယားနိုင်ငံ သဘာဝပတ်ဝန်းကျင်ရေးရာ ဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိသူ နက်ပီထရာကပြောကြားသည်။ ထို့ပြင်နိုင်ငံအတွင်း စနစ်တကျမွေးမြူထားသည့် ဆင်ကောင်ရေ ၇၀ အထိ ရှိကြောင်း၎င်းကပြောကြားသည်။ အစွယ်ဖြတ်ခိုးယူခြင်း၊ ထောင်ချောက်ဆင်ဖမ်းဆီးခြင်း၊ ဆင်နှင့် လူသားများအကြားပဋိပက္ခဖြစ်ပွားခြင်း၊ ယဉ်ပါးအောင်မွေးမြူရေးအတွက် ဖမ်းဆီးခြင်းနှင့် နေထိုင်ရာဒေသများအရည်အသွေးကျဆင်းလာခြင်းတို့ ကြောင့် ကမ္ဘောဒီးယားနိုင်ငံအပါအဝင် ကမ္ဘာပေါ်တွင် အာရှဆင်များအတွက် အသက်ရှင်နေထိုင်ရေးတွင် အခက်အခဲများ ရှိလာခဲ့သောကြောင့် အာရှဆင်များ ရေရှည်တည်တံ့ရေးအတွက် တာဝန်ရှိသူများအနေဖြင့် ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။ နိုင်ငံအတွင်းရှိ အာရှဆင်များ ထိန်းသိမ်းစောင့်ရှောက်ရေးအတွက်အမေရိကန် ဒေါ်လာ ၄၀ ဒသမ ၅သန်းလိုအပ်ကြောင်း ၎င်းက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

# ကချင်ပြည်နယ် မိုးညှင်းမြို့နယ်နှင့် မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်တို့၌ ငွေကျပ် ၆ ဒသမ ၆၃ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၄၄ ဒသမ ၂ သိန်းကျော် သိမ်းဆည်းရမိ

နေပြည်တော် ဩဂုတ် ၁၂

ကချင်ပြည်နယ် မိုးညှင်းမြို့နယ်နှင့် မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်တို့၌ ငွေကျပ် ၆ ဒသမ ၆၃ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၄၄ ဒသမ ၂ သိန်းကျော် သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၉ ရက် ညနေ ၅ နာရီခွဲတွင် ကချင်ပြည်နယ် မိုးညှင်းမြို့နယ် နန့်စီးအောင် ပူးပေါင်းစစ်ဆေးရေးစခန်းတွင် မန္တလေးမှ မိုးညှင်းဘက်သို့ အောင်ဆွေဦးမောင်းနှင်ပြီး မင်းမင်းသန်းလိုက်ပါလာသည့် Foton ခြောက်ဘီးယာဉ်ကို သတင်းအရ ရှာဖွေရာ ယာဉ်ပေါ်တွင် ပြောင်းဖူးစေ့အိတ်များအတွင်း ထည့်သွင်းသယ်ဆောင်လာသည့် ဒေသကာလတန်ဖိုးငွေကျပ် ၃ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား သိန်း ၂၀ ကျော် သိမ်းဆည်းရမိခဲ့ကြောင်း စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများအား မန္တလေးတိုင်းဒေသကြီးမှ ကချင်ပြည်နယ်သို့ သယ်ဆောင်ခြင်း ဖြစ်ကြောင်း။



အောင်ဆွေဦးနှင့် မင်းမင်းသန်းတို့ကို သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

အလားတူ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၁၀ ရက် နံနက် ၇ နာရီတွင် မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ကျွဲကျကျေးရွာ ကျွဲကျချောင်းအနီး၌ ဆိုင်ကယ် သုံးစီးမှာ ဆာလာအိတ်များတင်ဆောင်ထားပြီး ရပ်တန့်ထားသည်ကို မသင်္ကာဖွယ်တွေ့ရှိရသဖြင့် ဖွင့်ဖောက်စစ်ဆေးရာ အဆိုပါဆိုင်ကယ် သုံးစီးပေါ်တွင် တင်ဆောင်ထားသည့် ဆာလာအိတ် ၁၃ အိတ်အတွင်းမှ ဒေသကာလတန်ဖိုးငွေကျပ် ၃ ဒသမ ၆၃ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၂၄ ဒသမ ၂ သိန်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ကျောက်တံခါးမြို့၌ ကျောင်းကျန်းမာရေး လှုပ်ရှားမှုပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

ကျောက်တံခါး ဩဂုတ် ၁၂

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ကျောက်တံခါးမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုများ ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၂ ရက် နံနက် ၉ နာရီက ကျောက်တံခါးမြို့ အခြေခံပညာအထက်တန်းကျောင်း ပတ္တမြားခန်းမဆောင်၌ ကျောင်းကျန်းမာရေး လှုပ်ရှားမှုပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပသည်။

ရှေးဦးစွာ KG တန်း ကျောင်းသား ကျောင်းသူလေးများက တစ်ကိုယ်ရည်လေ့ကျင့်ခန်းတေးကဗျာများဖြင့် ယှဉ်ပြိုင်ခြင်း၊ Grade – 1 ကျောင်းသား ကျောင်းသူလေးများက သွားကိုမှန်မှန်တိုက်တေးကဗျာဖြင့် ယှဉ်ပြိုင်ခြင်း၊ Grade –2 ကျောင်းသား ကျောင်းသူလေးများက လက်ဆေးတေးသီချင်းဖြင့် သီဆိုယှဉ်ပြိုင်ခြင်းနှင့် Grade–9 ကျောင်းသား ကျောင်းသူများက ပညာပန်းခင်းသီချင်းဖြင့် သီဆိုဖျော်ဖြေခဲ့ကြသည်။

ထို့နောက် ပထမ၊ ဒုတိယ၊ တတိယရရှိသော ကျောင်းသား ကျောင်းသူများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညွန့်ဆွေ၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာစည်သူစန်း၊ ဒုတိယမြို့နယ်ပညာရေးမှူး ဦးဇော်လင်းထွန်းနှင့် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုငွေများ ချီးမြှင့်ခဲ့ကြသည်။

**ခင်ကို(ကျောက်တံခါး)**



# မြို့နယ်အချို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် ဩဂုတ် ၁၂

ထားဝယ်မြို့နယ်၊ ကျိုက်ထိုမြို့နယ်နှင့် မင်္ဂလာဒုံမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၁၁ ရက် နံနက် ၇ နာရီတွင် ထားဝယ်မြို့နယ် ကျောက်ရပ်ကျေးရွာအုပ်စု ပေါက်တိုင်းကျေးရွာရှိ တံတားစစ်ဆေးရေးဂိတ်တွင် ဇော်လွင်လေး မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၁၄၈၀၊ အိုက်စ်သုည ဒသမ ၀၆ ကီလိုနှင့် မြန်မာငွေကျပ် ၁ ဒသမ ၀၅ သိန်းတို့ကိုလည်းကောင်း၊ အလားတူ ယင်းနေ့ မွန်းလွဲ ၂ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျိုက်ထိုမြို့နယ် မရမ်းချောင် ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် စိုင်းအောင်လှ(ခ) စိုင်းအောင်လတ် မောင်းနှင်လာသည့် Toyota Avanza အမျိုးအစား ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀၀ ကို လည်းကောင်း၊ ထို့အတူ ယင်းနေ့ နံနက် ၁၀ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် မင်္ဂလာဒုံမြို့နယ် ချစ်တီးကုန်းရပ်ကွက် အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားစခန်းတွင် ဇင်မင်းထွန်းကို မသင်္ကာဖွယ်တွေ့ရှိရသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **သတင်းစဉ်**



စိုင်းအောင်လှ (ခ) စိုင်းအောင်လတ်အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# ဒိုက်ဦးမြို့နယ်၌ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် လှုပ်ရှားမှုဆောင်ရွက်

ဒိုက်ဦး ဩဂုတ် ၁၂

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ်၌ မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး (ယာယီ)၏ လမ်းညွှန်မှုဖြင့် မိခင်နှင့် ကလေးကျန်းမာရေးဦးစီးဌာနတို့၏ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် မိခင်နို့စနစ်တကျ တိုက်ကျွေးခြင်း၊ ငါးနှစ်အောက်ကလေးများအားဗီတာမင်အေနှင့် သန်ချဆေးများတိုက်ကျွေးခြင်း၊ ကိုယ်အလေးချိန် တိုင်းပေးခြင်း၊ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ခြင်းများကို ဩဂုတ် ၁၂ ရက်က မြို့နယ်မိခင်နှင့် ကလေးကျန်းမာရေးဦးစီးဌာန၌ ကျင်းပသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်သင်းသင်းခိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး (ယာယီ) ဒေါက်တာနန်းဝင်း ဦးဆောင်သော ကျန်းမာရေးဝန်ထမ်းများက အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် လှုပ်ရှားမှုဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ကျော်ကျော်(ဒိုက်ဦး)**




# ဓနုဖြူမြို့နယ်၌ သမဝါယမအသင်းစု၏ နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာစည်းဝေး

ဓနုဖြူ ဩဂုတ် ၁၂

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ဓနုဖြူမြို့နယ်၌ သမဝါယမအသင်းစု(လီမိတက်)၏ နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် အမှုဆောင်သစ်များ ပြန်လည်ရွေးချယ်တင်မြှောက်ခြင်း အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက ဓနုဖြူမြို့သမဝါယမအသင်းစု အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် သဘာပတိ ဦးပုလဲ၊ ဓနုဖြူမြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအေးကိုတင့်နှင့် တိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစည်သူလင်းအောင်၊ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်တင်အေးတို့ကအဖွင့်အမှာစကားပြောကြားပြီး ဓနုဖြူမြို့ သမဝါယမအသင်းစု(လီမိတက်)၏ ၂၀၂၁ ခုနှစ် ဘဏ္ဍာနှစ်မှ ၂၀၂၂ ဘဏ္ဍာနှစ်အထိ ဘဏ္ဍာရေးအစီရင်ခံစာ၊ စာရင်းစစ်အစီရင်ခံစာအား ဖတ်ကြားတင်ပြခဲ့သည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် အသင်းကိုယ်စားလှယ်များက အကြံပြုချက်များ ဆွေးနွေးတင်ပြပြီး အသင်းသားများ၏ ဆွေးနွေးအကြံပြုချက်များကို ပြန်လည်ရှင်းလင်းတင်ပြခဲ့သည်။ ဒါရိုက်တာအဖွဲ့ဝင် တစ်ဦးက ဓနုဖြူမြို့နယ် သမဝါယမအသင်းစု လီမိတက်၏ ရှေ့လုပ်ငန်းစဉ်များ မှတ်တမ်းတင်ခြင်း၊ အတည်ပြုခြင်း၊ ဆုံးဖြတ်ချက်များ ချမှတ်ခြင်းတို့အား ဖတ်ကြားတင်ပြပြီး အတည်ပြုဆုံးဖြတ်ချက်များ ရယူခဲ့သည်။

ဆက်လက်၍ အသင်းစု၏ ဒါရိုက်တာအဖွဲ့ဝင် အရေအတွက်သတ်မှတ်ခြင်း၊ ရွေးချယ်ခြင်းနှင့် အတည်ပြုချက်ရယူခြင်းများ ပြုလုပ်ဆောင်ရွက်ခဲ့သည်။ ထို့နောက် အမှုဆောင်သစ် အဖွဲ့တာဝန်ခွဲဝေပြီး သဘာပတိရှေ့မှောက်တွင် ကတိသစ္စာခံယူပြီးနောက် ဥက္ကဋ္ဌသစ်က မိတ်ဆက်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

✻ CDM မှ

ထိုသို့ သဘောထားထုတ်ပြန်ပြီးနောက်ပိုင်းတွင် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုလားအပ်ဘဲ ဆုံးရှုံးမှုမရှိစေရေးအတွက် တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများကို ပြန်လည်ဖိတ်ခေါ်ရာတွင် ၃၁၅၆ ဦး၊ ရေးဖွင့်ထားသည့်အမှုများကို ပိတ်သိမ်းရန် ဆက်သွယ်လာသူ ၁၀၀၉ ဦး၊ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်သူများအနက်မှ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများကို ပြန်လည်ဖိတ်ခေါ်ရာတွင် ၂၃၁ ဦး ပြန်လည်ဝင်ရောက်လာပြီးဖြစ်သည်။ အဆိုပါ ပြန်လည်ဝင်ရောက်လာသူများကို စနစ်တကျ လက်ခံပေးခြင်း၊ မိဘရပ်ထံ ပြန်လည်အပ်နှံခြင်းများ ဆောင်ရွက်ပေးလျက်ရှိခြင်းတို့ကြောင့် ယခုအခါတွင် ပြန်လည်ဝင်ရောက်လာသူများနှင့် ပြန်လည်ဝင်ရောက်လိုသူများ များပြားလျက်ရှိသည်ကို တွေ့ရှိရသည်။ သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လိုသူများကို ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလက်ခံဆက်သွယ်ဆောင်ရွက်နိုင်ရေး လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလက်ခံနိုင်ရေး လုပ်ဆောင်ပေးလျက်ရှိရာ နိုင်ငံတော်အစိုးရအနေဖြင့် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများကို နယ်စပ်ဒေသအသီးသီးတွင် ကြိုဆိုလက်ခံရေးစခန်းများ ဖွင့်လှစ်လက်ခံသကဲ့သို့ နီးစပ်ရာ မြို့နယ်များရှိ မြို့နယ်ကြက်ခြေနီအသင်း၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်လူမှုဝန်ထမ်းရုံးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တရားဝင်အသိအမှတ်ပြုထားသည့် လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့အသီးသီးတို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် ယင်းသို့ သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းများနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင်များအား ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးအပ်



**နေပြည်တော် ဩဂုတ် ၁၂**

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ နယ်မြေအတွင်း သင်တန်းများတက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သည့် ဥပဒေဘောင်အတွင်းဝင်ရောက်လာသော မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ်မှ PDF အဖွဲ့ဝင်များအား ၎င်း၏ မိဘအုပ်ထိန်းသူများထံသို့ ထပ်မံလွှဲပြောင်းပေးအပ်ခြင်းကို ယနေ့တွင် ဆင်ပေါင်ဝဲမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး၌ ပြုလုပ်ရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် သရက်တပ်နယ်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့တို့မှ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်းဝင်ရောက်လာသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တာဝန်ရှိသူများက နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာ ပုဒ်မများကို ရှင်းလင်းဆွေးနွေး ပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်းဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော ဆင်ပေါင်ဝဲမြို့နယ်မှ PDF အဖွဲ့ဝင် အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့ကို ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပြီး ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ပြန်လည်ဝင်ရောက်ခြင်း ပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားပြီးဖြစ်ရာ ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသော PDF အဖွဲ့ဝင်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ကန်ကြီးထောင့်မြို့နယ်၌ သဘာဝရေပြင်အတွင်းသို့ ငါးမျိုးများစိုက်ထည့်

**ကန်ကြီးထောင့် ဩဂုတ် ၁၂**

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်၌ ကွင်းယား



အရှေ့ကျေးရွာအုပ်စု ကွင်းယားကြီးကျေးရွာရှိ သဘာဝရေပြင်အတွင်းသို့ ငါးမျိုးစိုက်ထည့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် ကန်ကြီးထောင့်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဝင်းဝင်းသန်းက သဘာဝရေပြင်အတွင်းသို့ ငါးမျိုးစိုက်ထည့်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သဘာဝရေပြင်အတွင်းသို့ ငါးမြစ်ချင်းကောင်ရေ သုံးသိန်း၊ ငါးခုံးမကြီးကောင်ရေ နှစ်သိန်း၊ ရွှေဝါငါးကြင်းကောင်ရေ ငါးသောင်းတို့ကို ငါးမျိုးများစိုက်ထည့်ကြသည်။ အဆိုပါအခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးမြသိန်း၊ ပုသိမ်ခရိုင် ငါးမျိုးစိုက်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ပါရမီဒေါင့်ကျေးရွာ၌ ကောက်စိုက်စက်ဖြင့် ဆင်းသုခစပါးစိုက်ပျိုး

**အိမ်မဲ ဩဂုတ် ၁၂**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် ပါရမီဒေါင့်ကျေးရွာ တောင်သူ ဦးသိန်းလွင်၏ ကွင်းအမှတ်(၃၄)၊ ဦးပိုင်အမှတ် ၈၃/၁ လယ်မြေတွင် စက်မှုလယ်ယာဦးစီးဌာန အမှတ်(ဆွယ်) စက်မှုလယ်ယာစခန်း(အိမ်မဲမြို့)မှ ကောက်စိုက်စက်ဖြင့် ဆင်းသုခစပါးစိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲအခမ်းအနားကို ယမန်နေ့နံနက် ၁၀ နာရီတွင် ကျင်းပခဲ့ကြောင်း သိရသည်။

ယခုနှစ်မိုးရာသီတွင် အိမ်မဲမြို့နယ်အတွင်း ကူဘိုတာကောက်စိုက်စက်ဖြင့် စပါးစိုက်ပျိုးခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများနှင့်ပတ်သက်၍ မြို့နယ်စက်မှုလယ်ယာဦးစီးဌာနဦးစီးမှူး ဦးဝင်းကျော်ကျော်လတ်က ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းဖြင့် လုပ်အားခသက်သာခြင်း၊ မျိုးစေ့ကုန်ကျမှုနည်းပါးခြင်း၊ ပျိုးထောင်ဧရိယာအနည်းငယ်သာ လိုအပ်ခြင်း၊ ပျိုးပင်များပြုပြင်ထိန်းသိမ်းမှု လွယ်ကူစိတ်ချရခြင်း၊ ပျိုးပင်များနုတ်ယူရန်မလိုအပ် ခြင်း၊ သန်မာ၍ရောဂါကင်းသော ပျိုးပင်များရရှိခြင်း၊ ကောက်စိုက်ရာတွင် လူအင်အားအသုံးပြုမှုနည်းပါးခြင်းနှင့် သက်သောင့်သက်သာစိုက်ပျိုးနိုင်ခြင်း၊ လုပ်ငန်းတွင်ကျယ်၍ ပြီးစီးမှုပိုမိုခြင်း၊ လေဝင်လေထွက်ကောင်းခြင်း၊ အောက်ပင်လှန်ရက် စောင့်ဆိုင်းရန်မလိုခြင်း၊ ပင်ပွားနှုန်းကောင်းပြီး



စပါးအထွက်နှုန်းကောင်းစေခြင်း၊ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးထားသည့် စပါးခင်းအား ရိတ်စက်၊ ရိတ်သိမ်းခြွေလှေ့စက်များဖြင့် အလွယ်တကူရိတ်သိမ်းနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိကြောင်း ရှင်းလင်းပြောကြားသည်။

အခမ်းအနားသို့ အိမ်မဲမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသက်ကိုကိုဦးနှင့် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စိတ်ပါဝင်စားသောတောင်သူများ တက်ရောက်ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ချင်းပြည်နယ် ဟားခါးမြို့အနီး CDF အမည်ခံ အကြမ်းဖက်သမားများက ဒေသခံခရီးသွားပြည်သူများအား လက်နက်ငယ်များဖြင့် အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်မှုကြောင့် အမျိုးသမီးတစ်ဦးသေဆုံး၊ အမျိုးသားနှစ်ဦး ထိခိုက်ဒဏ်ရာများရရှိ

**နေပြည်တော် ဩဂုတ် ၁၂**

ချင်းပြည်နယ် ဟားခါးမြို့အနီး CDF အမည်ခံ အကြမ်းဖက်သမားများက ခရီးသွားပြည်သူများအား လက်နက်ငယ်များဖြင့် အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် ယနေ့တွင် အပြစ်မဲ့ပြည်သူအမျိုးသမီးတစ်ဦးသေဆုံးပြီး အမျိုးသားနှစ်ဦး ထိခိုက်ဒဏ်ရာရရှိမှုဖြစ်စဉ် ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဟားခါးမြို့ ပြည်သူ့ဆေးရုံသို့ လက်နက်ငယ်ကျည်ထိမှန်ဒဏ်ရာများဖြင့် လူနာများရောက်ရှိနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စိစစ်ဖော်ထုတ်ခဲ့ရာ ဟားခါးမြို့ ဈေးသစ်ရပ်ကွက်နေ ဦးကောလျန်(ဘ) ဦးလာတင်ဟုတ်သည် ၎င်း၏ဇနီးဖြစ်သူ ဒေါ်ရှန်းနမ်ကျဲရ်(ဘ)ဦးတွေဒ်လိန်းဆုန်နှင့် ညီဖြစ်သူ ဦးကပ်ထန်ဟရဲ (ဘ)ဦးလာတင်ဟုတ်တို့လိုက်ပါ၍ ဟားခါးမြို့မှ Landcruiser အမျိုးအစား ယာဉ်အမှတ်၊ 2B/------- ဖြင့် ရန်ကုန်မြို့သို့ သွားရောက်စဉ် ယနေ့နံနက် ၈ နာရီ မိနစ် ၄၀ ခန့်တွင် ဟားခါးမြို့၏အထွက် လေးမိုင်ခန့်အကွာ၌ CDF အမည်ခံ အကြမ်းဖက်သမားများက ယာဉ်အား လက်နက်ငယ်များဖြင့် အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း၊ အဆိုပါ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဒေါ်ရှန်းနမ်ကျဲရ်မှာ ဦးခေါင်းကျည်ထိမှန်ဒဏ်ရာဖြင့် ဖြစ်စဉ်နေရာ၌ပင် သေဆုံးခဲ့ပြီး ဦးကောလျန်နှင့် ဦးကပ်ထန်ဟရဲတို့ နှစ်ဦးတွင် လက်နက်ငယ်ကျည်ထိမှန်ဒဏ်ရာများ ရရှိခဲ့သဖြင့် ဟားခါးမြို့ ပြည်သူ့ဆေးရုံသို့ တက်ရောက်ဆေးကုသမှုခံယူခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နေရာတစ်ဝိုက်အား လုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်းနှင့် ယခုကဲ့သို့ ခရီးသွားပြည်သူများအပေါ် အကြမ်းဖက်လုပ်ရပ်များ ကျူးလွန်ခဲ့သည့် CDF အမည်ခံ အကြမ်းဖက်သမားများအား တိုင်းရင်းသားပြည်သူများအနေဖြင့် ရှုံ့ရှာမုန်းတီးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၃-၈-၂၀၂၂ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၃၂၀ | ၂၃၆၅ | ၂၃၆၀ | ၂၃၃၀ | ၂၃၆၅ | ၂၃၉၀ | ၂၃၇၅ | ၂၃၅၀ | ၂၄၄၅ | ၂၄၆၀ | ၂၃၆၀ | ၂၃၆၅ | ၂၄၀၀ | ၂၄၀၅ | ၂၄၀၅ | ၂၆၂၅ | ၂၈၅၅ |
| 95 Ron | ၂၃၉၀ | ၂၄၃၅ | ၂၄၃၅ | ၂၃၉၅ | ၂၄၃၅ | ၂၄၅၅ | ၂၄၄၀ | ၂၄၂၀ | ၂၅၁၅ | ၂၅၃၀ | ၂၄၂၅ | ၂၄၄၀ | ၂၄၇၀ | ၂၄၇၀ | ၂၄၇၀ | ၂၆၉၀ | ၂၉၂၅ |
| HSD (500 ppm) | ၂၆၅၅ | ၂၇၀၀ | ၂၆၉၅ | ၂၆၆၀ | ၂၇၀၀ | ၂၇၂၀ | ၂၇၁၅ | ၂၆၈၅ | ၂၈၀၀ | ၂၇၉၅ | ၂၆၉၀ | ၂၇၀၀ | ၂၇၃၅ | ၂၇၃၅ | ၂၇၄၀ | ၂၉၅၅ | ၃၂၂၅ |
| HSD (50 ppm) | ၂၇၃၀ | ၂၇၇၅ | ၂၇၇၀ | ၂၇၃၅ | ၂၇၇၅ | ၂၇၉၅ | ၂၇၉၀ | ၂၇၆၀ | ၂၈၇၅ | ၂၈၇၀ | ၂၇၆၅ | ၂၇၇၅ | ၂၈၁၀ | ၂၈၁၀ | ၂၈၁၅ | ၃၀၃၀ | ၃၂၆၀ |
| HSD (10 ppm) | ၂၇၃၀ | ၂၇၇၅ | ၂၇၇၀ | ၂၇၃၅ | ၂၇၇၅ | ၂၇၉၅ | ၂၇၉၀ | ၂၇၆၀ | ၂၈၇၅ | ၂၈၇၀ | ၂၇၆၅ | ၂၇၇၅ | ၂၈၁၀ | ၂၈၁၀ | ၂၈၁၅ | ၃၀၃၀ | ၃၂၆၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၂၁၃ | ၂၂၉၁ |
| 95 Ron | ၂၂၇၈ | ၂၃၅၇ |
| HSD (500 ppm) | ၂၅၃၇ | ၂၆၁၇ |
| HSD (50 ppm) | ၂၆၀၈ | ၂၆၉၀ |
| HSD (10 ppm) | ၂၆၀၈ | ၂၆၉၀ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေး တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

❂ မြန်မာ့လက်ရွေးစင်မှ

လွင်မိုးအောင်သည် Rayong အသင်းတွင် ကျောနံပါတ်-၆ ဝတ်ဆင်ကစားမည်ဖြစ်သည်။ လွင်မိုးအောင်သည် အား/ကာသိပ္ပံမှ ထွက်ပေါ်လာသူဖြစ်ပြီး ၂၀၁၉ နှင့် ၂၀၂၀ ရာသီတွင် ရှောဝတီအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သည်။ ၂၀၂၁ နှစ်ဆန်းပိုင်းတွင် ရန်ကုန်ယူနိုက်တက်အသင်းသို့ ပြောင်းရွှေ့ခဲ့သော်လည်း ပြိုင်ပွဲမကျင်းပသဖြင့် တစ်ပွဲမျှမကစားရဘဲ နှစ်ဦးသဘောတူ စာချုပ်ဖျက်သိမ်းကာ ပြည်ပကလပ်များတွင် ကစားခွင့်ရရန် ကြိုးပမ်းခဲ့ခြင်းဖြစ်သည်။

လာမည့် ၂၀၂၂-၂၀၂၃ ရာသီ ထိုင်းလိဂ်-၁၊ လိဂ်-၂ နှင့် လိဂ်-၃ ပြိုင်ပွဲတွင် မြန်မာကစားသမားအများအပြား ပါဝင်ကစားမည်ဖြစ်သည်။

သတင်း-ကိုညီလေး

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်းကျေးရွာ ဂျာနယ် ထွက်ရှိ



၁၅-၈-၂၀၂၂ ရက်နေ့ထုတ် အတွဲ(၁၉)၊ အမှတ်(၁၆)တွင်
- ပဲပုပ်အထွက်ကောင်းစေသည့် နည်းစနစ်များ
- လယ်သမားများ ပြုပြင်ရမည့် စပါးအထွက်တိုးနည်းပညာများ
- မိုးစပါးစိုက်ပျိုးထုတ်လုပ်မှုစနစ်နှင့် လက်ရှိဈေးကွက်အနေအထား
- ဝက်မများသားပေါက်ခြင်းနှင့် ဝက်သားပေါက်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်း
- နွားကဏန်းများအား စီးပွားဖြစ်မွေးမြူနည်း
- ကင်ဆာရောဂါနှင့် အစားအစာများ
- ဆူးချွန်များပါဝင်သော ကျောရိုးမဲ့ရေနေသတ္တဝါ သံပခြုပ်၏ ကျန်းမာရေး ကောင်းကျိုးများ
- ကျန်းမာရေးအတွက် အသုံးဝင်သည့် အုန်းရည် အပါအဝင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊ သုတရသစုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ပါသည်။

တစ်စောင် (၂၅၀) ကျပ်
အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။
DKY Journal

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**



## ပြည်နယ်အဆင့် ကျောင်းကျန်းမာရေးအထိမ်းအမှတ် အခမ်းအနား ကျင်းပ

တောင်ကြီး ဩဂုတ် ၁၂

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ပြည်နယ်အဆင့် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုများနှင့် အထိမ်းအမှတ် အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီက အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း ဒေါ်ခင်သိန်းခန်းမဆောင်၌ ပြုလုပ်သည်။

ရှေးဦးစွာ ရှမ်းပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး လှဦးက အဖွင့်အမှာစကား ပြောကြားသည်။

**ပေးအပ်ချီးမြှင့်**

ထို့နောက် ကျောင်းကျန်းမာရေး သီတင်းပတ် အထိမ်းအမှတ်အဖြစ် ကျင်းပပြုလုပ်သည့် စာစီစာကုံး၊ ပိုစတာ ၊ ပန်းချီပြိုင်ပွဲတွင် စာစီစာကုံးပြိုင်ပွဲ၌ ပထမ၊ ဒုတိယ၊ တတိယဆုရရှိသည့် ကျောင်းသားကျောင်းသူများအား ရှမ်းပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးလှဦးက ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် ဂုဏ်ပြုဆုငွေများကိုလည်းကောင်း၊ ရှမ်းပြည်နယ် ဥပဒေချုပ်ဦးစိုင်းကျော်ဇံက ပိုစတာပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် ဂုဏ်ပြုဆုငွေများကိုလည်းကောင်း၊ ရှမ်းပြည်နယ် စီပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်က ပန်းချီပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် ဂုဏ်ပြုဆုငွေများကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

**ကြည့်ရှုအားပေး**

ယင်းနောက် ကျောင်းကျန်းမာရေး သီတင်းပတ် အထိမ်းအမှတ် video clip ကို ကြည့်ရှုခဲ့ပြီး တောင်ကြီးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ပြခန်းတွင် ပြသထားသည့် ကျောင်းကျန်းမာရေး ဆောင်ရွက်နေမှု မှတ်တမ်းများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ဓာတ်ခွဲနမူနာစုစုပေါင်း ၅၆၇၄ ခု စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၈ ဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၂-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၁-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၂-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၅,၆၇၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃၈) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၆၇) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၆၀၆,၇၂၃) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၁၄,၃၃၅) ဦးရှိပြီ ဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများကို နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိ ကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂၆) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၃,၀၈၁) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိသေဆုံးသူစုစုပေါင်း (၁၉,၄၃၅) ဦး ရှိပါသည်။

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှု ခံယူထားသူများကို ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၅ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာ ကျောင်းသား ကျောင်းသူများ၊ ကျောင်းနေပြင်ပကလေးများနှင့် ပြည်သူများအားလုံးကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ၆ လအတွင်း ရောက်ရှိသော ပြည်သူများကို ထပ်ဆောင်းကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက် ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

### ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ (၁၂-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၃၆၄) ခု | (၁၆) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၃) ခု | - |
| တပ်မတော်ဆေးရုံကြီးများ၏ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၂၂၆) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၆၇၁) ခု | (၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၆၂၈) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃,၇၈၂) ခု | (၁၈) ဦး |
| **စုစုပေါင်း** | **(၅,၆၇၄) ခု** | **(၃၈) ဦး** |

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၄၄၇၉၇၇၉ | ၈၉၅၄၆၁၅၁ | ၁၀၆၁၃၄၆ |
| ၂။ | အိန္ဒိယ | ၄၄၂၃၅၅၇ | ၄၃၅၇၃၀၉၄ | ၅၂၆၉၂၈ |
| ၃။ | ပြင်သစ် | ၃၄၁၆၉၂၈၁ | ၃၃၂၆၀၇၀၈ | ၁၅၂၉၉၀ |
| ၄။ | ဘရာဇီး | ၃၄၁၂၄၅၇၉ | ၃၂၉၂၇၇၆၂ | ၆၈၁၀၂၅ |
| ၅။ | ဂျာမနီ | ၃၁၄၈၉၄၈၄ | ၃၀၀၆၁၀၀၀ | ၁၄၅၅၆၁ |
| ၆။ | ဗြိတိန် | ၂၃၄၂၀၈၂၆ | ၂၂၉၇၂၉၄၇ | ၁၈၆၀၈၇ |
| ၇။ | အီတလီ | ၂၁၄၂၈၆၀၂ | ၂၀၃၁၄၆၈၉ | ၁၇၃၇၀၁ |
| ၈။ | တောင်ကိုရီးယား | ၂၁၁၁၁၈၄၀ | ၁၉၂၂၂၀၅၅ | ၂၅၄၉၉ |
| ၉။ | ရုရှား | ၁၈၈၂၄၂၈၂ | ၁၈၁၀၀၄၂၆၁ | ၃၈၃၀၁၁ |
| ၁၀။ | တူကီယဲ | ၁၆၂၉၅၈၁၇ | ၁၅၈၇၅၁၂၁ | ၉၉၆၇၈ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၁၃၆၂၅၄၀ | ၁၀၀၀၉၄၅၁ | ၄၃၀၉၆ |
| ၂။ | အင်ဒိုနီးရှား | ၆၂၇၃၂၂၈ | ၆၀၆၂၄၆၃ | ၁၅၇၁၈၉ |
| ၃။ | မလေးရှား | ၄၇၂၄၂၂၅ | ၄၆၄၂၀၇၈ | ၃၆၀၆၆ |
| ၄။ | ထိုင်း | ၄၆၁၆၅၁၂ | ၄၅၆၃၁၆၅ | ၃၁၇၆၆ |
| ၅။ | ဖိလစ်ပိုင် | ၃၈၂၃၀၈၄ | ၃၇၂၁၈၂၅ | ၆၀၉၄၄ |
| ၆။ | စင်ကာပူ | ၁၇၈၁၁၆၂ | ၁၆၈၉၉၈၆ | ၁၅၄၆ |
| ၇။ | မြန်မာ | ၆၁၄၃၃၅ | ၅၉၃၀၈၁ | ၁၉၄၃၅ |
| ၈။ | ဘရူနိုင်း | ၂၁၅၂၈၃ | ၂၀၅၇၇၃ | ၂၂၅ |
| ၉။ | လာအို | ၂၁၂၂၁၄ | ၂၀၈၃၄၄ | ၇၅၇ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၇၁၇၉ | ၁၃၃၈၅၀ | ၃၀၅၆ |



## မီးဘေးနှင့် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး လက်တွေ့သရုပ်ပြ

မိုင်းရယ် ဩဂုတ် ၁၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ် မီးသတ်ဦးစီးဌာနမှဦးစီး၍ မီးဘေးနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းနှင့် လက်တွေ့သရုပ်ပြခြင်းကို ယနေ့နံနက် ၁၀ နာရီတွင် မိုင်းရယ်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ ပြုလုပ်သည်။

အဆိုပါ မီးဘေးနှင့် သဘာဝဘေး အန္တရာယ်ကြိုတင်ကာကွယ်ရေးဆိုင်ရာ အသိပညာပေး လက်တွေ့သရုပ်ပြပွဲတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးသီဟစိုးက မီးသွေး၊ မီးဖို၊ လျှပ်စစ်နှင့် ဂက်စ်အိုးများအသုံးပြုရာတွင် မီးဘေးအန္တရာယ်ကျရောက်ပါက မီးငြိမ်းသတ်နိုင်ရေးနှင့် ကြိုတင်ကာကွယ်နိုင်ရေးဆိုင်ရာများ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကယ်ဆယ်ရေးလုပ်ငန်းသုံးပစ္စည်းများ အသုံးပြုပုံ အဆင့်ဆင့်တို့ကို အသိပညာပေး ရှင်းလင်းပြောကြားသည်။

ထို့နောက် မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ခြင်း၊ ကယ်ဆယ်ရေးလုပ်ငန်းသုံးပစ္စည်းများတပ်ဆင်၍ လက်တွေ့ဇာတ်တိုက်လေ့ကျင့်ခြင်းများ သရုပ်ပြကာ ကျောင်းသားကျောင်းသူများက လက်တွေ့စမ်းသပ်လုပ်ဆောင်ခဲ့ကြသည်။ မီးဘေးနှင့် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဆိုင်ရာ အသိပညာပေး လက်တွေ့သရုပ်ပြပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမင်းအောင်နှင့်အဖွဲ့ဝင်များ၊ ဒုတိယမြို့နယ် ပညာရေးမှူး နှင့် ဆရာ ဆရာမများက ကြည့်ရှုအားပေးခဲ့ကြပြီး ကျောင်းသား ကျောင်းသူ စုစုပေါင်း ၆၀ တက်ရောက်ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ပြီး ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ် အခြေခံရေးသားထားသည့် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်ခန်းစာအထောက်အကူပြု လေ့ကျင့်ခန်းများကို အလယ်တန်းနှင့် အထက်တန်း ကျောင်းသား ကျောင်းသူများ လေ့လာမှတ်သား လေ့ကျင့်နိုင်ရန် အပတ်စဉ် စနေနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။ ကြေးမုံစာတည်းအဖွဲ့

## Grade 6

ယခင်အပတ်က Unit 3 Lesson 2: At the market အကြောင်းကို ဖော်ပြခဲ့ပါတယ်။ ဒီအပတ်မှာ Unit 3 Lesson 3: Where is it? အကြောင်းကို ဖော်ပြသွားမှာဖြစ်ပါတယ်။

### Unit 3 Lesson 3: Where is it? (ဘယ်နေရာမှာလဲ)

- Prepositions of place (နေရာပြဝိဘတ်များ)
- Asking for and giving directions (တည်နေရာမေးခြင်းနှင့် လမ်းညွှန်ပြခြင်း)

#### Prepositions of place (နေရာပြဝိဘတ်များ)

အလွတ်ကျက်မှတ်ပါ။

| | | | |
|---|---|---|---|
| in | အထဲမှာ | in front of | အရှေ့မှာ |
| on | အပေါ်မှာ | behind | အနောက်မှာ |
| under | အောက်မှာ | between | ကြားမှာ |
| next to | ဘေးမှာကပ်လျက် | opposite | မျက်နှာချင်းဆိုင်မှာ |

**I. Look at the pictures. Complete the sentences with the prepositions in the box. (အောက်ပါပေးထားသော နေရာပြဝိဘတ်များကို သင့်တော်သော ဝါကျများတွင် ဖြည့်ပါ။)**

| | | | |
|---|---|---|---|
| behind | next to | in front of | over |
| in | on | between | under |



1. There is some pizza ___ the box.
2. There is a guitar ___ the plant and the lamp.
3. There are two dogs ___ the table.
4. There is a window ___ the sofa.
5. There is a rocket ___ the bag.
6. There is some cheese ___ the plate.
7. There is a rug ___ the sofa.
8. There is a lamp ___ the shelf.
9. There is a trophy (ဒိုင်းဆု) ___ the books.
10. There is a picture ___ the wall.
11. There is a bird flying ___ the trees.
12. There are two fish ___ the bowl.

#### Asking for directions (တည်နေရာမေးခြင်း)

တည်နေရာမေးတဲ့နေရာမှာ Where is/ are ...?ဆိုပြီး မေးရပါတယ်။ ပြန်ဖြေဆိုတဲ့အခါ Subject အနည်းကိန်းဆိုရင် It is.... / Subject အများကိန်းဆိုရင် They are .... ဆိုပြီး ပြန်ဖြေရပါတယ်။

ဥပမာ။ A: Where is the bank? (ဘဏ်ဘယ်နားမှာလဲ။)
B: The bank is next to the supermarket. (ဘဏ်က ဈေးဝယ်စင်တာနဲ့ ကပ်လျက်ပါ။)

ဥပမာ။ A: Where are the birds? (ငှက်ကလေးတွေ ဘယ်မှာလဲ။)
B: They are in the tree. (သူတို့တွေ သစ်ပင်ပေါ်မှာ။)

**II. Look at the picture mentioned above and answer the questions. (အထက်ဖော်ပြပါပုံကိုကြည့်ပြီး အမေး၊ အဖြေလေ့ကျင့်ပါ။)**

1. A: Where is the pizza? B: It is in the box.
2. A: Where are the dogs? B: They are under the table.
3. A: Where is ______? B: It is ______.
4. A: Where is ______? B: It is ______.
5. A: Where are ______? B: They are ______.

#### Giving directions (လမ်းညွှန်ခြင်း)

နေရာတစ်နေရာကို သွားရောက်ဖို့ မေးမြန်းတဲ့အခါ အောက်ပါဝါကျများကို အသုံးပြုပါ။ ကိုယ့်ကို အာရုံစိုက်မှုရှိအောင် Excuse me. ဆိုပြီး အရင်ဆုံးပြောရပါတယ်။

Where is the ....?
Where can I go to ....?
How can I go to ....?
Excuse me, do you know where the .... is?
How do I get to the ...?
I'd like to go to the ...?
Can you tell me where the ... is?
Please, give me the best way to the ...?

**ပြန်လည်ဖြေကြားတဲ့အခါမှာ**

Go straight/ go along.(တည့်တည့်သွား)
When you reach the junction,(လမ်းဆုံရောက်တဲ့အခါ)
When you reach the traffic light,(မီးပွိုင့်ရောက်တဲ့အခါ)
Turn right.(ညာဘက်ချိုး)
Turn left.(ဘယ်ဘက်ချိုး)
It is next to/ opposite .... (အဲဒါက ...နဲ့ကပ်လျက်မှာ၊ ... နဲ့ မျက်နှာချင်းဆိုင်မှာ)
It is on your right/ left. (ညာဘက်အခြမ်းမှာ၊ ဘယ်ဘက်အခြမ်းမှာ)
You can't miss it. (မပူပါနဲ့ သေချာတွေ့မှာပါ။)

**III. Look at the picture and practise for asking for and giving directions. (ပုံကိုကြည့်ပြီး တည်နေရာမေးမြန်းခြင်းနှင့် ပြန်လည်ဖြေကြားခြင်းတို့ကို လေ့ကျင့်ပါ။)**




1. A: Where is the post office?
B: Go along Violet Street. Turn right when you reach the junction. It is on your left. It is between the hospital and the restaurant.
2. A: Where is the park?
B: ______________________________
3. A: Where is the cinema?
B: ______________________________
4. A: Where is the cafe?
B: ______________________________
5. A: Where is the airport?
B: ______________________________

(လာမည့်အပတ်တွင် **Lesson 4 : My favourite room** အကြောင်း ဖော်ပြပါမည်)

## Grade 7

အရင်အပတ်က Unit 2 Lesson 3 : What an annoying habit! တွင် ပါရှိသည့် Adverbs of frequency ကြိမ်နှုန်းပြကြိယာဝိသေသနနှင့် always with Present Continuous Tense အကြောင်းကို ရှင်းပြခဲ့ပါတယ်။ ဒီအပတ်မှာတော့ Lesson 4 : What do you usually do at weekends? အကြောင်းကို ဖော်ပြသွားမှာဖြစ်ပါတယ်။

### Lesson 4 : What do you usually do at weekends?

- Good and bad habits (အကျင့်ကောင်းနှင့် အကျင့်ဆိုးများ)
- Weekend activities (အားလပ်ရက်လှုပ်ရှားမှုများ)

**(A) Choose a good habit or a bad habit from the following. The first one is given for you.**

| | | | |
|---|---|---|---|
| 1. | cleaning | သန့်ရှင်းရေးလုပ်ခြင်း | a good habit |
| 2. | littering | အမှိုက်ဖွခြင်း | ___________ |
| 3. | eating chocolate | ချောကလက်စားခြင်း | ___________ |
| 4. | staying late | အိပ်ရာနောက်ကျမှဝင်ခြင်း | ___________ |
| 5. | smoking | ဆေးလိပ်သောက်ခြင်း | ___________ |
| 6. | getting into fights | ရန်ပွဲများတွင်ပါဝင်ခြင်း | ___________ |
| 7. | boasting | ကြွားဝါခြင်း | ___________ |
| 8. | smiling | ပြုံးပြခြင်း | ___________ |
| 9. | eating a healthy diet | ကျန်းမာရေးနှင့်ညီညွတ်အောင်စားခြင်း | ___________ |
| 10. | picking your nose | နှာခေါင်းနှိုက်ခြင်း | ___________ |

**နေ့စဉ်လုပ်ဆောင်ချက်ကို ဖော်ပြသည့် ကြိယာများကို လေ့လာကျက်မှတ်ပါ။**

| | |
|---|---|
| get up | အိပ်ရာထသည်။ |
| make the bed | အိပ်ရာပြင်သည်။ |
| wash face and hands | မျက်နှာသစ်၊ လက်ဆေးသည်။ |
| take a shower | ရေချိုးသည်။ (ရေပန်းနှင့် ချိုးသည်) |
| brush teeth | သွားတိုက်သည်။ |
| make breakfast | နံနက်စာပြင်ဆင်သည်။ |
| have breakfast | နံနက်စာစားသည်။ |
| offer Soon to the Buddha | ဘုရားဆွမ်းတော်ကပ်လှူသည်။ |
| prepare for school | ကျောင်းသွားဖို့ပြင်ဆင်သည်။ |
| go to school | ကျောင်းသွားသည်။ |
| study the lessons | သင်ခန်းစာများကို လေ့လာသည်။ |
| have snacks | မုန့်စားသည်။ |
| go to the library | စာကြည့်တိုက်သွားသည်။ |
| play with friends | သူငယ်ချင်းများနှင့်ကစားသည်။ |
| clean the classroom | စာသင်ခန်းကို သန့်ရှင်းသည်။ |
| have lunch | နေ့လယ်စာ စားသည်။ |
| go back home | အိမ်ပြန်လာသည်။ |
| help parents | မိဘများကို ကူညီပေးသည်။ |
| play outside | အပြင်ထွက်ကစားသည်။ |
| take a bath | ရေချိုးသည်။ (ရေချိုးကန်နှင့် ချိုးသည်။) |
| have dinner with family | မိသားစုနှင့်အတူ ညစာ စားသည်။ |
| watch the TV | တီဗွီကြည့်သည်။ |
| do homework | အိမ်စာလုပ်သည်။ |
| study lessons | စာကျက်သည်။ |
| pay homage to the Buddha | ဘုရားရှိခိုးသည်။ |
| pay respects to my parents | မိဘများကို ကန်တော့သည်။ |
| wash face and hands | မျက်နှာသစ်၊ လက်ဆေးသည်။ |
| drink a glass of milk | နွားနို့သောက်သည်။ |
| go to bed | အိပ်ရာဝင်သည်။ |

**(1) Write a paragraph about your weekend activities using the above expressions. (အထက်ဖော်ပြပါ ကြိယာများကိုသုံးပြီး မိမိရဲ့ အားလပ်ရက် လုပ်ဆောင်ချက်များအကြောင်းကို စာတစ်ပိုဒ်ရေးပါ။)**

______________________________________________
______________________________________________
______________________________________________
______________________________________________

**Answer:**

**Weekend activities**

On my weekends, I get up late. I usually get up at about 9 o'clock. I sometimes visit my friends. We play table tennis. If not so, I stay home and read a book, listen to music, surf the internet. I often have a chat with my friends online. In the evening, I go for a swim or go for a walk or run around the park with my friends. And then I come back for dinner. I usually watch TV with my family. And I go to bed early. These are my weekend activities.

#### Practice Section

Student A နဲ့ Student B နေ့စဉ်လုပ်ဆောင်ချက်နှင့် ပတ်သက်ပြီး စကားပြောလေ့ကျင့်ပါ။



**Student A:** Hi! Good morning.
**Student B:** Hello! Good morning.
**Student A:** How do you start your day? (or) Can you tell me your daily activities/routines?
**Student B:** Yeah. I get up at 6 o'clock on my weekdays/my school days. I make breakfast and offer Soon to the Buddha. And then, I have breakfast. I prepare for school. I leave for school at half past eight. At school, I study my lessons actively. At 12 o'clock, I have lunch with my friends at the school canteen. We go to the school library. And I learn my lessons. At 3 o'clock, I come back home. I take a rest for a little while. And I help my parents with housework. After that, I play outside or ride a bike. I have a shower and have dinner. I watch TV and do homework. I say my prayers to the Buddha and pay respects to my parents. I drink a glass of milk and go to bed at about 10 o'clock. This is my simple life.
**Student A:** Ok, thanks.
**Student B:** You're welcome. Bye.

(လာမည့်အပတ်တွင် **Unit 3 Lesson 1 : At the clothes shop** အကြောင်းဖော်ပြသွားပါမည်)

## Grade 8

## Unit 3

### Lesson 3:Could I have a piece of cheesecake?

**I. Supply the correct word for the blank in each sentence. The first letter is given to help you.**

R_____________ is our main food.

A d____________ is a person who is qualified to treat people who are ill.

Can you tell me your phone number and e-mail a____________?

I'm thirsty. Could you bring me a d____________?

Zaw Lay's text m____________ brought us the good news.

II. **Complete each sentence with a suitable word in the box. Inpairs, decide on this correct function for each.**

| have like help speak carry wash do turn come |
|---|

1. Shall I ___________ your suitcase?
2. Can I ___________ to Mrs. Jones?
3. Would you ___________ some cookies?
4. Would you ___________ something to eat?
5. May I ___________ in?
6. Could you ___________ me?
7. Would you like me to ___________ your car?
8. Shall I ___________ some shopping for the party?
9. I am going to study. Can you ___________ off the T.V?

**III. Supply the correct form of the verbs given in brackets.**

1. (ring) Suddenly, the door bell ______________.
2. (take) It is raining outside. ____________ an umbrella.
3. (bring) Can you ____________ me some water?
4. (start) Ko Ko got in the car and _________ the engine.
5. (call) I'm busy now. I ____________ back you later.

**IV. Complete the conversations by making polite requests. Look at the example.**

**e.g. A: I'm going to the pharmacy.**

**B: (get some aspirins) Could you get me some aspirins?**

1. A: I'm going to study my lessons.
 B: (Turn off the TV) ____________________________?
2. A: I'm going to the kitchen.
 B: (bring me some water) ____________________?
3. A: I'm going to see Kyaw Kyaw later.
 B: (say hello for me) __________________________?
4. A: I'm going to the store.
 B: (get me a bag of chips) _______________________?
5. A: I'm going downtown.
 B: (get a present for my mother) ______________?
6. A: I'm going to the supermarket.
 B: (get me a loaf of bread) _______________________?
7. A: I'm going to the bank.
 B: (make a deposit for me) _______________________?

**V. Fill in the blanks to make requests.**

1. A: __________ borrow your pencil?
 B: No problem. Here you go.
2. A: __________ help me with my homework?
 B: No, she can't. She's busy!
3. A: ____________ give me a ride home?
 B: Sure. We can meet at 8:30 PM.
4. A: ____________ lend us his car?
 B: Yes, he can.
5. A: These books are very heavy. ____________ help me?
 B: I sure can.

**VI. Make offers using the given words.**

1. cook the dinner. (Shall)
 ____________________________________________?
2. clean the floor. (Can)
 ____________________________________________?
3. a cup of coffee. (Would)
 ____________________________________________?
4. do the shopping. (Will)
 ____________________________________________?
5. some sandwiches. (Would)
 ____________________________________________?

**VII. Choose the correct answer from the given words.**

**May/ Could/ Can/ Do you mind/ Would you mind**

1. ______________________ if I smoke here?
2. ______________________ I borrow your car tonight, father?
3. ______________________ I have a look at your photo album?
4. ______________________ if I opened the window?
5. ______________________ I have some more candy, mother?
6. ______________________ if I invited them to dinner?
7. ______________________ I use your phone charger, please?
8. ______________________ if I check my e-mail first?
9. ______________________ they stay over tonight?
10. ______________________ I take the day off tomorrow

************************

## Grade 9 (စနစ်ဟောင်း)

အရင်အပတ်က Past Perfect Tense အကြောင်းကို ဖော်ပြခဲ့ပါတယ်။ ဒီအပတ်မှာတော့ Future Tense အကြောင်း ဖော်ပြသွားမှာဖြစ်ပါတယ်။

### Simple Future Tense (will + V1)

အနာဂတ်တွင်လုပ်ဆောင်မည့်ကိစ္စရပ်များကို ကြိုတင်ဖော်ပြပြောဆိုရာတွင် Simple future tense (will + V1) ကိုသုံးသည်။ လိမ့်မယ် ဟု ဘာသာပြန်ရသည်။ (ယခုရှိတဲ့ သတင်းအချက်အလက်အပေါ်မူတည်ပြီး အနာဂတ်တွင် ဘာလုပ်မယ်၊ ဘာမလုပ်ဘူးဆိုပြီး ဆုံးဖြတ်ချက်ချမှတ်သည်။)

ဥပမာ။ I **will go** to Bagan tomorrow. (မနက်ဖြန် ကျွန်တော် ပုဂံသွားမယ်။)

We **will meet** again. (ငါတို့ထပ်တွေ့ကြမယ်။)

I **will try** again. (ကျွန်တော် ထပ်ကြိုးစားမယ်။)

She **will come** to your birthday. (မင်းမွေးနေ့ပွဲကို သူလာလိမ့်မယ်။)

အထက်ပါဝါကျတွေဟာ စကားပြောတဲ့အချိန်မှာမှ လုပ်ဆောင်ဖို့ကို ဆုံးဖြတ်ချက်ချမှတ်တဲ့ ဝါကျတွေဖြစ်ပါတယ်။ ဒါကြောင့် will +V1 နဲ့ရေးရပါတယ်။

မှတ်ချက်။ I/We ဆိုရင် shall နဲ့သုံးလေ့ရှိခဲ့ပါတယ်။ အခု modern English မှာတော့ I/We ကိုလည်း will နဲ့သုံးနေကြပါပြီ။ (I/We shall = I/We will)

| Forms |
|---|
| Positive form – I/We/You/They/He/She/It <u>will play</u> tennis. |
| Negative form – I/We/You/They/He/She/It <u>will not play</u> tennis. |
| Question form – **Will** I/We/You/They/He/She/It **play** tennis? |
| Negative short form – **will not = won't** |

(Subject အနည်းကိန်းရော၊ အများကိန်းပါ will သုံးရပါတယ်။)

Time expressions (အချိန်ညွှန်းကိန်း)

Tomorrow မနက်ဖြန် , tonight ဒီည, in an hour တစ်နာရီအတွင်း, next week လာမည့်အပတ်မှာ, soon မကြာမီ

လေ့ကျင့်ခန်းများဖြေဆိုပါ။

(1) Translate the following into English.

1. သူတို့ မနက်ဖြန် ဒီကိုလာလိမ့်မယ်။ (come here)
 ___________________________.
2. ကျွန်တော်တို့ သူတို့ကို ကူညီကြမယ်။ (help them)
 ___________________________.
3. သူ မကြာမီ စာကျက်လိမ့်မယ်။ (study his lessons)
 ___________________________.
4. သူ ဒီကားကို လာမည့်အပတ်မှာ ဝယ်လိမ့်မယ်။ (buy)
 ___________________________.
5. သူတို့ တစ်နာရီအတွင်းမှာ ထွက်ခွာကြလိမ့်မယ်။ (leave)
 ___________________________.

(2) **Fill in the blanks with the <u>Simple Future Tense</u> of the verbs in brackets.**

1. He ___ (not wait) for us tomorrow.
2. She ___ (stay) home this afternoon.
3. We ___ (not play) badminton next Wednesday.
4. We ___ (go) to the party tomorrow night.
5. She ___ (accept) this job.
6. I ___ (tell) you the whole story tomorrow.
7. Father ___ (buy) a new car next month.
8. Min Maung ___ (come) here in a few minutes.
9. ___ she ___ (sell) her old car next month?
10. ___ you ___ (read) this book again?

### (Be) going to + V1 (တော့မည်)

အနာဂတ်တွင်လုပ်ဆောင်မည့် ကိစ္စရပ်များကို ဖော်ပြပြောဆိုရာတွင်လည်း (be) + going to V1 ကို သုံးသည်။ တော့မည် ဟု ဘာသာပြန်ရသည်။ လုပ်ဆောင်မည့်ကိစ္စရပ်နှင့်ပတ်သက်ပြီး ကြိုတင်ဆုံးဖြတ်ထားပြီးဖြစ် သို့မဟုတ် စီစဉ်ထားပြီးဖြစ်သည်။ လုပ်ဆောင်ဖို့ ဖြစ်ပျက်ဖို့ သေချာသည်။

ဥပမာ။ I <u>am going to buy</u> that house. (ကျွန်တော်အဲ့ဒီအိမ်ကို ဝယ်တော့မယ်။)

We <u>are going to fell down</u> this mango tree. (ကျွန်တော်တို့ ဒီသရက်ပင်ကို ခုတ်လှဲချတော့မယ်။)

She <u>is going to visit</u> us tomorrow.

(သူ ငါတို့ဆီမနက်ဖြန်လာလိမ့်မယ်။) သေချာမှုရှိတဲ့သဘော

We <u>are going to have fish</u> for dinner tonight. (ကျွန်တော်တို့ ဒီညစာကို ငါးဟင်းစားကြတော့မယ်။) ကြိုတင်စီစဉ်ထားတဲ့သဘော

| Forms |
|---|
| Positive form – I **am going to play** football on weekends.<br>We/You/They **are going to swim** this even-ing.<br>He/She/It **is going to arrive** here late. |
| Negative form – **I am not/ I'm not** going to play football on weekends.<br>We/ You/ They **are not/ aren't** going to swim this evening.<br>He/ She/ It is **not/ isn't** going to arrive here late. |
| Question form – **Am I going to play** football on weekends?<br>Are we/you/they **going to swim** this evening?<br>Is he/she/it **going to arrive** here late? |

- **Will V1 – အနာဂတ်လုပ်ဆောင်ဖို့ အခုမှ ဆုံးဖြတ်ချက်ချမှတ်။**
- **(be) going to V1 – အနာဂတ်လုပ်ဆောင်ဖို့ အခုအချိန်မတိုင်မီကတည်းက ဆုံးဖြတ်ချက်ချမှတ်ပြီးသား၊ ကြိုတင်စီစဉ်ပြီးသား၊ သေချာမှုရှိ။**

ဥပမာ။ ရုတ်တရက် ဖုန်းထမြည်လို့ ဖုန်းကိုင်ဖို့ သွားတယ်ဆိုရင် **will V1 နဲ့ရေးရမယ်။**

**e.g. I <u>will answer</u> the phone.**

**ဒီလိုမဟုတ်ဘဲ ဖုန်းမလာခင်ကတည်းက ဖုန်းလာရင်ကိုင်ဖို့ ဘေးမှာ ထိုင်စောင့်နေတယ်ဆိုရင် (be) going to V1 နဲ့ရေးရပါတယ်။**

**e.g. I am going to answer the phone.**

**လေ့ကျင့်ခန်းများဖြေဆိုပါ။**

(1) Write out these sentences using the **"going to"** form of the verbs in brackets.

1. I ___ (visit) my grandpa next month.
2. Mother ___ (fly) to the UK next Sunday.
3. They ___ (see) a show tonight.
4. Look out! The tree ___ (fall).
5. Mother ___ (buy) a new watch for my birthday.

(လာမည့်အပတ်တွင် Future Continuous Tense and Future Perfect Tense အကြောင်းဖော်ပြပါမည်)

အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှုတစ်စုံတစ်ရာမရှိပါက သို့မဟုတ် ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလိုပါက ဆရာဦးအောင်ကျော်ကျော် (၀၉-၄၃၁၅၇၀၇၁)ထံ ဆက်သွယ်မေးမြန်းအကြံပြုနိုင်ပါသည်။

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် ဝတ္ထုတိုကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ သိပ္ပံမောင်ဝနှင့် စာရေးဆရာ ဆင်ဖြူကျွန်းအောင်သိန်းတို့၏ ဝတ္ထုတိုကို အပတ်စဉ်စနေနေ့တိုင်းတွင် တစ်လှည့်စီဖော်ပြပေးသွားမည်ဖြစ်ပါသည်။

# ရုံးတော်

သိပ္ပံမောင်ဝ

ဧရာဝတီမြစ်ဝကျွန်းပေါ်တွင် တည်ရှိသော ဇလွန်မြို့လေးသည် ရှည်မျောမျောနေ၏။ မြစ်ဆိပ်မှတက်လာသော ရှည်လျားသောလမ်းအတိုင်း လျှောက်၍ သွားရ၏။ နှစ်မိုင်ကျော်ကျော်ခန့် ဝေးလေသည်။ အိမ်များကား ၎င်းလမ်းအတိုင်း စီတန်း၍ ဆောက်လုပ်ထား၏။ ဤလမ်းအပြင် အခြားလမ်းမရှိ။ လမ်းတစ်လျှောက်တွင်လည်း လက်ယာတစ်ဖက်တွင်သာ အိမ်များ၏။ လက်ဝဲဘက်တွင်ကား ဘုရား၊ ကျောင်းနှင့် ကွင်းပြင်ကြီးသာလျှင် ရှိလေသည်။

မြို့အုပ်မင်း၏ ရုံးတော်ကား (ဝါ) အစိုးရမင်း၏ ရုံးတော်ကား ဤရှည်လျားလှစွာသော မြို့၏ အစွန်အဖျား၌ တည်ရှိလေသတည်း။ ရုံးတော်မှာလည်း မြို့ကိုအတုလိုက်ပြီးလျှင် ရှည်လျားလျားပင် ဆောက်လုပ်၍ထား၏။ ကျယ်ကား များစွာမကျယ်၊ နှစ်ထပ်ရုံးတော်ဖြစ်လေသည်။ အောက်ထပ်၊ ပထမအခန်းလေးကား စာရေးကြီး၏ အခန်းဖြစ်၏။ ၁၃x ၃၀ ပေခန့် ကျယ်၏။ ထို့နောက် မြို့အုပ်မင်း၏ တရားခွင်၊ တော်တော်ကျယ်၏။ နောက်မြို့အုပ်မင်း၏ အလုပ်ခန်း၊ ၁၅ x၃၀ ပေခန်း တံခါးပိတ်၊ အဝါရင့်များဖြင့် ပိတ်၍ထား၏။ ဤအခန်းနှင့် နီးကပ်နေသောအခန်းကား ငွေတိုက်စာရေးကြီးနှင့် အခွန်စာရေးတို့၏ အခန်းတည်း။ တစ်ရုံးလုံးမှာမှ အောက်ထပ်တွင် လေးခန်းသာ၊ အထက်ထပ်တွင်လည်း ဤနည်းအတိုင်း လေးခန်းသာတည်း။ ပထမအခန်းသည် ဘိလစ်စာရေးကြီးအခန်း၊ ဒုတိယအခန်းကား တရားမမြို့အုပ်၏ တရားခွင်၊ တတိယကား မြို့အုပ်မင်း စဉ်းစားခန်း၊ စတုတ္ထကား သက်သေခံပစ္စည်းတို့ သိုမှီးရာတည်း။ ဤကား ဇလွန်မြို့ အစိုးရရုံးတော်ကြီး၏ အကျယ်အဝန်း ဖြစ်လေသည်။

ရုံးဝင်းကား အတော်ကျယ်၏။ ကွင်းပြင်ကြီးအတွင်း၌ ဆောက်ထားသောကြောင့် နေပူကျဲကျဲနေ၏။ သစ်ပင်ဆို၍ ရုံးရှေ့ခပ်လှမ်းလှမ်းတွင် ကုက္ကိုပင်တစ်ပင်သာရှိ၏။ ပတ်ဝန်းကျင်ကား ပြောင်ပြောင်ကြီးတည်း။ ရုံးတော်၏ လက်ဝဲဘက်တွင် လျှောက်လွှာစာရေးများနှင့် တရုတ်လက်ဖက်ရည်ဆိုင်တည်ရာ သစ်သားဖြင့် ဆောက်အပ်သော ရုံတစ်ရုံ ရှိလေသည်။ ရုံးတော်၏ လက်ယာဘက်တွင် ရုံးစောင့်ပြာတာ၏ အိမ်ကလေးတစ်အိမ် ရှိ၏။ ရုံးနောက်တက်ဆင်း၊ အပြင်ခပ်လှမ်းလှမ်းတွင် ပုလိပ်ဂါတ်ဝိုင်းရှိ၏။

ဤနေ့ကား မြို့ပိုင်မင်း တောသွားခိုက်ဖြစ်၏။ ရုံးတော်ဝရန်တာ ပတ်ဝန်းကျင်တွင် တောသူ တောသား လေး၊ ငါး၊ ရှစ်ယောက်၊ ချစ်တီးကုလား သုံး၊ လေးယောက်၊ အမိန့်တော်ရ တစ်ယောက်၊ နှစ်ယောက်တို့ကို တွေ့မြင်ရလေသည်။ အချို့ကား ရပ်လျက်၊ အချို့ကား ကြမ်းပေါ်တွင် ထိုင်လျက်၊ အချို့ကား ဟိုလျှောက်သည်လျှောက်လျက်နေကြ၏။

လူခွန်လာပေးကြသော သူကြီးတစ်ယောက်တလေ သေနတ်ကြီးများထမ်း၍လာကြ၏။ အခွန်စာရေးထံတွင် အပ်နှံကြ၏။ ဟိုဟိုသည်သည် ပြောကြ၏။ အခွန်စာရေးကား ထိုသူကြီးများကို လူဟူ၍ပင်မမှတ်၊ ထင်ရာပြော၊ မြင်ရာပြောနှင့်လုပ်၏။ ငေါက်လည်းငေါက်၏။ သူကြီးများ၏စိတ်တွင်ကား မခံချင်ဖြစ်ကြ၏။ သို့သော် မည်သို့မျှပြန်လှန်မပြောဝံ့ရှာကြချေ။ ထိုအခွန်စာရေးကြီးတည်းဟူသော ဆရာကြီးရှေ့တွင် သူကြီးတည်းဟူသော ကျောင်းသားကလေးတို့သည် ပျပ်ဝပ်လျက်နေကြကုန်၏။ မတုန်မလှုပ်ဝံ့ကြချေ။ အခွန်ရုံးစာရေး၏ စိတ်ထဲတွင်မူကား မိမိကိုယ်ကို အခွန်တော်ရေး အတွင်းဝန်ကြီး၊ ဘဏ္ဍာတော်ရေး အမတ်ကြီးဟူ၍ပင် ထင်မှတ်မိ၏။ မိမိနှင့်တူသောသူ ဤမြို့ပေါ်တွင် မရှိ၊ အဘယ်သူ တုပြိုင်ဝံ့အံ့နည်း။ မိမိကဲ့သို့သော သူအားအရိုအသေမပေးဘဲ မည်သူနေဝံ့ပါအံ့နည်း။ အရွယ်ကား သုံးဆယ်ကျော်မျှ ရှိသေး၏။ နှုတ်ခမ်းမွေး ခပ်သက်သက်၊ ခေါင်းပေါင်းကို ကျကျနနပေါင်း၊ ရှပ်အင်္ကျီ ကြွေတိုက်လက်မာမာကိုဝတ်၊ အကောင်းဆုံး ရှူးဖိနပ်စီး၊ ဘန်ကောက်လုံချည် ထည်ထည်ဝါဝါ၊ မြို့အုပ်ပေလားဟု ထင်မှတ်ဖွယ်၊ ပြောဆိုသောအသံကား အိုးခွဲသော အသံကဲ့သို့ ခပ်မာမာ၊ ခပ်ကြောင်ကြောင်၊ တစ်ခါတစ်ခါ ၎င်း၏အော်သံကိုကြားရ၏။ တစ်ခါတစ်ခါ ငေါက်သံကို ကြားရ၏။

၎င်းနှင့် ခပ်လှမ်းလှမ်းမှ ငွေစများကို တီးနေသော အသံကိုကြားရ၏။ စကားပြောသော အသံကိုကား မကြားရချေ။ ထိုနေရာကား ငွေသွင်း၊ ငွေထုတ်ရာဖြစ်၏။ ငွေတိုက်စာရေးကြီးနှင့် ၎င်း၏လက်အောက် စာရေးတို့ကား တိတ်ဆိတ်စွာ စကားမပြောဘဲ ကြိုးစားကာ ငွေရေခြင်း၊ ငွေပေးခြင်း၊ စာရင်းသွင်းခြင်းအလုပ်တို့ကို လုပ်လျက်နေကြ၏။ နှစ်ယောက်လုံးမှာ တည်ကြည်သော မျက်နှာထားရှိကြလေသည်။ ငွေကပင် ဤသို့တည်ကြည်သော မျက်နှာထားဖြစ်စေသလော၊ နဂိုကပင် တည်ကြည်သော မျက်နှာထားရှိကြပါသလော။

အစွန်ဆုံး စာရေးကြီး၏ အခန်းမှမူကား စာရိုက်စက်၏ အသံကို ခပ်သဲ့သဲ့လေး ကြားရ၏။ အလုပ်များနေဟန်တူလေသည်။ မိမိ၏ အလုပ်နှင့်သာလျှင် ရှုပ်ပွေနေသူဖြစ်၏။ အသက်ကားကြီးပေပြီ။ အငြိမ်းစားခြင်းဘဝသို့ ရောက်ရန်သာ လိုတော့၏။ မျက်နှာထားကား ရိုးသားတည်ကြည်ပုံတည်း။

တစ်ရံတစ်ခါ အထက်ထပ် တရားမမြို့အုပ်မင်းရုံးတော်မှ “တရားလို မူတူးဆာမိချစ်တီးယား၊ တရားခံမောင်နီ၊ မောင်သူတော်၊ မသာလီ”ဟူ၍ ရှေ့ဘက်က အော်နေသောအသံကို သဲ့သဲ့ကြားရပေ၏။ မြို့အုပ်မင်းစစ်ဆေးရန်အမှုများကိုခေါ်နေခြင်းပင်တည်း။ လူတစ်ယောက်၊ နှစ်ယောက်တို့၏ တက်သွားသော ခြေသံ၊ ဆင်းလာသော ခြေသံတို့ကို

လူခွန်လာပေးကြသော သူကြီးတစ်ယောက်တလေ သေနတ်ကြီးများထမ်း၍လာကြ၏။ အခွန်စာရေးထံတွင် အပ်နှံကြ၏။ ဟိုဟိုသည်သည် ပြောကြ၏။ အခွန်စာရေးကား ထိုသူကြီးများကို လူဟူ၍ပင်မမှတ်၊ ထင်ရာပြော၊ မြင်ရာပြောနှင့်လုပ်၏။ ငေါက်လည်းငေါက်၏။ သူကြီးများ၏စိတ်တွင်ကား မခံချင်ဖြစ်ကြ၏။ သို့သော် မည်သို့မျှပြန်လှန်မပြောဝံ့ရှာကြချေ။ ထိုအခွန်စာရေးကြီးတည်းဟူသော ဆရာကြီးရှေ့တွင် သူကြီးတည်းဟူသော ကျောင်းသားကလေးတို့သည် ပျပ်ဝပ်လျက်နေကြကုန်၏။ မတုန်မလှုပ်ဝံ့ကြချေ။ အခွန်ရုံးစာရေး၏ စိတ်ထဲတွင်မူကား မိမိကိုယ်ကို အခွန်တော်ရေးအတွင်းဝန်ကြီး၊ ဘဏ္ဍာတော်ရေးအမတ်ကြီးဟူ၍ပင် ထင်မှတ်မိ၏

လည်းကြားရ၏။ ဝရန်တာတွင် လက်ဖက်ရည်ဆိုင်မှ တရုတ်လည်း လက်ဖက်ရည်ပန်းကန်အချို့ကိုကိုင်ကာ ဟိုအခန်းဝင် သည်အခန်းဝင်နှင့် လုပ်နေ၏။ စာရေးများအား လက်ဖက်ရည်လိုက်၍ ပေးနေခြင်းပေတည်း။

မြို့အုပ်မင်း တောသွားခိုက်ဖြစ်သောကြောင့် မြို့အုပ်မင်း၏ တရားခွင်တွင် လူမရှိ။ တရားခွင်ကြီး ခပ်ပျင်းပျင်းရှိနေဟန်တူ၏။ တရားခွင်ကြီးမှ ပျော်စေတော့ဟူသောသဘောဖြင့် စာကလေးငှက်များ အထက်မှနေ၍ ဆူညံစွာမြူးထူးပျော်ပါး၍ နေကြကုန်၏။ အသိုက်လုပ်သူလုပ်၊ ပျံဆင်းသူဆင်း၊ ပျံတက်သူတက်၊ ပျံထွက်သူထွက်၊ အစာခွံ့သူကခွံ့နှင့် အလွန့်အလွန်ပင် ပျော်ပွဲကြီးခွံ့နေကြလေသည်။ ဤတရားခွင်ကြီးမှပင် လူပေါင်းများစွာကို ထောင်အကျဉ်းထားရန် မြို့ပိုင်မင်း အမိန့်ထုတ်ပြန်ခဲ့ကြောင်းကိုလည်းကောင်း၊ ဒဏ်ငွေအမြောက်အမြား တပ်ထားပြီးသည့်အကြောင်းကိုလည်းကောင်း ထိုပျော်ပါးနေကြသော စာကလေးအများသည် လားလားမှ မရိပ်မိရှာကြချေ။ ထိုတရားခွင်မှာ ကြောက်စရာ၊ လန့်စရာဟူ၍လည်းမသိ၊ မိမိတို့ အလိုကျသလိုပင် နေကြလေတော့၏။ ထင်သလို နေကြရုံမျှမကသေး၊ မစင်များကိုပင် စွန့်၍ချသောကြောင့် တရားခွင်တစ်ခုလုံး ဖြူဖွေးလျက်နေလေသတည်း။

မြို့အုပ်မင်း အလုပ်ခန်းရှေ့တည့်တည့် ဝရန်တာကြမ်းပြင်ပေါ်တွင် ထိုင်နေသူမိန်းမကား အသက်သုံးဆယ်ခန့်ရှိ၏။ ရုံးတက်ချိန် ၁၁ နာရီခန့် အချိန်မှစ၍ ထိုင်နေသည်မှာ သုံးနာရီ ထိုးသည့်တိုင်အောင် ဘယ်သို့မျှမသွား၊ အနားတွင် အဖော်လည်းမပါ၊ တစ်ယောက်တည်းသာ ထိုင်၍နေ၏။ အဝတ်အစားတို့မှာ အလွန်ပင် ညစ်နွမ်းပေရေလျက်နေ၏။ ဆံပင်မှာလည်း ဆီဆို၍ တွေ့ဖူးဟန်မတူ၊ တစ်ခေါင်းလုံးမှာလည်း ဖုန်အတိပြီးနေသဖြင့် ဆံပင်တို့မှာ ဖုန်အရောင်ထလျက်နေ၏။ တစ်ခါတစ်ခါ သမ်း၏။ တစ်ခါတစ်ခါ စောင်း၍ထိုင်၏။ တစ်ခါတစ်ခါ မတ်တတ်ထိုင်၏။ နေလည်း ဝရန်တာပေါ်သို့ တိုး၍လာ၏။ ထိုမိန်းမလည်း ထိုနေရာမှာပင် ထိုင်မြဲထိုင်လျက်နေ၏။ နေပူခြင်း နေမင်းနှင့်ပင် မိတ်ဆွေဖွဲ့ထားသလော။ နေမင်းကိုပင် အရွဲ့တိုက်ကာ ဂုဏ်ခံနေသလော။ မိမိစိတ်အတွင်း၌ ပူပန်ခြင်းသည် နေမင်း၏ အပူထက်ပင် ဆယ်ဆကဲနေသောကြောင့်ပေလောဟူ၍ တွေးတောဖွယ်ရှိ၏။

အဘယ်ကြောင့် ထိုမိန်းမသည် ဤရုံးတော်သို့ လာရသနည်း။ မြို့အုပ်မင်းထံလျှောက်ထားရန် တစ်စုံတစ်ရာရှိသောကြောင့်ပေလော။ မိမိလင်သားအပေါ်တွင် တောင်းခံထားသော လူခွန်ကို မပေးဆောင်နိုင်သေး၍ ရက်ချိန်းရွှေ့ပေးရန် လျှောက်ထားလိုသောကြောင့်ပေလော။ မြို့အုပ်မင်းက ရုံးတော်သို့လာရန် ဆင့်ခေါ်ထားသောကြောင့်ပေလောဟု မတွေးတောတတ်အောင်ပင်ဖြစ်ရ၏။

မြို့အုပ်မင်း၏ ရုံးအလုပ်ခန်းတွင် ထိုင်နေသူကား ငွေတိုက်အလုပ်သင်ရန် လာရသော ဝန်ထောက်ကလေးဖြစ်၏။ လက်ထောက်ငွေထောက်စာရေး ရမန်ယူ၍လာသောစာရွက်များကို လက်မှတ်ထိုး၏။ လက်မှတ်ထိုးပြီးလျှင် အလုပ်မရှိ၊ ဟိုစာအုပ်ကြည့်၊ သည်စာအုပ်ကြည့်နှင့်နေ၏။ စာ၌ စိတ်ပါဟန်မတူ၊ တစ်ခါတစ်ခါ ကလောင်ကိုကိုင်ကာ စဉ်းစားသကဲ့သို့ နေ၏။ တစ်ခါတစ်ခါ မိမိအိတ်ထဲမှ စီးကရက်ကို ထုတ်သောက်ပြီးလျှင် ပါးစပ်မှ မီးခိုးတို့ကို မှုတ်ထုတ်၏။ ထိုမီးခိုးတို့ကို စိုက်ကြည့်ကာ တွေးတောနေ၏။ အခန်းထဲတွင် လက်ကိုနောက်ပစ်၍ အပြန်အလှန်လျှောက်နေ၏။ တံခါးပိတ်ကို မပြီးလျှင် ရှေ့သို့ လှမ်း၍ကြည့်၏။

နေပူကျဲကျဲ ကွင်းပြင်ကြီးအတွင်း၌ ပျော်ပါးစွာ အစာစားနေကြသောနွားတို့ကို မြင်ရ၏။ နွားကျောင်းသားလေး၏ ပလွေသံကြောင်တောင်တောင်ကိုကြားရ၏။ တံခါးပိတ်ကိုချကာ ပြန်၍ဝင်လာ၏။ မိမိနေရာတွင် ထိုင်၏။ စာကလေးများ ဆူညံနေသည်ကို မော့၍ကြည့်နေ၏။ နေရာမှထကာ အခန်းပတ်ဝန်းကျင်တွင် လျှောက်ပြန်၏။ နေမထိ ထိုင်မထိ ဖြစ်နေ၏။

အဘယ်ကြောင့် ဤသို့ ဖြစ်နေပါသနည်း။ အပူကြီး အပင်ကြီးများ ရှိသလော။ မိမိအလွန်ချစ်ခင်သော ရည်းစား သူတစ်ပါးနှင့်ပါသွားသောကြောင့်ပေလောစသည်ဖြင့် တွေးတောဖွယ်ရှိ၏။

မိမိနှင့် ထိမ်းမြားသည်မှာ တစ်လခွဲခန့်သာ ကြာသေးသော မိမိကြင်ရာမယားကို ဟင်္သာတမြို့၌ ထားခဲ့၍ တစ်ယောက်တည်း ဤရုံးတော်တွင် အလုပ်သင်ကြားနေရကြောင်းကိုသိလျှင် ထိုဝန်ထောက်ကလေး၏ နေမထိ ထိုင်မထိ ဖြစ်နေသည်ကို အံ့သြကြမည်လော။ ။

**၁၉၃၁ ခုနှစ်၊ (၁၉၉၀ ခုနှစ်၊ စစ်ပြန်မဂ္ဂဇင်း)**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒကိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရံစေတီ ၁ ဆူ(ပိဋကတ်သုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၃၃၃ ဆူ | ၃၈၇ ဆူ |
| ၂။ | သာသနာ့ဝိမာန်တော်(သိမ်တော်ကြီး)(၂၈၀× ၂၀၅)ပေ | ၄၀၀၀၀ | ၁ လုံး | ၁၃၀၀၀ သိန်း | ၂၇၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင် (၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၅၀ ခန်း | ၄၀၅ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(ကျောင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၃၆ တိုင် | ၁၄ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၂၂ တိုင် | ၅၈ တိုင် |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၀၄ ခု | ၅၄၈ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၃၈ ကျင်း | ၂၀၈၁. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၁၈ ကျင်း | ၂၀၀. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၁၅ ကျင်း | ၅၈၉၅. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၁၆. ၀၈ ကျင်း | ၁၂၂ ကျင်း | ၁၆၁၄. ၀၈ ကျင်း |
| ၁၄။ | မုစလိန္ဒကိုင် | ၁၀၅၁၉. ၀၀ | ၁ ကန် | ၁၅၀၀ သိန်း | ၉၀၁၉ သိန်း |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ × ၂၃၄ ပေ)၁၆၂၄. ၀၀ | | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂) စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များတွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅) သိန်း | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၅။ | ချောင်းမြောင်းမြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

## စက်မှုလယ်ယာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး
## လေလံခေါ်ယူခြင်း

၁။ စက်မှုလယ်ယာဦးစီးဌာန၊ ပင်မပစ္စည်းသိုလှောင်ရုံအဆင့်(က) ကျိုက္ကလို့ရှိ ပစ္စည်းအဟောင်းအပျက် (သံစိမ်း၊ သံကြွပ်)များအား မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်၍ တင်ဒါစည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များနှင့်ကိုက်ညီသူ မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

| စဉ် | LOT အမှတ်စဉ် | ပစ္စည်းအဟောင်းအပျက်များ |
|---|---|---|
| (၁) | Lot No(1) | ပိုက်အဟောင်း၊ ရေစုပ်စက်နှင့် ဆက်စပ်ပစ္စည်းဟောင်းများ |
| (၂) | Lot No (2) | ထွန်ယက်ရေးစက်ကိရိယာအစိတ်အပိုင်းဟောင်းများ |
| (၃) | Lot No (3) | စက်ကိရိယာအစိတ်အပိုင်းဟောင်းများ |

၂။ စက်မှုလယ်ယာဦးစီးဌာန(ရုံးချုပ်) နေပြည်တော်မှ (၂၂-၂-၂၀၂၀ရက်)နှင့် (၂၃-၂-၂၀၂၀ရက်)များတွင် ကြေးမုံနှင့် မြန်မာ့အလင်းသတင်းစာများ၌ ထည့်သွင်းကြော်ငြာခဲ့သည့် အဆိုပါတင်ဒါအား တင်ဒါပုံစံဝယ်ယူခဲ့သော လူပုဂ္ဂိုလ် (၁၂)ဦး အနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်လိုပါက သတ်မှတ်ထားသောရက်အတွင်း တိုင်းဒေသကြီးဦးစီးဌာနမှူးရုံးသို့ နိုင်ငံသားစိစစ်ရေးကတ်(မူရင်း)နှင့် လာရောက်ဆက်သွယ်ရန် အကြောင်းကြားပါသည်။

၃။ လျှောက်လွှာစတင်ရောင်းချမည့်ရက် — ၁၅-၈-၂၀၂၂ ရက်

၄။ လျှောက်လွှာပိတ်မည့်ရက်နှင့် အချိန် — ၂၆-၈-၂၀၂၂ ရက်၊ ညနေ ၄:၀၀ နာရီ

၅။ လျှောက်လွှာဝယ်ယူရမည့်နေရာ — တိုင်းဒေသကြီးဦးစီးဌာနမှူးရုံး၊ စက်မှုလယ်ယာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး၊ စိမ်းလဲ့မေလမ်းသွယ်၊ ရန်ကင်းမြို့နယ်

၆။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက စက်မှုလယ်ယာဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးဌာနမှူးရုံး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၁-၆၅၇၁၃၅ နှင့် ၀၉-၄၂၅၂၉၀၉၄၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**လေလံတင်ရောင်းချရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၄-B)၊ ကရင်ခြံရပ်ကွက်၊ အလုံလမ်း၊ ခြံအမှတ် (၈၃)၊ မြေကွက်အမှတ် (III ၁၉/က)၊ အကျယ်အဝန်း(၁.၁၆၄)ဧကရှိ ဒေါ်လွင်လွင်ဝေ (၁၂/စခန (နိုင်) ၀၂၈၈၇၄) နှင့် ဒေါ်မြင့်မြင့်သိန်း (၁၂/ဒဂန (နိုင်) ၀၂၆၇၆၂) အမည်ပေါက် နှစ်(၆၀)ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင်များဖြစ်သော ဒေါ်လွင်လွင်ဝေ နှင့် ဒေါ်မြင့်မြင့်သိန်း တို့ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန် အတွက် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက် အတွင်းလာရောက် ကန့်ကွက် နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးခင်မောင်ဦး
LL.B, D.B.L, D.I.L.,
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)
Hein Htet San Law Firm

ဒေါ်လင်းလင်းထက်
LL.B,
အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈)
၀၉ ၅၅၀ ၆၁ ၄၆ ၊ ၀၉၄၅ ၅၅၀ ၆၁၄၆

## ဦးစိုင်းပိ[၁၂/မဂတ(နိုင်)၁၆၈၂၇၇]နှင့် အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်မိတ်ဆွေဖြစ်သူ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၁၃လမ်း၊ တိုက်အမှတ် (၃၀/၈လွှာ)နေ ဒေါ်မြသန္တာလင်း [၁၂/လသန(နိုင်)၀၀၀၆၅၄]နှင့် ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၁၃လမ်း၊ တိုက်အမှတ်(၃၀/၈လွှာ)နေ ဦးစိုင်းပိ [၁၂/မဂတ(နိုင်)၁၆၈၂၇၇]တို့သည် အကြင်လင်မယားအဖြစ်မှရပ်စဲကာ (၁၂-၈-၂၀၂၂)ရက်စွဲပါ ကွာရှင်းစာချုပ်ဖြင့် အသိသက်သေများရှေ့မှောက်တွင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ နှစ်ဦးသဘောတူ လက်မှတ်ရေးထိုး၍ တရားဝင်ကွာရှင်းပြတ်စဲပြီးပြီဖြစ်ပါသည်။ ထို့အပြင် ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၁၃လမ်း၊ တိုက်အမှတ် (၃၀/၈လွှာ) တိုက်ခန်းအားလည်း ဦးစိုင်းပိမှ ဒေါ်မြသန္တာလင်းကို အပြီးအပိုင်လွှဲပြောင်းခဲ့ပြီးဖြစ်ပါ၍ ဦးစိုင်းပိနှင့် အဆိုပါ တိုက်ခန်းသည် မည်သို့သောအကြောင်းအရာနှင့်မျှ ပတ်သက်ခြင်းရှိတော့မည်မဟုတ်ကြောင်း၊ နောက်နောင် တစ်ဦး၏ကိုယ်ရေးကိုယ်တာကိစ္စဟူသမျှကို ဝင်ရောက်စွက်ဖက်ခြင်း၊ နှောင့်ယှက်ခြင်းပြုလုပ်၍ မရတော့ကြောင်းနှင့် တစ်ဦးနှင့်တစ်ဦးသည် မည်သည့်အကြောင်းကိစ္စနှင့်မျှ ပတ်သက်ဆက်နွှယ်စရာမရှိတော့ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်မြသန္တာလင်း**
**[၁၂/လသန(နိုင်)၀၀၀၆၅၄]**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဝေမျိုးသစ်**
**အထက်တန်းရှေ့နေ(LL.B)(စဉ်-၅၂၇၈၇)**
**အမှတ်(၄၂)၊ အောင်ချမ်းသာလမ်း၊ နွယ်အေး ရပ်ကွက်၊ ဒေါပုံမြို့နယ်။ Ph:09-954897395**

## မိဘအမည်မှန်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အမှတ်(၁၀)၊ အ.ထ.က ကျောင်းခွဲတွင် ပညာသင်ကြားနေသော မဝိုင်းအိန္ဒြေဦး၏ မိဘအမည်မှန်မှာ ဦးစည်သူကျော် [၁၂/သလန(နိုင်)၁၁၄၄၇၈]နှင့် ဒေါ်ဇင်ဇင်ဝင်း [၁၂/သကတ(နိုင်)၂၂၄၅၈၅]တို့ ဖြစ်ပါကြောင်း။ **ဦးစည်သူကျော်-ဒေါ်ဇင်ဇင်ဝင်း**

## မိဘမေတ္တာ

ဒဂုံမြို့သစ်ဆိပ်ကမ်း၊ အရှေ့ပိုင်း၊
တောင်ပိုင်း၊ မြောက်ပိုင်း၊
ရွှေပေါက်ကံမြို့နယ်ရှိ မြေကွက်များ
ဈေးကောင်းပေးဝယ်လိုသည်။
09 422 848 224

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ အမှတ် (၂၅၃/ခ)၊ မြေဧရိယာ (အလျား ၅၀ပေx အနံ ၁၀၀ပေ) အကျယ်အဝန်းရှိ ဘိုးဘွားပိုင်မြေနှင့် အိမ်အပါအပါဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို လက်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိသော ၁။ ဒေါ်ချိုချိုဦး [၁၂/ဒဂန(နိုင်)၀၀၇၆၈၄]၊ ၂။ ဒေါ်တင်တင်ရီ [၁၂/မရက(နိုင်)၀၅၈၆၈၀]၊ ၃။ ဦးကျော်ထွန်းအောင် [၁၂/မရက(နိုင်)၀၉၃၈၆၃]၊ ၄။ ဒေါ်မာလာညို [၁၂/သလန(နိုင်)၀၅၀၈၇၂]၊ ၅။ ဦးဇော်ထွန်းအောင် [၁၂/မရက(နိုင်)၁၉၃၀၆၂] (ဘ) ဦးမျိုးသန့်တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေသည် အပြီးအပိုင်ဝယ်ယူရန် စရန်ပေးစာချုပ်ချုပ်ဆိုခဲ့ပြီးဖြစ်ပါသည်။ အထက်ပါ ဘိုးဘွားပိုင်မြေနှင့် အိမ်အပြီးအပိုင် အရောင်းအဝယ်နှင့်စပ်လျဉ်း၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်း(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ- ဒေါ်လေးလေးထိုက် (LL.B,D.B.L,D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၉၀၇)**
**KM2 & Partners Law Firm**
**အမှတ်(၅၁၄/၅၁၈)၊ ၃-အော၊ ကုန်သည်လမ်း၊ တိုင်းရင်းမေကွန်ဒို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၃၁၃၃၃၉၈၉**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄)၊ မြေကွက်အမှတ်(၉၃၃)၊ မြေကွက်တည်နေရာအမှတ်(၉၃၃)၊ (၁၄)ရပ်ကွက်၊ ဗိုလ်မင်းခေါင်လမ်း၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (ဦးကံညွှန့်) (SGG-၁၆၆၅၁၇) အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် (ဦးကံညွှန့်) (SGG-၁၆၆၅၁၇) ထံမှ အရောင်းအဝယ်အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားသူ ဦးအောင်ကျော်ဦး [၁၀/မလမ(နိုင်)၀၀၁၄၆၁]နှင့် ဒေါ်သန္တာလွင် [၁၂/မဂတ(နိုင်)၀၀၀၅၉၄]တို့မှ ပါမစ်မူရင်းတင်ပြ၍ ဂရန်သစ်လျှောက်ထားလာခြင်းအား ကွင်းဆင်းစစ်ဆေးရာ သွပ်ကာ၊ သွပ်မိုး အဆောက်အဦတစ်လုံး ရှိပါသည်။ သို့ဖြစ်ပါ၍ ဦးအောင်ကျော်ဦး + ၁မှ ပါမစ်မူရင်းတင်ပြ၍ ဂရန်သစ်လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## "အများသိစေရန် ကြေညာခြင်း"

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ချစ်သဲဝေ[၁၂/ဒဂဆ(နိုင်)၀၁၁၁၂၂] ကိုင်ဆောင်ထားသူသည် ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ အမှတ် (၈၇)ရပ်ကွက်၊ မေတ္တာလမ်းရှိ မြေကွက်အမှတ်(၃၆၆/ခ)၊ (၁၀'x၆၀')နှင့် ယင်းမြေပေါ်ရှိ အဆောက်အဦနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားခဲ့ပါသည်။ အဆိုပါမြေကွက်နှင့် ပတ်သက်သည့် မြေချပါမစ်နှင့် ဆက်စပ်စာချုပ်စာရွက်စာတမ်းများအား (၁၀-၄-၂၀၂၂) ရက်နေ့တွင် ပျောက်ဆုံးသွားခဲ့ပါသည်။ သို့ဖြစ်ပါ၍ ဖော်ပြပါမြေကွက်နှင့် ပတ်သက် ပြီး ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ချစ်သဲဝေသာလျှင် ပိုင်ရှင်အစစ်အမှန်ဖြစ်ပြီး၊ ၎င်း၏ခွင့်ပြုချက်သဘောတူညီမှုမပါရှိဘဲ (ပေါင်နှံ/ရောင်းဝယ်) ခြင်းများ မပြုလုပ်ကြပါရန်နှင့် ပြုလုပ်ဆောင်ရွက်ထားခြင်းများ သိရှိပေါ်ပေါက်လာပါ က တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စန်းမြမြဝင်း(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၂၄၄၅၁)**
**ဖုန်း-၀၉-၂၅၄၄၇၅၇၁၉**

## သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန
## ရန်ကုန်နည်းပညာတက္ကသိုလ်
## ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွက်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန၊ ရန်ကုန်နည်းပညာတက္ကသိုလ်အတွက် လိုအပ်သော သင်ကြားရေးသုံး သင်ထောက်ကူ စက်ပစ္စည်း(၁၂၃)မျိုး၊ ရုံးသုံးစက်ကိရိယာ(၁၂)မျိုး၊ ပရိဘောဂ(၆)မျိုးအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ Open Tender ပုံစံများကို (၁၅-၈-၂၀၂၂)ရက်မှ (၂၉-၈-၂၀၂၂)ရက်အထိ ရုံးချိန်အတွင်း ရန်ကုန်နည်းပညာတက္ကသိုလ်၊ ကြို့ကုန်း၊ အင်းစိန်မြို့နယ် ငွေစာရင်းဌာနတွင် ရောင်းချပေးသွားမည်ဖြစ်ပြီး (၂၉-၈-၂၀၂၂)ရက် ညနေ(၄:၃၀)နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပါသည်။ တင်ဒါဖွင့်ဖောက်မည့်ရက်အား ကြိုတင်အကြောင်းကြားမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၉-၅၀၃၃၆၂၊ ၀၉-၇၉၅၅၆၀၃၈၄ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**ရန်ကုန်နည်းပညာတက္ကသိုလ်**

## ပွဲရုံအဆောက်အအုံအမြန်ရောင်းမည်

အင်းစိန်မြို့နယ်၊ တညင်းကုန်းလက္ကားဈေးကြီး(တညင်းကုန်းသစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်နှင့် ပန်းမာန်လက္ကားဈေးကြီး)၊ ရွှေပြည်သာတံတားလမ်းနှင့် ပုလဲလမ်းထောင့်၊ (၃)ထပ်ခွဲ၊ တစ်ခြမ်းရောင်းမည်။

**စီးပွားရေးရင်းနှီးမြှုပ်နှံလိုသူများအမြန်ဆက်သွယ်ပါ၊**

ဆက်သွယ်ရန်ဖုန်း-၀၉-၅၀၀၀၆၇၃၊ ၀၉-၄၂၈၆၂၄၃၆၃

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၅၅

ဦးစိုးမြင့် နှင့် ၁။ ဦးဝင်းအောင်
၂။ ဒေါ်အိမ္မွန်ဝင်း

(တရားလို) (တရားပြိုင်များ)

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ အလောင်းဘုရားလမ်း၊ အမှတ်(၁၆/၂၁၃)နေ အမှတ်(၂) တရားပြိုင် ဒေါ်အိမ္မွန်ဝင်း(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက "ပဋိညာဉ်အတိုင်း မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု"ကို လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ (၂၆)ရက်(၁၃၈၄ ခုနှစ်၊ တော်သလင်းလဆန်း ၁ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ်၊ ဩဂုတ်လ (၁၂)ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(စိုးဝင်း)**
**တွဲဖက်ခရိုင်တရားသူကြီး(၂)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

## "ကန့်ကွက်နိုင်ပါကြောင်း" အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ (၁၃၇)ရပ်ကွက်၊ မောရဝတီလမ်း၊ အမှတ်(၇၅၉)၊ (အလျား ၄၀ ပေ x အနံ၆၀ပေ) ဧရိယာအကျယ်အဝန်း (၀.၀၅၅)ဧက၊ စတုရန်းပေ(၂၄၀၀) အကျယ်ကို ရန်ကုန်မြို့၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန (မြေနှင့်အခွန်ဌာနခွဲ)တွင် ဦးခင်မောင်ဝင်း [၁၂/သဃက(နိုင်)၀၁၁၀၁၈] အမည်ရှိ ပါမစ်မြေကွက်၏ (ခြေရင်းဘက်အခြမ်း)၊ လမ်းနှင့်ကပ်လျက်ထောင့်ကွက် (အလျား ၂၀ပေx အနံ ၆၀ပေ)၊ ဧရိယာ (၀.၀၂၇၅)ဧက၊ စတုရန်းပေ(၁၂၀၀)အကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားပြီး တရားဝင် ရောင်းချပိုင်ခွင့်ရှိသူဟုဆိုလာသူ ဦးမြင့်သူ [၈/၇စက(နိုင်)၁၁၉၉၅၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဌေးဝင်း [၁၂/လကန(နိုင်)၁၂၅၉၅၈]က အပြီးအပိုင်ဝယ်ယူရန် အရောင်းအဝယ် ပြုလုပ်ထားသည့် တန်ဖိုးငွေများ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း တိကျခိုင်လုံသော မူရင်းအထောက်အထားများဖြင့် ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်အောင် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၂၂၅၅၅)**
**အမှတ်(၁၆၄၃)၊ သိပ္ပံမောင်ဝလမ်း၊ ၄၂-ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၀၅၀၆၀၄၃**

## အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
## ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန
## နေပြည်တော်
## အလုပ်လျှောက်လွှာခေါ်ယူခြင်း

၁။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ အမှုထမ်းရာထူးများအတွက် သတ်မှတ်ထားသော အရည်အချင်းပြည့်မီသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | ခန့်ထားမည့် ရာထူး/ လစာနှုန်း(ကျပ်) | ခန့်ထားမည့် ဦးရေ | ပညာအရည်အချင်း |
|---|---|---|---|
| က | ပစ္စည်းထိန်း(၂) ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | (၁) နေရာ (ကျား) | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူ |
| ခ | သိုလှောင်ရုံမှူး(၂) ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | (၃) နေရာ (ကျား) | တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိသူ |
| ဂ | ကွန်ပျူတာလုပ်ဆောင်ရေးမှူး ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | (၃) နေရာ (ကျား/မ) | ကွန်ပျူတာတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူ |
| ဃ | စစ်ဆေးရေးမှူး(၂) ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | (၃) နေရာ (ကျား/မ) | အင်ဂျင်နီယာဘွဲ့ရရှိသူ B.E(Mechanical, Electrical, Electronics, Mechatronic, IT) |
| င | အငယ်တန်းစာရေး ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | (၂) နေရာ (ကျား/မ) | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူ |
| စ | စိစစ်ရေးမှူး(၅) ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ | (၂) နေရာ (ကျား/မ) | တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူ |
| ဆ | ယာဉ်မောင်း(၅) ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ | (၆) နေရာ (ကျား) | အခြေခံပညာအလယ်တန်း အဆင့်ဖြစ်ပြီး အနိမ့်ဆုံး ယာဉ်မောင်း(ခ) လိုင်စင်ရှိရမည်။ |
| ဇ | ရုံးအကူ ၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀ | (၁)နေရာ (ကျား/မ) | အခြေခံပညာအလယ်တန်း အဆင့်ရှိသူ |

၂။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်၊

(ခ) ၁-၉-၂၀၂၂ရက်တွင် ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက အသက် ၃၀နှစ်၊ ဝန်ထမ်းဖြစ်ပါက အသက် ၃၅နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်၊

(ဂ) ရွေးချယ်ရာတွင် ကွန်ပျူတာကျွမ်းကျင်စွာအသုံးပြုနိုင်သူ ဦးစားပေးမည်၊ (ယာဉ်မောင်း-၅ရာထူးလျှောက်ထားသူများမပါ)

(ဃ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်၊

(င) ရွေးချယ်ခြင်းခံရပါက ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေး ဦးစီးဌာနတွင် အနည်းဆုံး (၃)နှစ် တာဝန်ထမ်းဆောင်နိုင်ရမည်။

၃။ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့်သာ လျှောက်ထားရမည်။ သတ်မှတ်လျှောက်လွှာပုံစံကို ဤဝန်ကြီးဌာန၏ Website ဖြစ်သည့် **www.mopf.gov.mm** တွင် Download ရယူ၍ လည်းကောင်း၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ် (၃၂-D)၊ နေပြည်တော်နှင့် သဇင်ရုံလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်ရှိ ပစ္စည်းထိန်းဌာနခွဲ (ရန်ကုန်)ရုံးတို့တွင် ရုံးချိန်အတွင်း အခမဲ့ လာရောက်ထုတ်ယူ၍လည်းကောင်း လျှောက်ထားနိုင်ပါသည်။

၄။ လျှောက်ထားသူသည် လျှောက်လွှာနှင့်အတူ အောက်ပါအထောက်အထားများ ပူးတွဲလျက် ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ်(၃၂-D)၊ နေပြည်တော်သို့ ပေးပို့ရမည်-

(က) ငွေသွင်းချလန်(မူရင်း)၊

(ခ) ဘွဲ့လက်မှတ်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်၊ စာမေးပွဲဖြေဆိုသည့်အခါ ဘွဲ့လက်မှတ်မူရင်း တင်ပြရန်)၊

(ဂ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ (သို့မဟုတ်) နောက်ဆုံးပညာသင်ကြားခဲ့သည့် ကျောင်းထောက်ခံချက်၊

(ဃ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊

(င) သက်ဆိုင်ရာရပ်ကွက်နှင့် ရဲစခန်းတို့မှ လျှောက်လွှာပိတ်ရက်မတိုင်မီ (၁)လအတွင်း အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်(မူရင်း)၊

(စ) လျှောက်လွှာပိတ်ရက်မတိုင်မီ (၁)လအတွင်း ရိုက်ကူးထားသော ရောင်စုံလိုင်စင်ဓာတ်ပုံ (၃)ပုံ (နောက်ကျောတွင် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ဖော်ပြရန်)

(ဆ) ဝန်ထမ်းမဟုတ်သူများအတွက် သက်တမ်းရှိသော အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ(ဖြေဆိုခွင့်ကတ်ပြားထုတ်ယူချိန်တွင် မူရင်းတင်ပြရန်)၊

(ဇ) ကျန်းမာရေးကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ် ဆရာဝန်၏ (၁)လအတွင်း ဆေးစစ်ထောက်ခံချက်မူရင်း။

၅။ စာမေးပွဲဝင်ကြေး ကျပ်(၁၀၀၀/-)(ကျပ်တစ်ထောင်တိတိ)ကို နီးစပ်ရာ မြန်မာ့စီးပွားရေးဘဏ်မှတစ်ဆင့် နေပြည်တော်၊ မြန်မာ့စီးပွားရေးဘဏ်ရှိ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ ငွေစာရင်းအမှတ်၊ MD-010970သို့ ပေးသွင်းရပါမည်။

၆။ ဝန်ထမ်းမဟုတ်သူများသည် လျှောက်လွှာများကို ညွှန်ကြားရေးမှူးချုပ်၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ်(၃၂-D)၊ နေပြည်တော်သို့ လိပ်မူပြီး လူကိုယ်တိုင်သော်လည်းကောင်း၊ စာတိုက်မှ မှတ်ပုံတင်၍သော်လည်းကောင်း ၉-၉-၂၀၂၂ရက် (သောကြာနေ့)အရောက် နောက်ဆုံးထား၍ လျှောက်ထားရမည်။ လျှောက်လွှာပိတ်ရက်ထက် ကျော်လွန်ပေးပို့လာသော လျှောက်လွှာများ၊ အချက်အလက် မပြည့်စုံသော လျှောက်လွှာများ၊ သတ်မှတ်အရည်အချင်းနှင့် မကိုက်ညီသူများကို လက်ခံထည့်သွင်း စဉ်းစားမည် မဟုတ်ပါ။

၇။ ဝန်ထမ်းဖြစ်ပါက အပိုဒ်(၄)ပါ အထောက်အထားများပါရှိသော လျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်နေသည့် ဌာနအကြီးအကဲထောက်ခံချက်ဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနမှတစ်ဆင့် ဤဦးစီးဌာနသို့ ၉-၉-၂၀၂၂ရက်(သောကြာနေ့) နောက်ဆုံးထား ပေးပို့ရန်ဖြစ်ပြီး၊ ကြိုတင်လျှောက်လွှာ မိတ္တူ (၁)စောင်ကို ဤဦးစီးဌာနသို့ တိုက်ရိုက်ပေးပို့ရန်ဖြစ်ပါသည်။

၈။ ဖြေဆိုခွင့်ကတ်ပြားကို ၁၅-၉-၂၀၂၂ရက် (ကြာသပတေးနေ့)မှ ၁၆-၉-၂၀၂၂ရက် (သောကြာနေ့)အထိ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ် (၃၂-D)၊ နေပြည်တော်တွင် လာရောက်ထုတ်ယူရမည်ဖြစ်ပြီး ရေးဖြေစာမေးပွဲကို ၁၇-၉-၂၀၂၂ရက်(စနေနေ့)တွင် နေပြည်တော်၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ ဖြေဆိုရမည့် ရေးဖြေစာမေးပွဲ ဘာသာရပ်များမှာ မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေ ဗဟုသုတတို့ဖြစ်ပြီး ယာဉ်မောင်း-၅ရာထူးနှင့် ရုံးအကူရာထူးနေရာများအတွက် လူတွေ့အရည်အချင်း စစ်ဆေးခြင်းသာ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၉။ ရေးဖြေစာမေးပွဲ အောင်မြင်သူများ၏ အမည်စာရင်းနှင့် လူတွေ့စစ်ဆေးခြင်း၊ ကွန်ပျူတာစစ်ဆေးခြင်း ပြုလုပ်မည့်ရက်ကို **www.mopf.gov.mm Website** တွင် ထုတ်ပြန်ကြေညာသွားမည် ဖြစ်ပါသည်။

၁၀။ အသေးစိတ်သိရှိလိုပါက ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ် (၃၂-D)၊ နေပြည်တော်၊ တယ်လီဖုန်းအမှတ်-၀၆၇-၃၄၀၆၃၂၂၊ ၀၆၇-၃၄၀၆၁၁၆၊ ၀၆၇-၃၄၀၆၀၈၈ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တိုင်းရင်းသားလူမျိုးစုများစွာ မှီတင်းနေထိုင်လျက်ရှိသည့် မိမိတို့နိုင်ငံအတွက် အချင်းချင်း သွေးစည်းညီညွတ်မှုရှိမှသာ ပြည်ထောင်စုကြီး မပြိုကွဲဘဲ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲမည်ဆိုသည်ကို အတိတ်သမိုင်းမှ သင်ခန်းစာရရှိခဲ့ပြီး ဖြစ်ပါသည်။ အနာဂတ်တွင်လည်း အလားတူပင် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ကျစ်လျစ်ခိုင်မာသည့် ညီညွတ်သော စုပေါင်းအားကို ဆက်လက်ကြိုးပမ်းတည်ဆောက်သွားကြရမည် ဖြစ်ပါသည်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်၏ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင်ကျရောက်သော (၇၄)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်) ၁၂-၂-၂၀၂၁

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)ပါ အတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကြောင့် ရုပ်သေးပညာရှင် မျိုးဆက်သစ်ပေါင်းများစွာကို လက်ဆင့်ကမ်း မွေးထုတ်ပေးနိုင် နိုင်ငံတကာစိတ်ဝင်စားမှုနှင့်အတူ နိုင်ငံခြားဝင်ငွေရှာဖွေနိုင်သည့် အတိုင်းအတာတစ်ခုအထိ ထိုးဖောက်နိုင်ခဲ့ပြီဖြစ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် ဩဂုတ် ၁၂

(၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ယဉ်ကျေးမှု ရတနာခန်းမ၌ ကျင်းပရာ (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ဦးစီးကော်မတီနှင့် **စာမျက်နှာ ၅ ကော်လံ ၁ သို့ ❖**

## မြန်မာ့လက်ရွေးစင် ကွင်းလယ်ကစားသမား လွင်မိုးအောင် ထိုင်းလိဂ်-၂ ကလပ်သို့ ပြောင်းရွှေ့

ရန်ကုန် ဩဂုတ် ၁၂

မြန်မာ့လက်ရွေးစင် ကွင်းလယ်ကစားသမား လွင်မိုးအောင်သည် ထိုင်းလိဂ်-၂ ကလပ် Rayong အသင်းသို့ ပြောင်းရွှေ့သွားပြီဖြစ်သည်။

လွင်မိုးအောင်သည် ပြီးခဲ့သည့်ရက်ပိုင်းက Rayong အသင်းနှင့် အပြီးသတ်စာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်ပြီး စာချုပ်သက်တမ်းမှာ တစ်နှစ်ဖြစ်ကြောင်း သိရသည်။ လွင်မိုးအောင်သည် ပထမဆုံးအကြိမ် ပြည်ပကလပ်တွင် သွားရောက်ကစားခြင်းဖြစ်ပြီး ကမ်းလှမ်းမှုရရှိသည့် ထိုင်းကလပ်များအနက် Rayong အသင်းကို ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ **စာမျက်နှာ ၁၆ ကော်လံ ၁ သို့ ❂**

## CDM ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် လူငယ်လူရွယ်များ အနေဖြင့် ကြိုဆိုရေးစခန်းများ၊ နီးစပ်ရာ လုံခြုံရေးစခန်းများအပြင် နီးစပ်ရာ မြို့နယ်များရှိ မြို့နယ်ကြက်ခြေနီအသင်း၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်လူမှုဝန်ထမ်းရုံးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တရားဝင်အသိအမှတ်ပြုထားသည့် လူမှုကယ်ဆယ်ရေး အသင်းအဖွဲ့အသီးသီးသို့လည်း ဆက်သွယ်ဆောင်ရွက်နိုင်

နေပြည်တော် ဩဂုတ် ၁၂

နယ်စပ်ဒေသအသီးသီးနှင့် အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအတွင်းသို့ ရောက်ရှိနေသည့် CDM ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် လူငယ်လူရွယ်များအား နယ်စပ်ကြိုဆိုရေးစခန်းအသီးသီးနှင့် နီးစပ်ရာ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းအသီးသီးသို့ဆက်သွယ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ကြောင်းနှင့် ယင်းသို့သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က အသိပေးထုတ်ပြန်ထားရှိပြီးဖြစ်ပါသည်။ **စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ✳**


ယနေ့ ဖတ်စရာ

**မဲခေါင်ဒေသ ခရီးသွားလုပ်ငန်းဆွေးနွေးပွဲ ဗီယက်နမ်နိုင်ငံ၌ ကျင်းပမည်** စာမျက်နှာ » ၁၃

**ဓာတ်ခွဲနမူနာစုစုပေါင်း ၅၆၇၄ ခု စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၈ ဦး တွေ့ရှိ** စာမျက်နှာ » ၁၇

**လေ့လာစရာ အင်္ဂလိပ်စာ** စာမျက်နှာ » ၁၈၊ ၁၉

သိပ္ပံမောင်ဝ၏ ဝတ္ထုတို

**ရုံးတော်** စာမျက်နှာ » ၂၀